# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ ရက်(?)


အနာဂတ်လာ စ ကမ္ဘာ မင်္ဂလာ

အနှောင့်အယှက်မရှိသော အမှုတို့ကိုပြုလုပ်ခြင်းသည် ကောင်းမြတ်သောမင်္ဂလာမည်၏။

# သဘာဝဘေးအန္တရာယ်ကို တားဆီး၍မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုများဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်



**နေပြည်တော် ဇူလိုင် ၂၀**

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် အစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇူလိုင် ၁၆ ရက်ကစတင်၍ တစ်နိုင်ငံလုံးတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပွားခဲ့ပြီး ကားလမ်း၊ ရထားလမ်းနှင့် တံတားများ၊ စိုက်ခင်းများနှင့်လူနေအိမ်အချို့ ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပါကြောင်း၊ အဆက်မပြတ်မိုးရွာသွန်းလျက်ရှိသဖြင့် နိုင်ငံနေရာအနှံ့အပြားတွင် ရေကြီးနစ်မြုပ်မှုများ ဆက်လက်ဖြစ်ပေါ်ပြီး *စာမျက်နှာ ၈ ကော်လံ ၁* ✳

- ယခုကဲ့သို့ ရေဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အင်တိုက်အားတိုက်ဖြင့် ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်၊
- ရေတိုလုပ်ဆောင်ပေးရမည့်လုပ်ငန်းနှင့် ရေရှည်လုပ်ဆောင်ပေးရမည့်လုပ်ငန်းများကို အချိတ်အဆက် မိမိဖြင့် စနစ်တကျ စီမံဆောင်ရွက်သွားကြရန် လိုအပ်




# မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

## မုန်တိုင်းအန္တရာယ် ကြိုတင်ကာကွယ်

ရာသီဥတုပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့တစ်ဝန်း မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ် ကျရောက်မှုများမှာလည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို သတိပြုမိပါသည်။ မုန်တိုင်းများ ကျရောက်ခြင်း၊ ရေကြီး၊ ရေလျှံမှုများဖြစ်ခြင်း၊ မြေငလျင်လှုပ်ခြင်းစသော သဘာဝဘေးအန္တရာယ်ကျရောက်မှုများ ပိုမိုတိုးလာခြင်းဖြစ်ပါသည်။ ဤသို့သဘာဝဘေးအန္တရာယ်များ ကျရောက်လျက်ရှိရာတွင် ကြိုတင်ကာကွယ်နိုင်မှုသည် အရေးကြီးသောအပိုင်းဖြစ်ပါသည်။

ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားခြင်းဖြင့် ဘေးအန္တရာယ်ကျရောက်မှု လျော့ပါးသက်သာစေနိုင်မည်ဖြစ်သော်လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားခြင်းမရှိပါက ပျက်စီးဆုံးရှုံးမှုများ ပို၍များပြားနိုင်ပါသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်ခြင်းသည် ပျက်စီးဆုံးရှုံးမှုများ နည်းပါးသက်သာစေနိုင်မည်ဖြစ်ပါသည်။

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ကမ္ဘာ့နိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီက ဦးဆောင်ကာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်အထိ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့များ၊ ကော်မတီများကို ဖွဲ့စည်းကာ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် မြန်မာနိုင်ငံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး ယင်းဥပဒေတွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေအများဆုံးဖြစ်ကြသည့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများ၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များအား ဦးစားပေးကူညီစောင့်ရှောက်ရမည်ဟု ထည့်သွင်းရေးဆွဲ ပြဋ္ဌာန်းထားပါသည်။

လက်ရှိအချိန်သည် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် တဖြည်းဖြည်း အားကောင်းလာလျက်ရှိပါသည်။ မြန်မာနိုင်ငံအတွင်းဝင်ရောက်နိုင်ဖွယ်မရှိသော်လည်း မုန်တိုင်း၏ အရှိန်အဟုန်ကြောင့် မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နိုင်ပါသည်။ ရေကြီး၊ ရေလွှမ်းမှုများဖြစ်နိုင်ပါသည်။ မုန်တိုင်းနှင့်ပတ်သက်၍ ရှောင်ရန်ဆောင်ရန်အချက်များလိုက်နာဆောင်ရွက်သင့်ပေသည်။ အထူးသဖြင့် သတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ အချိန်နှင့်တစ်ပြေးညီထုတ်လွှင့်ပေးနေသော ရှောင်ရန်၊ ဆောင်ရန်အချက်များ အထူးသတိပြုလိုက်နာ ဆောင်ရွက်သင့်ပါသည်။

သို့ဖြစ်၍ မုန်တိုင်းအန္တရာယ်ကျရောက်လာနိုင်သည့် အနေအထားတွင် ကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်း လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်ပေကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

# ပုံနှိပ်သူထုတ်ဝေသူများနှင့် တွေ့ဆုံရှင်းလင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်ထုတ်ဝေသူများက နိုင်ငံအတွင်း ပုံနှိပ်ထုတ်ဝေသည့် ထုတ်ဝေစာလေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document တို့ကို ဝန်ကြီးဌာနသို့ ပေးအပ်ရသည့် ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီက အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗဟိုပုံနှိပ်စက်ရုံအစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံပုံနှိပ်သူနှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းတို့မှ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ စာပေဆိုင်ရာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူများ တက်ရောက်ကြသည်။



အဆိုပါ ရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၃) ဖြင့် ၂၀၁၄ ခုနှစ် မတ် ၁၄ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင်ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ဥပဒေအခန်း(၅)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)အရ ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေခြင်းဖြစ်ပါက ပုံနှိပ်သူသည် ယင်းပုံနှိပ်သောမည်သည့် ထုတ်ဝေစာကိုမဆို မှတ်ပုံတင်စာရင်းရေးသွင်းခြင်းနှင့် မူပိုင်ခွင့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ (က) အရ ဥပဒေပုဒ်မ ၁၁ ၊ ပုဒ်မခွဲ(ခ)အရ မည်သည့်ထုတ်ဝေစာကိုမဆို ထုတ်ဝေသူသည် အဆိုပါ ထုတ်ဝေစာ လေးအုပ် သို့မဟုတ် လေးစောင်နှင့် Electronic Document များကို ဖြန့်ချိသည့် နေ့ရက်မှစ၍ ခုနစ်ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ (၁၁)ဖြင့် ဝန်ကြီးဌာနသို့ ပေးအပ်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ပုံနှိပ်သူနှင့် ထုတ်ဝေသူများသည် စာအုပ်စာစောင်များ ထုတ်ဝေပြီးသော်လည်း နည်းဥပဒေနှင့်အညီ ၁၄ ရက်အတွင်း စာအုပ်စာစောင်လေးအုပ်နှင့် Electronic Document တို့ကို ပေးအပ်ရန် ပျက်ကွက်လျက်ရှိသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ အပတ်စဉ် စာအုပ်စာစောင်ထွက်ရှိမှုကို စိစစ်ပြီးပေးအပ်ရန် တိုက်တွန်းအကြောင်းကြားနေရပါကြောင်း၊ ထို့ကြောင့် နည်းဥပဒေနှင့်အညီ သတ်မှတ်ရက်အတွင်း လာရောက်ပေးအပ်ကြရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း လာရောက်အပ်နှံသည့် Electronic Document များကို လုံခြုံစွာထိန်းသိမ်းထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနကလည်း ထုတ်ဝေစာများကို မှတ်တမ်းတင်ထိန်းသိမ်းထားရှိပြီး Electronic Document များကို နည်းပညာလုံခြုံရေးစနစ်ဖြင့် ရေရှည်ထိန်းသိမ်းဆောင်ရွက်နိုင်ရန် Information Matrix ကုမ္ပဏီနှင့် လုပ်ငန်းအပ်နှံဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်ပြီး Information Matrix ကုမ္ပဏီမှ ဒုတိယအထွေထွေမန်နေဂျာ ဦးကျော်စိုးမင်းက Electronic Document များကို Server ဖြင့် သိမ်းဆည်းရာတွင် တိကျကောင်းမွန်ပြီး စိတ်ချရသော လုံခြုံရေးစနစ်များ ထည့်သွင်း၍ Software ရေးဆွဲထားမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

(သတင်းစဉ်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း  ၃၀-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၈၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၈၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၁၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၃၈ |
| ဥရောပ | တစ်ယူရို | ၁၃၇၃.၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၄.၉ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၃၄ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၃၀ |
| တရုတ် | တစ်ယွမ် | ၁၉၉.၃၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၄.၅၉ |

ခင်ရတနာ-စုစည်းသည်။

# မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံအမတ်ကြီး မစ္စတာ သီယရီမာသူအား ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာလာမှု၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာနိုင်ငံ၏ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူပြုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်၍ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲ ကျင်းပပေးသွားမည်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် အာရှလူမှုအဖွဲ့ အစည်းဆိုင်ရာ မူဝါဒအဖွဲ့ဥက္ကဋ္ဌ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း Mr. Kevin Rudd နှင့်အဖွဲ့သည် ဇူလိုင် ၂၈ ရက် ညနေ ၃ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံစဉ် Mr. Kevin Rudd က မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်ချက်များကို အသိအမှတ်ပြုခဲ့ကြောင်းနှင့် ဆောင်ရွက်ချက်များအပေါ် လက်တွေ့ကျကျ ကူညီဆောင်ရွက်လိုပါကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့် အခြေခံမဲစာရင်းပြုစုကြေညာခြင်း၊ မဲရုံအရေအတွက်၊ မဲရုံဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးခြင်း၊ မဲဆန္ဒရှင်များ မဲပေးမည့် အခြေအနေတို့နှင့် ပတ်သက်၍ မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စပ်လျဉ်း၍ မဲစာရင်းအမှန် ရရှိရေးအတွက် ကြိုတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းလာရောက်ကြည့်ရှု၍ အမှားများကို ပြင်ဆင်ခြင်းဖြင့် အမှန်ရရှိမည်ဖြစ်ကြောင်း၊ နောက်ဆုံးအကြိမ် မဲစာရင်းကပ်သည့်အခါတွင် မဲစာရင်းပြင်ပေးရန်တောင်းဆိုခြင်းကို ၁၄ ရက် ခွင့်ပြုပေးသွားမည် ဖြစ်ကြောင်း၊ မဲဆန္ဒရှင်၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ မဲစာရင်းအမှန်ရရှိမည်ဖြစ်ပြီး နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက်လည်း မှန်ကန်သောမဲစာရင်း တစ်ခုရှိနေမည်ဖြစ်ကြောင်း၊ မဲစာရင်းမှားရုံဖြင့် မဲပေးခွင့်မဆုံးရှုံးကြောင်း၊ မဲပေးခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀ (ဂ) တွင် အတိအလင်းပြဋ္ဌာန်းထားပါကြောင်း၊ မဲဆန္ဒရှင်များ မဲပေးနိုင်ရေးအတွက်လည်း မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ပေးရန် အစီအစဉ်ရှိကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၂၀၁၀ ရွေးကောက်ပွဲ၌ မဲပေးခဲ့သည့် မဲဆန္ဒရှင် ၇၂ ရာခိုင်နှုန်းထက် ကျော်လွန်မဲပေးမည်ဟု မျှော်မှန်းပါကြောင်း၊ တစ်နိုင်ငံလုံးတွင် မဲရုံအရေအတွက် ၄၀၀၀၀ ကျော်ရှိမည်ဟု ခန့်မှန်းပါကြောင်း၊ မဲရုံဝန်ထမ်း ခြောက်သိန်းခန့်ကို လေ့ကျင့်သင်ကြားပေးရန်အတွက် လက်စွဲစာစောင်များ၊ သင်ကြားရေး အထောက်အကူပြုဗီဒီယိုများ ပြုစုထားပြီးဖြစ်ကြောင်း၊ ခိုင်လုံမဲဖြစ်စေရေးနှင့် ပယ်မဲမဖြစ်စေရေးအတွက် ပညာပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးကော်မတီအဆင့်ဆင့်နှင့် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၊ ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်၍ လွတ်လပ်မျှတသည့် ရွေးကောက်ပွဲအဖြစ် ကျင်းပပေးသွားမည်ဖြစ်ပြီး Observer အဖွဲ့များ၏ အစီရင်ခံစာများမှ သင်ခန်းစာယူစရာများကို နောင်လာမည့်ရွေးကောက်ပွဲများအတွက် သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သံအမတ်ကြီး ဦးကိုကိုလတ်အား အိုမန်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကိုကိုလတ်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် အိုမန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

# မစ္စတာ ကာရယ် ဂျိုဟန်းစ်နက် ဟာတော့ဂ်ျအား နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇူလိုင် ၃၀**

မစ္စတာ ကာရယ် ဂျိုဟန်းစ်နက် ဟာတော့ဂ်ျအား ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နယ်သာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

မစ္စတာ ကာရယ် ဂျိုဟန်းစ်နက် ဟာတော့ဂ်ျအား ၁၉၅၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ ဗမ် မာလန် လစ်စီယွန်ကျောင်းမှ အထက်တန်း ဒီပလိုမာလက်မှတ် ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်တွင် အမ်စတာဒမ်တက္ကသိုလ်တွင် အပြည်ပြည်ဆိုင်ရာဥပဒေကို အထူးပြုသင်ကြားခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ဥပဒေမဟာဘွဲ့ကို ရရှိခဲ့သည်။ ၁၉၈၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ နယ်သာလန်နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပဌာနတွင် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၉ ခုနှစ်အထိ စီးပွားရေးဝန်ကြီးဌာနလက်အောက်ရှိ ဥရောပသမဂ္ဂဌာန၊ ပို့ကုန်ထိန်းချုပ်ရေးဌာန၊ မဟာဗျူဟာရေးရာဌာနတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားကုန်သွယ်ရေးဆိုင်ရာဝန်ကြီး၏ အတွင်းရေးမှူးအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နိုင်ငံခြားရေးဝန်ကြီးဌာန၊ တောင်အာဖရိကဌာနတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး၏ ကိုယ်ရေးအတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဗန်ကောက်မြို့ နယ်သာလန်သံရုံးတွင် ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော နယ်သာလန်သံအမတ်ကြီးအဖြစ် တာဝန်မထမ်းဆောင်မီအချိန်ထိ အာရှဌာနတွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး တွံတေးမြို့၌ ယနေ့ယှဉ်ပြိုင်ထိုးသတ်မည်

**တွံတေး ဇူလိုင် ၃၀**

မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး Naing moe Entertainment က တာဝန်ယူစီစဉ်သည့် နှစ်စဉ် အစဉ်အလာမပျက် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီးကို တွံတေးမြို့ အောင်ဆန်းသူရိယခန်းမ၌ ယနေ့မွန်းတည့် ၁၂ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"ကျွန်တော်တို့ ဒီပွဲကို နှစ်စဉ်တိုင်းနီးပါး ကျင်းပခဲ့ပါတယ်။ ဒီလိုယဉ်ကျေးမှုဘုရားပွဲတွေကနေ မြန်မာ့ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံတွေကို မွေးထုတ်ပေးခဲ့တာပါ။ ပြောရရင် တွံတေးမြို့ဟာ ရိုးရာလက်ဝှေ့လောကသားများထွန်းကားရာ မြို့လို့တောင် ပြောလို့ရပါတယ်။ ဒီပွဲမှာ နယ်ခံလက်ဝှေ့ကျော် မျိုးဆက်သစ်တွေရဲ့ သုံးချီ၊ လေးချီပွဲတွေကိုလည်း ထည့်သွင်းပေးထားပါတယ်"ဟု ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရိုးရာလက်ဝှေ့ အစဉ်အလာကြီးမားခဲ့ပြီး မြန်မာပြည်ရွှေခါးပတ်ချန်ပီယံ အများဆုံးပေါ်ထွန်းခဲ့သည့် တွံတေးမြို့၏ ရိုးရာလက်ဝှေ့နောက်ခံသမိုင်းသည် ဖျောက်ဖျက်လို့မရနိုင်သည်ကို မြန်မာ့လက်ဝှေ့လောကသားတိုင်း သိရှိကြသည်။ တွံတေးမြို့ ကျက်သရေဆောင် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ဒုတိယဝါဆိုလပြည့်နေ့ (ဓမ္မစကြာနေ့) အခါသမယတွင် ယခုလို ရိုးရာလက်ဝှေ့ပွဲများကို စဉ်ဆက်မပြတ် ထည့်သွင်းပြုလုပ်လေ့ရှိသည်။

တွံတေးမြို့၌ ယနေ့ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများမှာ ရန်နိုင်အောင်(ဝါဆို)နှင့် စောအယ်လေး (ထော့မဲပါ)၊ နေရူဘီ(အဖြူရောင်သွေးသစ်)နှင့် နိုင်ဗိုလ်(T&T)၊ စောဖြိုးဝေ(အဖြူရောင်သွေးသစ်) နှင့် ကျော်ဝင်းအောင် (T & T)၊ ထယ်ကြီး ( STL) နှင့် စောရာဇာ(ဝါဆို)၊ စောမိုက်မိုက် (STL) နှင့် သိန်းစိုး (T &T) တို့အပြင် နယ်ခံလက်ဝှေ့ကျော်များ၏ အထူးစိန်ခေါ်ပွဲ သုံးချီ၊ လေးချီပွဲများလည်း ပါဝင်ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။ ရုံဝင်ကြေးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ နှုန်း သတ်မှတ်ထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**



## မက္ကဆီကို၌ ထရပ်ကားတစ်စီးက ဘုရားဖူးသူများအားဝင်တိုက် ၁၆ ဦးသေ၊ ၃၀ ကျော်ဒဏ်ရာရရှိ

**မက္ကဆီကိုစီးတီး ဇူလိုင် ၃၀**

မက္ကဆီကိုအလယ်ပိုင်း၌ ထရပ်ကားတစ်စီး ဘရိတ်ပေါက်ပြီး ဘုရားဖူးသူများကို ဝင်တိုက်ခဲ့ရာ ၁၆ ဦးထက်မနည်း သေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

နေ့လယ်ပိုင်းက ဇာကာတီကတ်စ်ပြည်နယ် မာဇာပီမြို့တော် လမ်းကြီးပေါ်တွင် ဘုရားဖူးသူပေါင်း ၂၀၀ ခန့် လှည့်လည်စီတန်းသွားလာနေစဉ် အဆိုပါထရပ်ကားက တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သက်ဆိုင်ရာက ပြောသည်။

ထရပ်ကားမှာ ဘရိတ်ပေါက်ပြီး ဘုရားကျောင်းတစ်ခုဆီသို့ ဦးတည်သွားနေသည့် ဘုရားဖူးသူများကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း မြို့ပြလုံခြုံရေးအေဂျင်စီမှ အရာရှိတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောသည်။

ဖော်ပြချက်တွင် ပြည်နယ်အတွင်းရေးမှူးချုပ် ဂျမေစန်တိုယိုကတ်စထရိုက အဆိုပါယာဉ်တိုက်မှုတွင် ၁၆ ဦး သေဆုံးပြီး ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောသည်။ အစောပိုင်းက ကြက်ခြေနီအသင်းနှင့် မြို့ပြလုံခြုံရေးဌာနမှ သေဆုံးသူဦးရေ ၁၂ ဦး ထိသာဖြစ်ကြောင်း ဖော်ပြခဲ့သည်။

**(ပီတီအိုင်)**

## နီပေါမြေပြိုမှု လူ ၁၅ ဦး သေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၃၀**

နီပေါနိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် မြေပြိုမှုများဖြစ်ပေါ်ခဲ့ရာ လူ ၁၅ဦး သေဆုံးခဲ့ပြီး သေဆုံးသူဦးရေလည်း မြင့်တက်လာနိုင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားရာနေရာမှာ ခတ္တမန္ဒူမြို့မှ အနောက်ဘက် ၇၇ မိုင်အကွာ ပေါ့ဟာရာ အပန်းဖြေမြို့အနီးတွင်ရှိသော ကျေးရွာနှစ်ရွာဖြစ်ပြီး အိမ်ခြေပေါင်း ၂၂ လုံး ထက်မနည်း ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဝန်ကြီးဌာနမှ ပြောကြားချက်အရ သိရသည်။

ဇွန်လမှ စက်တင်ဘာအထိ နှစ်စဉ်မုတ်သုံရာသီအတွင်း မြေပြိုမှုများဖြစ်လေ့ရှိသဖြင့် နီပေါအစိုးရက စိုးရိမ်လျက်ရှိသည်။ ယခုနှစ်အစောပိုင်းက နီပေါတွင် ငလျင်နှစ်ခုလှုပ်ခတ်ခဲ့ပြီး လူပေါင်း ၉၀၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရသည်။

**(ရိုက်တာ)**

**ဇူလိုင် ၂၉ ရက်က ပါကစ္စတန်အရှေ့ပိုင်းရှိ ရေကြီးနေသော ရာဗီမြစ်အတွင်း လှေငယ်တစ်စင်း ဖြတ်သန်းနေစဉ်။**

(ပြီးခဲ့သော နှစ်ပတ်ခန့်က ပါကစ္စတန်၌ မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်သဖြင့် လူပေါင်း ၆၉ ဦး ထက်မနည်း သေဆုံးကာ ၃၆ ဦး ဒဏ်ရာရရှိခဲ့သည်။ လူဦးရေပေါင်း ၂၉၄၈၄၄ မှာ အဆိုပါရေကြီးမှုဒုက္ခဒဏ်ကို ခံစားခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ အင်္ဂါနေ့က ထုတ်ပြန်ခဲ့သည်။)

**(ဆင်ဟွာ)**



## ပျောက်ဆုံး မလေးရှားလေယာဉ် MH 370 ၏ အစိတ်အပိုင်းကို ရှာဖွေတွေ့ရှိ

**ကွာလာလမ်ပူ ဇူလိုင် ၃၀**

အာဖရိကကမ်းလွန်ပင်လယ်ပြင်၏ ကျွန်းတစ်ခုပေါ်တွင် ဂျက်လေယာဉ်အစိတ်အပိုင်းတစ်ခုတွေ့ရှိခဲ့သောကြောင့် မလေးရှားအစိုးရသည် လွန်ခဲ့သောနှစ် မတ်လက ပျောက်ဆုံးခဲ့သော ဂျက်လေယာဉ်ဟုတ် မဟုတ် စုံစမ်းစစ်ဆေးရန်အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ၎င်းတွေ့ရှိရာနေရာသို့ စေလွှတ်ခဲ့သည်။ မလေးရှားပို့ဆောင်ရေးဝန်ကြီးက နယူးယောက်ရှိ ကုလသမဂ္ဂဌာနချုပ်တွင် ဤကိစ္စကို သတင်းထောက်များကို ပြောကြားခဲ့သည်။ ခရီးသည်တင်လေယာဉ်၏ တောင်ပံပိုင်းဟု ယူဆရသော အစိတ်အပိုင်းတစ်ခုကို အိန္ဒိယသမုဒ္ဒရာ၏ ပြန်လည်ပေါင်းစည်းရေးကျွန်းတွင်တွေ့ကြောင်း ဒေသတွင်းမီဒီယာများက ပြောသည်။

**(အင်န်အိတ်ချ်ကေ)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အိန္ဒိယရှိ ဆာဒါဆာရိုဗာဆည် စိုးရိမ်ရေမှတ်ရောက်ရှိ



နယူးဒေလီ ဇူလိုင် ၃၀

အိန္ဒိယနိုင်ငံ မက်ဒ်ယာပရာဒေ့ရှ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးမှုများဖြစ်ပေါ်ကာ နမ္မဒါမြစ်အတွင်းရှိ ဆာဒါဆာရိုဗာရေကာတာမှာ စိုးရိမ်ရေမှတ် ၁၂၁ ဒသမ ၉၂ မီတာအထိ မြင့်တက်လျက်ရှိကြောင်း ဝါရင့်အရာရှိတစ်ဦးက ပြောကြား သည်။

"ဒီမုတ်သုံရာသီမှာ ဒီလိုစိုးရိမ်ရေမှတ်ကို ရောက်ရှိတာ ပထမဆုံးအကြိမ်ပါပဲ"ဟု အဆိုပါဆည်မှ သက်ဆိုင်ရာအရာရှိ အာဂျီခန္နခိုက ပြောသည်။

ယခုကဲ့သို့ မြင့်တက်လာမှုမှာ မက်ဒ်ယာပရာဒေ့ရှ်ရှိ အခြားမြစ်ချောင်းများနှင့် အိန္ဒိယာဆာဂါဆည်အတွင်းမှ ရေအမြောက်အမြား စီးဝင်မှုကြောင့်ဖြစ်ကြောင်း ၎င်းကပြောသည်။

ပြီးခဲ့သော နှစ်ရက်ကတည်းက ဂူဂျာရတ်ပြည်နယ်၌ မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး လူ ၂၂ ဦး သေဆုံးခဲ့သည်။

အဆိုပါမိုးကြောင့် ပြည်နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ၁၄၈၀၀ မီဂါဝပ်မှ ၈၆၀၀ မီဂါဝပ်အထိ လျော့ကျစေခဲ့ကြောင်း ဂူဂျာရတ်ပြည်နယ် ရေအားလျှပ်စစ်နှင့် ဘဏ္ဍာရေးဝန်ကြီး ဆော်ရက်ဘ်ပက်တယ်က ပြောသည်။

(ပီတီအိုင်)

# မင်းတပ်၌ မိုးရေချိန်စံချိန်သစ်တင်

၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်း၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ပါသည်။

**မိုးရေချိန်စံချိန်သစ်**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန်စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | မင်းတပ် | ၁၂၅ | ၄.၉၂ | ၇၆ | ၂.၉၉ | ၇-၇-၂၀၁၅ | ၅၁ |

# မြစ်ရေကြီးခြင်းသတိပေးချက်

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့ မြန်မာစံတော်ချိန် နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၄၈ စင်တီမီတာ(တစ်ပေခွဲခန့်)တွင် ရောက်ရှိနေပါသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုး/ဇလညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ခုနစ်စင်တီမီတာ (သုံးလက်မခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၁ စင်တီမီတာ (လေးလက်မခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

**(မြန်မာ့အလင်း)**

# ပဲခူးတိုင်းဒေသကြီးတွင် လေဆင်နှာမောင်းတိုက်ခတ်

**ပေါင်းတည် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ပျဉ်ပုံအုပ်စု ထန်းတပင်ကျေးရွာ၌ ဇူလိုင် ၂၉ ရက် ည ၇ နာရီက လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ကျေးရွာအတွင်းရှိ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များ၏ အမိုးများ လေထဲလွင့်ပါကာ နေအိမ်ပြိုလဲမှုနှင့် သစ်ပင်အမြစ်မှ ကျွတ်ထွက်မှုများဖြစ်ခဲ့သည်။ ဖြစ်ပွားရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း အိမ်သုံးလုံးပြိုလဲခဲ့ပြီး ကျန်နေအိမ် ၁၁ လုံးနှင့် အမကကျောင်း အိမ်သာအမိုး၊ ဘုန်းတော်ကြီး ကျောင်းတို့ပျက်စီးပြီး လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။ လေဆင်နှာမောင်း တိုက်ခတ်မှုသည် ဇူလိုင်လအတွင်း ဒုတိယအကြိမ် တိုက်ခတ်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# တောင်သူလယ်သမားများသို့ မိုးလေဝသအန္တရာယ်ဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ယခု ဇူလိုင်လပထမပတ်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ အချို့ဆည်တာတမံများတွင် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်ပြီး တောင်သူလယ်သမားများ ပင်ပင်ပန်းပန်းစိုက်ပျိုးထားရှိသော လယ်မြေများ ရေနစ်မြုပ်ခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်ခံစားနေရသည်ကို အချိန်မီကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံအထက်ပိုင်း အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင်လည်း ဒေသအလိုက် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်းကို မျှော်မှန်းရပါ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် သတိပေးနှိုးဆော်အပ်ပါသည်။

၃။ သို့ဖြစ်၍ နိုင်ငံနှင့်အဝန်းရှိ တောင်သူလယ်သမားများ ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိစေရန် ကြိုတင်ကာကွယ်ခြင်း၊ ရေကြီးနစ်မြုပ်နေသည့် စိုက်ခင်းများအား အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် **သက်တမ်းတိုအရန်မျိုးစပါးများ** ပျိုးထောင်ခြင်း၊ အချိန်မီပြန်လည် စိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များရှိ အဆင့်ဆင့်သော ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီရိုင်းပင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ကောလင်းတွင် ရေနစ်မြုပ်ခံကျေးရွာများမှ ပြည်သူများကို နေရပ်ပြန်ပို့ဆောင်



**ကောလင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခံကျေးရွာ ၈၆ ရွာမှ ဒေသခံကျေးလက်နေပြည်သူများကို ကယ်ဆယ်ရေးစခန်းများမှ နေရပ်ကျေးရွာသို့ ပြန်လည်ပို့ဆောင်ပေးမှုကို ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျေးရွာ ၆၆ ရွာ ပို့ဆောင်ပြီးဖြစ်သည်။

အဆက်မပြတ် မိုးရွာသွန်းနေဆဲဖြစ်၍ ကျေးရွာ ၂၀ ခန့်က ရေနစ်နေဆဲဖြစ်ရာ သွားလာမှုအခက်အခဲကြုံတွေ့နေရသည်။

ရေဘေးကယ်ဆယ်ရေးမှ ကျေးရွာတိုင်း အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းကို ပထမအရစ်ထောက်ပံ့ပေးပြီး ဆန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်း ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုညိမ်း(ကောလင်း)**

# လျှပ်စစ်ဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဇူလိုင် ၃၀**

၁-၈-၂၀၁၅ ရက်နေ့တွင် ဒဂုံ(ဆိပ်ကမ်း)၊ သာကေတ၊ ဒေါပုံ၊ ဒဂုံ(အရှေ့)၊ ဗိုလ်တထောင်၊ သဃ်န်းကျွန်း၊ မင်္ဂလာတောင်ညွန့်၊ စမ်းချောင်း၊ ဒဂုံ၊ မရမ်းကုန်း၊ ကျောက်တံတား၊ အလုံ၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ ကမာရွတ်၊ သန်လျင်၊ သုံးခွ၊ ခရမ်း၊ ကွမ်းခြံကုန်း၊ တွံတေး၊ ကော့မှူး၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ မှော်ဘီ၊ ထောက်ကြန့်၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ထို့အပြင် ၂-၈-၂၀၁၅ ရက်နေ့တွင် ဒဂုံ(တောင်)၊ ဒဂုံ(မြောက်)၊ ဒဂုံ(ဆိပ်ကမ်း)၊ သဃ်န်းကျွန်း၊ ကမာရွတ်၊ လသာ၊ မရမ်းကုန်း၊ ဗဟန်း၊ သန်လျင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ တိုက်ကြီး၊ ထောက်ကြန့်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီ မှ မွန်းလွဲ ၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# မြန်အောင်မြို့နယ် နန်းတော်ကျွန်းတွင် လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်

**မြန်အောင် ဇူလိုင် ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မဲခင်ချောင်ကျေးရွာအုပ်စု နန်းတော်ကျွန်းကျေးရွာတွင် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်မှ တစ်နာရီ မိနစ် ၅၀ ထိ ၅ မိနစ်ကြာမျှ လေဆင်နှာမောင်းတိုက်ခတ်ရာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် နေအိမ် ၃၃ လုံး ပျက်စီးသွားခဲ့ကြောင်း မဲခင်ချောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

နန်းတော်ကျွန်း အခြေခံပညာမူလတန်းကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး အိမ်ထောင်စုများကို စောင့်ရှောက်ထားကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်ပြီး ညနေ ၃ နာရီခန့်က ရွှေကျင်ရဲစခန်းမှ စခန်းမှူး ရဲအုပ် ဝင်းမင်းထွန်းနှင့် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရွာသူရွာသားများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နန်းတော်ကျွန်းကျေးရွာတွင် အိမ်ခြေ ၈၇ လုံးရှိပြီး လွန်ခဲ့သည့် ငါးရက်ခန့်ကတည်းက ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိကြောင်း နှစ်စဉ် မြစ်ရေတက်ပါက နန်းတော်ကျွန်းသို့ မြစ်ရေဝင်ရောက်လေ့ရှိကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**နေဝင်းဇော်(မြန်အောင်)**



# မုတ်သုံလေ ဆက်လက်အားကောင်း

**နေပြည်တော် ဇူလိုင် ၃၀**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။ **(မိုး/ဇလ)**

# မြန်မာ-အိန္ဒိယ တပ်မတော်နှစ်ရပ် ကာကွယ်ရေးနှင့်လုံခြုံရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် ဇူလိုင် ၃၀**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ နရိန္ဒြာမိုဒီအား ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၄၀ က ဝန်ကြီးချုပ်၏အိမ်တော်၌ သွားရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ တပ်မတော်နှစ်ရပ်၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ အိန္ဒိယ - ဘင်္ဂလားဒေ့ရှ် - မြန်မာ - တရုတ်နှင့် အရှေ့အာရှနိုင်ငံများသို့ ကားလမ်း၊ မီးရထားလမ်းများ ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာများ၊ နိုင်ငံခြားခရီးသွားဆိုင်ရာကဏ္ဍနှင့် ပင်လယ်ရေကြောင်း ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်ဦးစီးချုပ်များနှင့် တွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၃၀**

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အိန္ဒိယသမ္မတနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ် Air Chief Marshal Arup Raha, PVSM, AVSM, VM က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ဇူလိုင် ၂၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်က အိန္ဒိယသမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန South Block Lawns ရင်ပြင်မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယနိုင်ငံ တပ်မတော်(ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပူးတွဲစစ်ဦးစီးချုပ်နှင့် လေတပ်ဦးစီးချုပ်တို့သည် အိန္ဒိယလေတပ်ဦးစီးချုပ်ရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့အား အိန္ဒိယတပ်မတော်မှ တာဝန်ရှိသူတစ်ဦးက အိန္ဒိယလေတပ်ဦးစီးချုပ်ရုံးရှိ Subroto Hall ၌ အိန္ဒိယနိုင်ငံ၏ လုံခြုံရေးအမြင်အား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Dalbir Singh, PVSM, UYSM, AVSM, VSM, ADC အား အိန္ဒိယကြည်းတပ်ဦးစီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယတပ်မတော် ကြည်းတပ်ဦးစီးချုပ်က Army Battle Honour Mess ၌ အလုပ်သဘောနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ကြည်းတပ်ဦးစီးချုပ် အစည်းအဝေးခန်းမ၌ ဆက်လက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်၌ Integration of Indian Army နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယတပ်မတော်ရေတပ်ဦးစီးချုပ် Admiral RK Dhowan, PVSM, AVSM, YSM,ADC အား အိန္ဒိယရေတပ်ဦးစီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**



ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား အိန္ဒိယနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန South Block ရှိ အခန်းအမှတ် (၂၀၃)၌ National Institute of Public Finance and Policy ညွှန်ကြားရေးမှူး Dr. Rathin Roy က Federal System of Governance ဆိုင်ရာများအား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Rao Inderjit Singh တို့ တွေ့ဆုံဆွေးနွေးကြသည်။

ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အိန္ဒိယသမ္မတနိုင်ငံ၏ ၁၁ ဦးမြောက် သမ္မတရာထူးတာဝန်ထမ်းဆောင်ခဲ့သည့် Mr. APJ Abdul Kalam ကွယ်လွန်သည့်အတွက် နယူးဒေလီမြို့ရှိ Mr. Abdul Kalam နေထိုင်ခဲ့သည့်နေအိမ်၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းခြင်းအထိမ်းအမှတ် မှတ်တမ်းစာအုပ်တွင် သွားရောက် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**

# အနုပညာရှင်များ၏ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Ve Ve Cup) မြန်မာ့ရုပ်/သံ Entertainment Channel မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၃၀**

Myanmar Media 7 က စီစဉ်ကျင်းပသည့် အနုပညာရှင်ပေါင်းစုံပါဝင်သော လေးသင်း ပတ်လည်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲကြီး (Ve Ve Cup) ကို ဩဂုတ် ၁ ရက်မှ ၂ ရက်အထိ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း ကြီး၌ ကျင်းပသွားမည်ဖြစ်ပြီး တစ်ရက်လျှင် နှစ်ပွဲဆက်တိုက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲကြီးကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ Broadcast Sponsor အဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ပြိုင်ပွဲနေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Entertainment Channel မှ ပထမပွဲစဉ်များကို အဆိုပါနေ့ မွန်းလွဲ ၂ နာရီမှစ၍လည်းကောင်း၊ ဒုတိယပွဲစဉ်များကို အဆိုပါနေ့ ညနေ ၄ နာရီမှစ၍လည်းကောင်း တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ပြည်သူများသွားလာမှုအခက်အခဲမဖြစ်စေရန်အတွက် အဆိုပါကျိုးကျသွားသည့်တံတားနေရာ၌ အရှည်ပေ ၁၈၀ ရှိ ဘေလီတံတားကို ဆောက်လုပ်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ဇူလိုင် ၂၇ ရက်ကလည်းကောင်း၊ ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်ထိလည်းကောင်း ကွင်းဆင်းကြီးကြပ်မှုဖြင့်ဆောင်ရွက်လျက်ရှိရာ တံတားမှာ ဇူလိုင် ၃၀ ရက်တွင် ၇၅ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**စိုင်းထွန်းသိန်း(သီပေါ)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် အာဆီယံနိုင်ငံများ ပူးပေါင်း



နေပြည်တော် ဇူလိုင် ၃၀

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ ဂျပန်အာဆီယံဘက်စုံရန်ပုံငွေ ဟန်ဆိုက်ဒယ်လ်ဖောင်ဒေးရှင်းနှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် "၂၀၁၅ ခုနှစ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ်နှင့် ဒုတိယအကြိမ် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းဆုချီးမြှင့်ပွဲ" အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ကမ္ဘာ့ဒီရေတောဖုံးလွှမ်းမှု၏ ၃၅ ရာခိုင်နှုန်းနှင့် ကမ္ဘာ့သန္တာကျောက်တန်း တည်ရှိမှုစုစုပေါင်းဧရိယာ၏ ၃၀ ရာခိုင်နှုန်းသည် အာဆီယံဒေသ တွင်းတည်ရှိနေခြင်းမှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်း တည်ရှိနေထိုင်ကြသည့် လူမျိုးစုအများအပြားသည် သဘာဝသယံဇာတအရင်းအမြစ်များကို မှီခိုနေရသည့်အတွက် သယံဇာတအရင်းအမြစ်များအား စဉ်ဆက်မပြတ် စီမံခန့်ခွဲသုံးစွဲသွားနိုင်ရန် အထူးပင်အရေးကြီးလှပါကြောင်း၊ တစ်ဖက်မှာလည်း ရာသီဥတုပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှု၊ လူဦးရေအဆမတန်တိုးပွားလာမှု၊ ဆင်းရဲမှုအနေအထားတို့ကြောင့် သဘာဝဘေးအန္တရာယ်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးခြင်း၊ သမိုင်းဝင် ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးခြင်း အန္တရာယ်တို့ကို ကြုံတွေ့နေရပါကြောင်း၊ ထို့ကြောင့် အာဆီယံဒေသတွင်း နိုင်ငံများကြား ပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဟူသည့် ကတိကဝတ်များကို ချမှတ်ထားပြီးဖြစ်ပါကြောင်း။

သယံဇာတ အရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နိုင်ခြင်းနှင့် လူနေမှုအဆင့်အတန်းတိုးမြှင့်နိုင်ခြင်းတို့ကို ဖော်ဆောင်နိုင်မည့် အာဆီယံဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဘောင်တစ်ရပ်ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိသော လူမှုအသိုက်အဝန်းတစ်ခုရရှိရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးရေးကို အဓိကအလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကတိကဝတ်များကို ထည့်သွင်းသင်ကြားစေခြင်းကြောင့် ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးကို ဦးတည်မည့် School Culture ကို ဖော်ကျူးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ပြင် Eco-School Programme အစီအစဉ်အရ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ကျောင်းသင်ခန်းစာများအတွင်း ထည့်သွင်းသင်ကြားစေခြင်းဖြင့် ပတ်ဝန်းကျင်ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရမည်ဟူသည့် အခြေခံသဘောတရားကို ကျောင်းအသိုက်အဝန်းမှတစ်ဆင့်နေအိမ်များ၊ လူမှုအသိုက်အဝန်းများမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ Eco-School ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆောင်ရွက်ခြင်းဖြင့် အာဆီယံဒေသအတွင်း Eco-School များ ပိုမိုပေါ်ပေါက်လာစေရန် AMS ကို တွန်းအားပေးမည့် စာသင်ကျောင်းများအကြား သတင်းအချက်အလက်များနှင့် အတွေ့အကြုံများကို ဖလှယ်ပေးနိုင်မည့် အခွင့်အလမ်းများကို ပံ့ပိုးကူညီနိုင်မည် ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားအတွက် အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "Empowering the Youth for a Green ASEAN Community" ဟူသည့် ဆောင်ပုဒ်သည် မျိုးဆက်သစ်လူငယ်များကို စာသင်ကျောင်းများတွင် ပတ်ဝန်းကျင်နှင့် သယံဇာတဖြစ်စေသော အလေ့အကျင့်ကောင်းများကို ချမှတ်ရန် တွန်းအားပေးနိုင်မည်ဖြစ်ပါကြောင်း၊ အာဆီယံဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းကြုံတွေ့နေရသည့် ပတ်ဝန်းကျင်ပြဿနာရပ်များကို ဖြေရှင်းနိုင်ရန် အာဆီယံနိုင်ငံများ ပူးပေါင်း၍ အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုစီမံချက်ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အာဆီယံ Plus Three နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများအပြင် အခြားဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများသည် ကမ္ဘာတစ်ဝန်း ပတ်ဝန်းကျင်ပြဿနာရပ်များကို ဖြေရှင်းမှုများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အာဆီယံဒေသတွင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် နည်းပညာနှင့် ရန်ပုံငွေ အထောက်အပံ့များ ကူညီပံ့ပိုးပေးလျက်ရှိသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံလူမှုအသိုက်အဝန်းနှင့် စုပေါင်းဆောင်ရွက်မှုဆိုင်ရာ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်က အမှာစကားပြောကြားပြီး ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးပညာဌာန၊ ဒုတိယနှစ်ကျောင်းသူ မဝင်းသန့်သန့်က ၂၀၁၅ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးနှစ် ဆောင်ပုဒ်ဖြစ်သည့် အာဆီယံအစိမ်းရောင်လူမှုအသိုက်အဝန်း ၂၀၁၅ အတွက် လူငယ်များကို တာဝန်လွှဲအပ်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ဖတ်ကြားတင်ပြသည်။

မွန်းလွဲ ၂ နာရီတွင် အာဆီယံနိုင်ငံများအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းအကောင်အထည်ဖော်မှုဆိုင်ရာ အကောင်းဆုံးအလေ့အကျင့်များဖလှယ်သည့် ဆွေးနွေးပွဲ ကျင်းပရာ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံမှ ဆောင်ရွက်မှု အတွေ့အကြုံများကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယအကြိမ် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ညီညွတ်သော ကျောင်းဆုချီးမြှင့်ခြင်းအခမ်းအနားနှင့် ညစာစားပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဟန်ဆိုက်ဒယ်လ်ဖောင်ဒေးရှင်း၊ ဂျပန်နိုင်ငံကိုယ်စားလှယ်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အာဆီယံနိုင်ငံများမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ညီညွတ်သော ကျောင်းဆုရရှိသည့် အခြေခံပညာမူလတန်းနှင့် အထက်တန်းအဆင့်ကျောင်း ၂၀ ကို ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ဆုများချီးမြှင့်ကြသည်။

အခမ်းအနားများသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ လာအိုနိုင်ငံသဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Bounkham Vorachit၊ ထိုင်းနိုင်ငံ သဘာဝအရင်းအမြစ်များနှင့် ပတ်ဝန်းကျင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအကြံပေးအရာရှိ General Ekachai Chansre၊ ဂျပန်နိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာအရာရှိကြီးများနှင့် အာဆီယံမိတ်ဖက်သုံးနိုင်ငံမှ ပတ်ဝန်းကျင်ဆိုင်ရာ အရာရှိကြီးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ ဟန်ဆိုက်ဒယ်လ်ဖောင်ဒေးရှင်းနှင့် ဖိတ်ကြားထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဧည့်သည်တော်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ နံနက် ၉ နာရီတွင် အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော်ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း၌ ကျင်းပပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဒုတိယဝန်ကြီးများ၊ အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံများမှ ကိုယ်စားလှယ်များက အမှတ်တရသစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသွားများ တိုးတက်အောင် ဆွဲဆောင်သည့် နည်းဗျူဟာတစ်ခုအနေဖြင့် ချမှတ်ဆောင်ရွက်ခဲ့

**နေပြည်တော် ဇူလိုင် ၃၀**

ကမ္ဘာလှည့်ခရီးသွားများတိုးတက်အောင် ဆွဲဆောင်သည့် နည်းဗျူဟာတစ်ခုအနေဖြင့် "လေးနိုင်ငံခရီးစဉ်တစ်ခု"ဟူသော ရည်မှန်းချက်ကို ၂၀၁၃ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးတက်ရရှိလာကြောင်းတတိယအကြိမ်မြောက် (CLMV) ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးမှ သိရသည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် (CLMV) နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် (၂၀၁၃-၂၀၁၅) အရ ယခုကဲ့သို့ ချမှတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"ခရီးသွားတွေကို ဆွဲဆောင်တဲ့အခါ ဒေသတစ်ခုလုံးကို လာလည်ဖြစ်အောင် ရည်မှန်းဆွဲဆောင်တာဖြစ်တဲ့အတွက် မြန်မာကို လာရင်ကျန်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တွေကိုလည်း သွားလို့ရမယ်လို့ ဆိုလိုတာပါ။ ခရီးသွားတဲ့သူက လေးနိုင်ငံစလုံးမသွားဘဲ နှစ်နိုင်ငံတည်းသွားတာလည်း ဖြစ်နိုင်ပါတယ်။ ခရီးသွားတွေလာတာ တိုးအောင်လုပ်တဲ့ နည်းဗျူဟာတွေပဲ ဖြစ်ပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြောသည်။

၂၀၁၄ ခုနှစ်အတွင်း CLMV နိုင်ငံများသို့ ခရီးသည် ဝင်ရောက်မှုမှာ ၁၉ ဒသမ ၆ သန်းရှိခဲ့ရာ ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း တတိယအကြိမ်မြောက် CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာချက်မှ သိရသည်။

"အလားတူ ခရီးသွားတဲ့သူတွေက ပုဂံကိုမသွားဘဲ ဆီယမ်ရိကနေ မြဘုရားပြီးရင် ရွှေတိဂုံဘုရားကို လာမယ်ဆိုရင်လည်း သုံးနိုင်ငံခရီးစဉ်တစ်ခုလုပ်လို့ရတာပါပဲ။ အလားတူ ဆီယမ်ရိက ဗီယက်နမ်က ပင်လယ်ကမ်းခြေတစ်ခုခု၊ မြန်မာနိုင်ငံက အင်းလေးကို လာမယ်ဆိုရင်လည်း အတူတူပါပဲ အဓိကက လေးနိုင်ငံစလုံးကို ခရီးသွားဖြစ်အောင် ရည်ရွယ်တာပါ။ လာရောက်လည်ပတ်သူတစ်ယောက်ဟာ မြန်မာနိုင်ငံတင်မကဘဲ အဖွဲ့ဝင်နိုင်ငံတွေဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတွေကိုပါသွားနိုင်တဲ့ အခွင့်အရေးရမှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်က ပြောသည်။

CLMV နှင့် အက်မက်စ်နိုင်ငံများသည် ရိုးရာယဉ်ကျေးမှု၊ ဘာသာတရားနှင့် လူနေမှုဘဝပုံစံများမှာ အလွန်ဆင်တူကြောင်း၊ ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များလည်း အမြင့်ဆုံးရရှိအောင်ဆောင်ရွက်ရန် တူညီသည့် အမြင်များလည်းရှိကြောင်းကို တတိယအကြိမ် CLMV ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေးနှင့် ဒုတိယအကြိမ် အက်မက်စ်ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးညွန့်ထွန်းက ထည့်သွင်းပြောကြားခဲ့သည်။

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်၊ CLMV နှင့် အက်မက်စ် ခရီးစဉ်ဒေသများကို စိတ်ဝင်စားဖွယ်၊ တစ်ပေါင်းတည်းသော ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ရန်၊ ဒေသတွင်း ခရီးသွားလုပ်ငန်း မြှင့်တင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခက်အခဲများ ပူးပေါင်းဖြေရှင်းသွားရန်ရည်ရွယ်၍ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်( CLMV) နှင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် (ACMECS) ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနှင့် ခရီးသွားလုပ်ငန်း အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို နေပြည်တော်၌ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့က ကျင်းပခဲ့ခြင်းဖြစ်သည်။

ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းနှင့်အတူ ဒေသခံပြည်သူများအတွက် ရရှိလာမည့်အကျိုးကျေးဇူးများကိုလည်း "ခရီးသွားလုပ်ငန်းတွေ တိုးတက်လာရင် ဟိုတယ်တွေ၊ ဧည့်လမ်းညွှန်တွေ ပေါ်လာတဲ့အတွက် အလုပ်အကိုင် အခွင့်အလမ်းတွေ တိုးတက်လာမယ်။ နိုင်ငံခြားခရီးသွားတွေကို ရောင်းချမယ့် အမှတ်တရပစ္စည်းဆိုင်တွေ ပေါ်လာမယ်။ စားသောက်ဆိုင်တွေ ပေါ်လာမယ်။ မော်တော်ယာဉ်တွေကနေ အနိမ့်ဆုံးမြင်းလှည်း၊ ဆိုက်ကားစတဲ့ စီးပွားရေးလုပ်ငန်း အသေးလေးတွေအထိ ဝင်ငွေတိုးတက်ရရှိလာမှာ ဖြစ်ပါတယ်။ ဒီထက် နိုင်ငံတကာအတွေ့အကြုံတွေပါ ရလာမယ်။ ဒေသခံတွေ စုပေါင်းပြီး သန့်ရှင်းရေး လုပ်ရတာတွေ ၊ နိုင်ငံကြီးသားပီသစွာနဲ့ ကိုယ့်နိုင်ငံကို လာရောက်တဲ့သူတွေ အန္တရာယ်ကင်းရှင်းရေးနဲ့ အခက်အခဲတွေကိုပါ ကူညီဖြေရှင်းပေးရတာ၊ပူးပေါင်းတာဝန်ယူရတာတွေဖြစ်တဲ့အတွက် ကောင်းတဲ့အမူအကျင့်တွေကို ရလာမယ်။ အသိပညာဗဟုသုတတိုးလာမယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးကလည်း သုံးသပ်သည်။ **နန္ဒာဝင်း၊ ဟန်နီဝင်း**

*ရှေ့ဖုံးမှ*



အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယ သမ္မတ ဦးညဏ်ထွန်း။

လမ်း၊ တံတားများနှင့် စိုက်ခင်းများ ထပ်မံပျက်စီးခဲ့ပါကြောင်း၊ ယခုကဲ့သို့ မိုးအဆက်မပြတ် ရွာသွန်းနေချိန်တွင် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းတစ်ခုဖြစ်လာပါကြောင်း။

ထိုကဲ့သို့ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားမှုသည် မိမိတို့တစ်နိုင်ငံတည်း ဖြစ်ပွားခြင်းမဟုတ်ဘဲ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း သဘာဝဘေးအန္တရာယ်ကို ကြုံတွေ့ခံစားနေရပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကို တားဆီး၍ မရနိုင်သော်လည်း ကြိုတင်ပြင်ဆင်မှုများဖြင့် ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်ပါကြောင်း၊ ကြိုတင်ပြင်ဆင်မှုအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ပို့ဆောင်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနနှင့် ပူးပေါင်းပြီး မိုးလေဝသသတင်းများကို ရုပ်မြင်သံကြားနှင့် သတင်းစာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် သတိပေးမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးဒဏ် ခံစားရသူများ အသက်ရှင် ရပ်တည်နိုင်ရန်အတွက် စားသောက်ရေး၊ အဝတ်အထည်ရရှိရေး၊ တည်းခိုနေထိုင်နိုင်ရေးများကို ဦးစားပေးစီမံဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သဘာဝဘေး အန္တရာယ်များ ကျရောက်ချိန်တွင် လတ်တလော ဆောင်ရွက်ရမည့်အပိုင်းနှင့် အချိန်ယူဆောင်ရွက်ပေးရမည့် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ လတ်တလော ဆောင်ရွက်ရမည့်အပိုင်းမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းဖြစ်ပြီး အစားအသောက်နှင့် အဝတ်အထည်ထောက်ပံ့ပေးခြင်း၊ ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးများရှာဖွေပေးခြင်း၊ ရေကျချိန်၌ ချက်ချင်းစိုက်ပျိုးနိုင်အောင် ထွန်ယက်ပေးခြင်း၊ စာသင်ကျောင်းများတွင် ပျက်စီးဆုံးရှုံးသွားသည့် စာအုပ်စာစောင်များကို ဖြည့်တင်းပေးခြင်း၊ လျှပ်စစ်မီးနှင့် လမ်းပန်းဆက်သွယ်ရေး ပျက်စီးဆုံးရှုံးမှုများကို အမြန် ပြန်လည်တည်ဆောက်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ သက်ဆိုင်ရာမြို့နယ်များနှင့်ဆက်သွယ်ပြီး ဝန်ကြီးဌာနအလိုက် စီစဉ်ဆောင်ရွက်ပေးရမည့် ပျက်စီးဆုံးရှုံးမှုများကို စိစစ်ပြီး အမြန်ဆုံး ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် ပျက်စီးခဲ့သည့်ကျောင်းများ၊ လမ်းများနှင့် တံတားများကို ပြင်ဆင်တည်ဆောက်ပေးရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ လုပ်ငန်းများမှာ အချိန်ယူဆောင်ရွက်ရမည်ဖြစ်သော်လည်း လတ်တလော သွားလာရေး အဆင်ပြေမှုရှိစေရန် ဘေလီတံတား တည်ဆောက်ပေးခြင်းမျိုးကဲ့သို့ စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ရေဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် အင်တိုက်အားတိုက်ဖြင့် ဝိုင်းဝန်းပါဝင် ကူညီဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း၊ ရေတိုလုပ်ဆောင်ပေးရမည့်လုပ်ငန်းနှင့် ရေရှည်လုပ်ဆောင်ပေးရမည့်လုပ်ငန်းများကို အချိတ်အဆက်မိမိဖြင့် စနစ်တကျစီမံဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနများအလိုက် ရေကြီးနစ်မြုပ်ဒေသများသို့ ကွင်းဆင်းသွားရောက်ပြီး လိုအပ်ချက်များကို ဦးစားပေးအလိုက် စီမံဆောင်ရွက်ပေးသင့်သည်များကို အမြန်ဆုံးဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ အသက်ဆုံးရှုံးမှုမဖြစ်ပွားစေရန်၊ ထိခိုက်ဒဏ်ရာရရှိမှုများကို တားဆီးပေးနိုင်ရန်၊ လူထု၏ အိုးအိမ်ပစ္စည်းဥစ္စာများကို ကာကွယ်ပေးနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်သွားရန် စသည့် ရည်ရွယ်ချက်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုကော်မတီအနေဖြင့် တိုင်းဒေသကြီးအလိုက် စီမံခန့်ခွဲရေးကော်မတီများကို ရပ်ကွက်၊ ကျေးရွာအဆင့်အထိ ဖွဲ့စည်း၍ သဘာဝဘေးကာကွယ်ရေးနှင့် တုံ့ပြန်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝဘေးကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ရာတွင် အဆင့်လေးဆင့်ဖြစ်သည့် သဘာဝဘေး လျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း(Reduction)၊ ကြိုတင် အသင့်ဖြစ်စေခြင်း (Readiness)၊ တုံ့ပြန်ဆောင်ရွက်ခြင်း (Response)နှင့် ပြန်လည်ထူထောင်ခြင်း(Recovery) ဆိုသည့် အဆင့်များအားလုံးကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက ရေကြီးနစ်မြုပ်ရာဒေသများတွင် လုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ရေကြီးနစ်မြုပ်သည့် ဒေသများတွင် ထောက်ပံ့ပေးမှုနှင့် အရန်ထားရှိမှုများ၊ အသိပညာပေးဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိ မင်းမြင်ရေလျှောင်တမံနှင့် ကောလင်းမြို့၊ ဝန်းသိုမြို့နယ်များအတွင်း ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ဇူလိုင် ၁၈ ရက် မှ ၃၀ ရက်အထိ တပ်မတော်လေယာဉ် Y-8 တစ်စင်းဖြင့် တစ်ခေါက်၊ MI-17 ရဟတ်ယာဉ် သုံးစင်းဖြင့် အခေါက်ရေ ၇၀ ဖြင့် ကယ်ဆယ်ရွှေ့ပြောင်းရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ထို့အပြင် တပ်မတော်လေယာဉ် Y-8 တစ်စင်းကို မိတ္ထီလာမြို့တွင် လည်းကောင်း၊ MI-17 ရဟတ်ယာဉ် သုံးစင်းကို မုံရွာမြို့တွင် တစ်စင်းနှင့် ကန့်ဘလူမြို့တွင် နှစ်စင်း ဖြန့်ခွဲထားရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် အသင့်စုဖွဲ့ထားရှိကြောင်း။

ထို့ပြင် ကယ်ဆယ်ရေး၊ ရွှေ့ပြောင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးနိုင်ရန်အတွက် ပလတ်စတစ်တိုက်လှေ အစင်း ၁၀၀၊ ယမဟာ အကောင် ၄၀၊ ပဲ့ချိတ်စက် ၆၆ လုံးနှင့် အသက်ကယ်အင်္ကျီအထည် ၄၅၀ တို့ကို တိုင်းစစ်ဌာနချုပ် နယ်မြေများအလိုက် ဖြန့်ခွဲထားရှိပြီး အရေးပေါ်လိုအပ်မှုရှိပါက ထပ်မံဖြည့်တင်းပေးနိုင်ရန် ပလတ်စတစ်တိုက်လှေ ၄၇ စင်းနှင့် ယမဟာ အကောင် ၄၀၊ ပဲ့ချိတ်စက် ၁၇၆ လုံးတို့ကိုလည်း မင်္ဂလာဒုံတွင် စုဖွဲ့ထားရှိပါကြောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ရေကြီးသည့်နေရာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေတွင် ရဟတ်ယာဉ်သုံးစင်းအား ကန့်ဘလူမြို့၌ထားရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်း၍ ကယ်ဆယ်ရေးပစ္စည်းများ ပို့ဆောင်ပေးခြင်းကို လည်းကောင်း၊ ကလေးမြို့နယ်ရှိ ရေကြီးသည့်နေရာများတွင် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ တပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ရှင်းလင်းတင်ပြစဉ်။

သဘာဝဘေး ကယ်ဆယ်ရေး လုပ်ငန်းများ ထပ်မံဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေရှိ တိုက်ကြီး၊ ထန်းတပင်နှင့် အဖျာက်မြို့နယ်များအတွက် နည်းဗျူဟာတစ်ခုနှင့် တပ်ရင်းသုံးရင်းကို ယာဉ်အကြီး ၂၀၊ ဂွန်ဆင်စက်လှေ ၁၀ စင်းတို့ဖြင့် အဖျာက်မြို့တွင် လည်းကောင်း၊ သန်လျင်၊ ဒလနှင့် မှော်ဘီတပ်နယ်များတွင် တပ်နယ်တစ်ခုစီ၌ ယာဉ်အကြီး ငါးစီးစီနှင့် ဂွန်ဆင်စက်လှေ ငါးစင်းစီဖြင့် လည်းကောင်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး တပ်ရင်းတွင် မော်တော်ယာဉ်အစီး ၄၀ ကို လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေရှိ ကွင်းကောက်ဒေသတွင် ယာဉ်အကြီး ငါးစီး၊ ဂွန်ဆင်စက်လှေ ၁၀ စင်းနှင့် အသက်ကယ်အင်္ကျီ အထည် ၅၀၊ ဟင်္သာတမြို့နယ်ရှိ နယ်မြေခံတပ်ရင်းတွင် ယာဉ်အကြီးငါးစီး၊ ဂွန်ဆင်စက်လှေ ၁၀ စင်းနှင့် အသက်ကယ်အင်္ကျီ အထည် ၅၀ တို့ကို လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေတွင် ပဲခူးမြို့ရှိ နယ်မြေခံတပ်ရင်း၌ ယာဉ်အကြီး ငါးစီး၊ ဂွန်ဆင်စက်လှေ ၁၀ စင်းနှင့် အသက်ကယ်အင်္ကျီ အထည် ၅၀၊ ညောင်လေးပင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ယာဉ်အကြီး ငါးစီး၊ ဂွန်ဆင်စက်လှေ ငါးစင်းနှင့် အသက်ကယ်အင်္ကျီ ၂၅ ထည်၊ ရွှေကျင်မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ယာဉ်အကြီး ငါးစီး၊ ဂွန်ဆင်စက်လှေငါးစင်းနှင့် အသက်ကယ်အင်္ကျီ ၂၅ ထည် တို့ကိုလည်းကောင်း အသင့်ပြင်ဆင်စုဖွဲ့ထားရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင်များဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကူညီထောက်ပံ့ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်နိုင်မှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထပ်ဆင့်ဖြစ်ပေါ်နိုင်သော အခြေအနေနှင့် ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်မည့် အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ခံရသော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

**(သတင်းစဉ်)**

လတ်တလောဆောင်ရွက်ရမည့်အပိုင်းမှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းဖြစ်ပြီး အစားအသောက်နှင့် အဝတ်အထည်ထောက်ပံ့ပေးခြင်း၊ ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများတွင် ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးများရှာဖွေပေးခြင်း၊ ရေကျချိန်၌ ချက်ချင်းစိုက်ပျိုးနိုင်အောင် ထွန်ယက်ပေးခြင်း၊ စာသင်ကျောင်းများတွင် ပျက်စီး ဆုံးရှုံးသွားသည့် စာအုပ်စာစောင်များကို ဖြည့်တင်းပေးခြင်း၊ လျှပ်စစ်မီးနှင့် လမ်းပန်း ဆက်သွယ်ရေးပျက်စီးဆုံးရှုံးမှုများကို အမြန်ပြန်လည်တည်ဆောက်ပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးရမည်ဖြစ်

# စစ်တောင်းမြစ်ရေတက်မှုကြောင့် မဒေါက်နှင့် ရွှေကျင်မြို့ ရပ်ကွက်များအတွင်း ရေဝင်ရောက်

**ရွှေကျင် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့တွင် စစ်တောင်းမြစ်ရေသည် ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီခွဲက စိုးရိမ်ရေမှတ် ၇၁ ပေအထိ ရောက်ရှိခဲ့ရာမှ ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီခွဲတွင် ၉၄ ပေအထိ ဆက်လက်မြင့်တက်မှုဖြစ်ပေါ်နေပြီး အလားတူ ရွှေကျင်မြို့ ရွှေကျင်မြစ်ရေသည် ဇူလိုင် ၃၀ ရက် ညနေ ၆ နာရီခွဲတွင် စိုးရိမ်ရေအမှတ် ၇၀၀ အထက် ကျော်လွန်ကာ ၇၅၇ စင်တီမီတာသို့ မြင့်တက်ရောက်ရှိနေကြောင်း၊ ယင်းမြို့များရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

အဆိုပါမြစ်ရေများ မြင့်တက်ခဲ့သောကြောင့် မဒေါက်မြို့၏ အနိမ့်ပိုင်းနေရာဖြစ်သော မြို့မ(၂)ရပ်ကွက်နှင့် (၁)ရပ်ကွက်ရှိ လူနေအိမ်၊ လမ်းအချို့တို့ ဇူလိုင် ၂၉ ရက် ညဉ့်နက်ပိုင်းမှစ၍ ရေစတင်ဝင်ရောက်မှုရှိခဲ့ပြီး ဒေသခံပြည်သူအချို့ လှေကူးတို့များဖြင့် အသုံးပြုသွားလာနေကြကြောင်း သိရသည်။

ထို့အပြင် မြစ်ချောင်းအနီးရှိ ရေပေါ်သောင်၊ သောင်ကြီး၊ ဇောခိကုန်းကျေးရွာများရှိ လူနေအိမ်အချို့ထံသို့လည်း ရေများ စတင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ရွှေကျင်မြို့ အနိမ့်ပိုင်းရပ်ကွက် လူနေအိမ်၊ လမ်းများအချို့ကိုလည်း ရေစတင်ဝင်ရောက်လျက်ရှိပြီး ရွှေကျင်-မဒေါက်-ညောင်လေးပင် ကားလမ်း စစ်တောင်းမြစ်ကူး(မဒေါက်-ရွှေကျင်)တံတားနှင့် ရွှေကျင်မြို့ အဝင်မုခ်ဦးအတွင်းရှိ ကားလမ်းပိုင်းနေရာအချို့၌ ရေ(တစ်ပေခွဲ)ခန့် မြင့်တက်ပြီး ရေများဖြတ်ကျော်လျက်ရှိသည်။

မြို့နယ်အသီးသီးရှိ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာလူမှုရေးအသင်းအဖွဲ့များပါဝင်သည့် မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီးရေးကော်မတီမှ အဆိုပါမြစ်ရိုးတစ်လျှောက်ရှိ ရေကာတာများကို အပိုင်းခွဲခြား၍ ရေကင်းတာဝန်စောင့်ကြပ်ချထားခြင်း ရေဘေးအရေးပေါ်ချိန်တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ကြိုတင်စီမံကွပ်ကဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပိန်းဇလုပ်-သိန်းညွှန့်**

# ရွေးကောက်ပွဲ၌ မိမိတို့ရွေးချယ်လိုက်သူသည် မိမိနိုင်ငံနှင့် မိမိဒေသကို အကျိုးပြုနိုင်သူဖြစ်ရန်လို

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ခပေါင်းခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲသည် နိုင်ငံအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များသာမက တစ်တိုင်းပြည်လုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲ အောင်မြင်အဆင်ပြေရန် အရေးကြီးပါကြောင်း။

ရွေးကောက်ပွဲ၌ မိမိတို့ရွေးချယ်မှု မှန်ကန်ရန်လိုအပ်ပါကြောင်း၊ မိမိတို့ ရွေးချယ်လိုက်သူသည် မိမိနိုင်ငံနှင့် မိမိဒေသကို အကျိုးပြုနိုင်သူဖြစ်ရန် လိုကြောင်း၊ တောင်ငူခရိုင်အတွင်းရှိ မြို့နယ်များမှ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများသည် ရွေးကောက်ပွဲတွင် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် လုံခြုံရေးအပိုင်းကို အဓိကတာဝန်ယူကြမည့်သူများဖြစ်၍ အရေးကြီးပါကြောင်း၊ ထို့အတူ ကော်မရှင်မှ တာဝန်ရှိသူများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများသည်လည်း လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပရေးကိစ္စရပ် အပါအဝင် ဒေသ၏ လိုအပ်ချက်များကို တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးမှူး၊ ခရိုင်မီးသတ်တပ်ဖွဲ့၊ ခရိုင်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းနိုင်ရှိန်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က ဒေသဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များနှင့်အတူ ပဲခူးတိုင်းဒေသကြီး ရေနီမြို့သို့ ရောက်ရှိပြီး ရွှေစေတီကျောင်းတိုက် ဓမ္မဗိမာန်တော်၌ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး မှာကြားသည်။

ထို့နောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာ စကားပြောကြားကာ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

တွေ့ဆုံပွဲမစတင်မီ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ရေနီမြို့ ရွှေစေတီကျောင်းတိုက် ပဓာနနာယက ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဒေသဖွံ့ဖြိုးရေးနှင့် သာသနာရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားခဲ့သည်။

**(သတင်းစဉ်)**



# ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်အရ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ မြန်မာနှင့် ထိုင်းနိုင်ငံသားများ နိုင်ငံတကာလေဆိပ်များမှတစ်ဆင့် ပြည်ဝင်ဗီဇာမလိုဘဲ ၁၄ ရက်ကြာ သွားလာနေထိုင်နိုင်မည်




**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ်ပတိမပရာဂွန်တို့ ပူးတွဲဥက္ကဋ္ဌအဖြစ် ဦးဆောင် ကျင်းပသော (၈)ကြိမ်မြောက် မြန်မာ-ထိုင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပခဲ့သည်။

ဝန်ကြီးအဆင့် စုံညီအစည်းအဝေးမကျင်းပမီ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာဆတ်ခ် ပတိမပရာဂွန် ဦးဆောင်သော ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ပူးပေါင်း ဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးအတွက် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ယင်းနောက် ဝန်ကြီးအဆင့် စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင်ကျင်းပခဲ့ရာ အစည်းအဝေးတွင် နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်ဒေသတစ်လျှောက် ပူးပေါင်း ဆောင်ရွက်မှု၊ သာမန်နိုင်ငံကူး လက်မှတ်ကိုင်ဆောင်သူများ ဗီဇာကင်းလွတ်ခွင့်ပြုမှု၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ပူးပေါင်းဆောင်ရွက်မှု မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ပူးပေါင်းဆောင်ရွက်မှု၊ လုံခြုံရေးနှင့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ လမ်းပန်း ဆက်သွယ်ရေး၊ မြန်မာနိုင်ငံ နယ်စပ်ဒေသများနှင့် ထိုင်းနိုင်ငံ အထူးစီးပွားရေးဇုန်များအကြား စီးပွားရေး ချိတ်ဆက်မှု၊ ထားဝယ်အထူးစီးပွားရေးဇုန်ဖွံ့ဖြိုးရေး၊ အလုပ်သမားကဏ္ဍ၊ နယ်စပ်ဖြတ်ကျော်ရေး သဘောတူညီချက်၊ ဘဏ္ဍာရေးနှင့် ဘဏ်လုပ်ငန်း ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပူးပေါင်း ဆောင်ရွက်မှု၊ ငါးလုပ်ငန်းပူးပေါင်း ဆောင်ရွက်မှု၊ ခရီးသွားလာရေးကဏ္ဍ၊ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍ၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍများ နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသည် နှစ်နိုင်ငံ အကြား အပြန်အလှန်နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပွင့်လင်းစွာဖော်ဆောင်နိုင်ခဲ့သည်။

ဝန်ကြီးများအဆင့် အစည်း အဝေးအပြီးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူး လက်မှတ် ကိုင်ဆောင်သူများအား ဗီဇာကင်းလွတ်ခွင့်ပြုရေး ဆိုင်ရာ သဘောတူစာချုပ်ကို ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဗိုလ်ချုပ်ကြီး တန်နာဆတ်ခ် ပတိမပရာဂွန်တို့က လက်မှတ်ရေးထိုး ခဲ့ကြသည်။

အဆိုပါ ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်အရ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ မြန်မာ နိုင်ငံသားများနှင့် ထိုင်းနိုင်ငံသားများ သည် နိုင်ငံတကာလေဆိပ်များမှ တစ်ဆင့် ပြည်ဝင်ဗီဇာမလိုဘဲ ၁၄ ရက်ကြာ သွားလာနေထိုင်နိုင်မည် ဖြစ်သည်။ အဆိုပါ ဗီဇာကင်းလွတ် ခွင့်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ သည့်အတွက် နှစ်နိုင်ငံပြည်သူများ အကြား ပိုမိုထိတွေ့ဆက်ဆံလာနိုင် ပြီး၊ နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်း များလည်း ပိုမိုနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။ အဆိုပါစာချုပ်သည် လက်မှတ်ရေးထိုး ပြီး ၁၄ ရက်ပြည့် မြောက်သည်နေ့မှစ၍ အသက်ဝင်မည်ဖြစ်သည်။

ဝန်ကြီးအဆင့် စုံညီအစည်း အဝေး မကျင်းပမီ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့ရာ မြန်မာ-ထိုင်းနှစ်နိုင်ငံသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိ ကြီးများ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏ မောင်လွင်နှင့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဇူလိုင် ၂၈ ရက်ည ၈ နာရီက ရှန်ဂရီလာဟိုတယ်၌ ထိုင်း နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြား ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး တန်နာ ဆတ်ခ် ပတိမပရာဂွန်က တည်ခင်း ဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ထိုင်းနိုင်ငံချင်းမိုင်မြို့ရှိ ဝပ်ဆိုင်းမွန်း မြန်မာကျောင်းဆရာတော်အား ဘွဲ့ လက်မှတ်နှင့်သံဃာ့အလံ ဆက်ကပ် ခြင်းနှင့် ဂုဏ်ပြုပူဇော်ပွဲအခမ်းအနား သို့ တက်ရောက်ခဲ့ကြသည်။

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ သည် ချင်းမိုင်မြို့ရှိ မြန်မာကောင်စစ် ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မြန်မာကောင်စစ်ဝန် ချုပ်ရုံးအား ဖွင့်လှစ်ပေးခဲ့ကြသည်။ ဖွင့်ပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့က အဖွင့် မိန့်ခွန်းစကား ပြောကြားခဲ့ကြသည်။

အသစ် ဖွင့်လှစ်လိုက်သည့် ချင်းမိုင်မြို့ ကောင်စစ်ဝန်ချုပ်ရုံးသည် အိမ်နီးချင်း နှစ်နိုင်ငံအကြား နယ်စပ် ကုန်သွယ်မှု၊ ခရီးသွားလာမှုနှင့် ရင်းနှီး မြှုပ်နှံမှုများကို တိုးမြှင့်လာစေရန် ထောက်ပံ့ပေးနိုင်မည် ဖြစ်သည်။ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချင်းမိုင် မြို့သည် ချင်းမိုင်မြို့နှင့် အနီးပတ်ဝန်း ကျင်ဒေသများဖြစ်သည့် ချင်းရိုင်၊ နမ်၊ ဖရာအို၊ ဖရာအဲ့၊ မဲဟောင်ဆောင်၊ လမ်ပန်၊ လမ်ဖွန်နှင့် ဥတ္တရာဒစ်ပြည် နယ်များဆိုင်ရာ ကောင်စစ်ကိစ္စရပ် များနှင့် ယင်းဒေသများတွင် နေထိုင် လုပ်ကိုင်လျက်ရှိကြသည့် မြန်မာနိုင်ငံ သားများ၏ အကျိုးစီးပွားဆိုင်ရာ ကိစ္စ ရပ်များကို ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘားအံမြို့ ရပ်ကွက်များ ရေဝင်နစ်မြုပ်

**ဘားအံ ဇူလိုင် ၃၀-** ကရင်ပြည်နယ် ဘားအံမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေမြင့်တက်လာကာ စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိခဲ့ရာ ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် ထပ်မံရွာသွန်းသောမိုးကြောင့် ဘားအံမြို့အနိမ့်ပိုင်း ရပ်ကွက်များဖြစ်သည့် အမှတ်(၁)၊ (၂)၊ (၅) ရပ်ကွက်များ ရေကြီးနစ်မြုပ်သဖြင့် အိမ်ထောင်စုများအား ကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့ထားကြောင်း သိရသည်။ ပြောင်းရွှေ့အိမ်ထောင်စုများအား တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။

**နေမျိုးလွင်(မြန်/ဆက်)**

# လွတ်ငြိမ်းချမ်းသာခွင့်ကို ကိုယ်တိုင်ခံစားရသူများနှင့် မိသားစုဝင်များ၏ ရင်တွင်းစကားများ

**ရန်ကုန် ဇူလိုင် ၃၀**

နိုင်ငံတည်ဆောက်ရေးကာလတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေမည့် နိုင်ငံသားများအဖြစ် ပြုပြင်ပြောင်းလဲနိုင်ရန် အတွက် အစိုးရသစ် သက်တမ်းအတွင်း နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၂၀၄) ပုဒ်မခွဲ(ခ) အရ အကျဉ်းထောင်အသီးသီး၌ ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားအကျဉ်းသူများကို စည်းကမ်းကောင်းမွန်မှုနှင့် ထောင်အတွင်းနေထိုင်မှုအပေါ် မူတည်၍ လွတ်ငြိမ်းချမ်းသာခွင့်ကို (၅၅)ကြိမ်အထိ ပေးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်အတွက် အကျဉ်းသားအကျဉ်းသူ စုစုပေါင်း ၇၈၉၂၆ ဦးသည် ပုံမှန်လူနေမှုပတ်ဝန်းကျင်တွင် သာမန်နိုင်ငံသား တစ်ဦးအဖြစ် ရပ်တည်ရှင်သန်နိုင်ခဲ့ပြီဖြစ်ပြီး ယနေ့ ဇူလိုင် ၃၀ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ရရှိခဲ့သူ ၆၉၆၆ ဦးအနက်မှ ရန်ကုန်မြို့ အင်းစိန်ဗဟိုအကျဉ်းထောင်မှ အမျိုးသား ၃၉၃ ဦး၊ အမျိုးသမီး ၁၁၃ ဦး စုစုပေါင်း ၅၀၆ ဦး လွှတ်ပေးခဲ့ရာ လွတ်မြောက်ခဲ့သူအချို့နှင့် ၎င်းတို့၏မိသားစုဝင်များ၏ ခံစားချက်များကို တွေ့ဆုံမေးမြန်းဖော်ပြလိုက်ပါသည်။

ဦးခင်အောင် (ဘိုင်မွန်းတည့်နေဂျာနယ်သတင်းထောက်၏ ဖခင်) က "ကျွန်တော့်သားက ၅၀၅(ခ)နဲ့ ထောင်နှစ်နှစ်ကျခဲ့တာပါ။ သူက ဘိုင်မွန်းတည့်နေဂျာနယ်က သတင်းထောက်ပါ။ ထောင်ထဲမှာနေခဲ့တာ တစ်နှစ်နဲ့ တစ်လလောက်နေခဲ့ရတယ်။ သူတို့ဂျာနယ်က ငါးဦးစလုံး ဒီနေ့လွတ်လာကြတယ်။ သားဖြစ်သူ



ဦးခင်အောင်

ဒုက္ခတွေထဲက လွတ်မြောက်လာတဲ့အတွက် ဖခင်တစ်ယောက်အနေနဲ့ ပျော်ပါတယ်။ ထောင်ထဲမှာ အကျဉ်းသား ဘဝကနေ စောစောလွတ်မြောက်လာတဲ့အတွက် ဝမ်းသာမှုဆိုတာ ကျွန်တော့်အတွက် ပြောစရာမလိုပါဘူး။ မီဒီယာသမား တစ်ယောက်အနေနဲ့ သူ့အလုပ်သူ လုပ်ခဲ့တယ်။ အခုအချိန်မှာ ထောင်ကနေ လွတ်ငြိမ်းခွင့်နဲ့ မြန်မြန်လွတ်လာတဲ့အတွက် မီဒီယာသမားတွေ အားလုံးရဲ့ ကိုယ်စား ဝမ်းသာတယ်လို့ ကျွန်တော်ကတော့ပြောချင်ပါတယ်"ဟု ပြောသည်။

ဒေါ်စောစန္ဒာ (မိကျောင်းကန်သပိတ်ခေါင်းဆောင် ဦးစိန်သန်း၏ ဇနီး)က "ထောင်ဝင်စာလာတွေ့ရင်းနဲ့



ဒေါ်စောစန္ဒာ

ဒီရောက်မှ လွတ်မယ်ဆိုတာသိရတယ်။ သူက မြို့နယ်လေးမြို့နယ်မှာ အမှုခြောက်မှုနဲ့ ထောင် နှစ်နှစ်ကျခံခဲ့ရတယ်။ အထဲမှာ တစ်နှစ်ကျော်လောက်နေခဲ့ရတယ်။ ၁၁ လပိုင်းရောက်မှ လွတ်မှာပါ။ အခုလိုစောစောလွတ်လာတဲ့အတွက် ဝမ်းသာတယ်။ အကျဉ်းသားတွေ အားလုံးအပြင်သူတို့ရဲ့ မိသားစုတွေကိုလည်း ကိုယ်ချင်းစာတယ်။ ထောင်ဝင်စာတွေ့ရတဲ့ဒုက္ခဆိုတာက မသေးပါဘူး။ ဒါကြောင့် အခုလွတ်မြောက်လာသူတွေ အားလုံးရဲ့ ကိုယ်စားဝမ်းသာပါတယ်"ဟု ပြောသည်။

ဒေါ်ကြည်ငွေ (လွတ်မြောက်လာသူ)က " မိသားစုနဲ့တွေ့ရမယ်ဆိုတော့ အလွန်ပျော်တယ်။ လောင်းကစား



ဒေါ်ကြည်ငွေ

လုပ်လို့ ထောင်တစ်နှစ်နဲ့ သုံးလကျခဲ့တာပါ။ အထဲမှာ ၁၀ လနဲ့ ရက် ၂၀ နေခဲ့ရတယ်။ အထဲမှာ နေခဲ့ရတဲ့ ရက်တွေမှာလည်း အားလုံးအဆင်ပြေခဲ့ပါတယ်။ အခုလို ရက်မပြည့်ခင်မှာ လွတ်မြောက်လာတဲ့အတွက် အများကြီးဝမ်းသာတယ်။ နိုင်ငံတော်သမ္မတကြီးကိုလည်း ကျေးဇူးတင်တယ်။ ကျန်းမာပါစေလို့လည်း ပြောချင်ပါတယ်"ဟု ပြောသည်။

ဦးဇော်မြင့်(လွတ်မြောက်လာသူ)က " ၁၅(က) နှစ်လုံးထီလောင်းကစားမှုနဲ့ ထောင် တစ်နှစ်ခွဲ ကျခဲ့တာပါ။ အထဲမှာ တစ်နှစ်နဲ့ ၁၃ ရက်နေခဲ့ရတယ်။ ဘာကြောင့် လွတ်မြောက်လာတယ်ဆိုတာကိုတော့ မသိပါဘူး။ ညက တီဗွီမှာ လွှင့်ပေးတယ်လို့



ဦးဇော်မြင့်

ပြောတယ်။ ကျွန်တော်တို့မကြည့်ခဲ့ရပါဘူး။ အခု လွှတ်ပေးတဲ့အထဲမှာ ထောင်နေသက် တစ်နှစ်နဲ့ လက်ကျန်ထောင်သက် တစ်နှစ်အောက်တွေကို လွှတ်ပေးတယ်လို့ သိရတယ်။ ဘာကြောင့်ပဲလွှတ်လွှတ် အကျဉ်းသားတွေကို နိုင်ငံတော်အစိုးရက အခုလိုစောစောလွှတ်ပေးခဲ့တဲ့အတွက် အလွန်ပဲဝမ်းသာကြပါတယ်"ဟု ပြောသည်။

ဒေါ်ကြည်စိုး (လွတ်မြောက်လာသူ) က "အခုမနက် မိုးလင်းမှ လွတ်တော့မယ်ဆိုတာ သိရတယ်။ အိမ်ကတောင် လာမကြိုကြပါဘူး။ သတ်မှတ်ရက်မပြည့်ခင်မှာလွတ်လာတဲ့အတွက် အတော်ဝမ်းသာတယ်။ မိသားစုတွေတွေ့ရင်လည်း ဝမ်းသာကြမှာပါ"ဟု ပြောသည်။

မခိုင် (လာရောက်ကြိုဆိုသူ) က "ဥက္ကံမှာဖြစ်တဲ့ကိစ္စကြောင့် ထောင် ခုနစ်နှစ်စီကျခဲ့ကြတယ်။ ထောင်ထဲမှာ လေးနှစ်ကျော်နေခဲ့ရတယ်။ လွတ်ခါနီးနေလို့ အခုလိုလွှတ်တဲ့ထဲပါခဲ့ရတာပါ။ သူတို့အဖွဲ့က အားလုံး ၁၀ ယောက်လောက်ရှိတယ်။ အကုန်လုံးလွတ်မယ်လို့ ပြောပါတယ်။ သမ္မတကြီးက လွတ်ငြိမ်းချမ်းသာခွင့်ပေးလို့ လွှတ်ပေးတယ်လို့တော့ကြားတယ်။ အခုလို စောစောပြန်လွတ်တော့ အလွန်ပဲဝမ်းသာရပါတယ်"ဟု ပြောသည်။

မမူမူအေး(လာရောက်ကြိုဆိုသူ) က"ဒီနေ့အကျဉ်းသားတွေကို လွှတ်ပေးမယ်လို့ကြားတယ်။ အမျိုးသားက လောင်းကစားမှုနဲ့ ခြောက်လကျနေတယ်။ ထောင်ထဲမှာ သုံးလကျော်ပြီ။ လွတ် မလွတ် အတိအကျမသိသေးပါဘူး။ မျှော်လင့်ချက်နဲ့လာခဲ့တာပါ။ လွတ်ခဲ့ရင်တော့ အတိုင်းမသိဝမ်းသာရမှာပါ။ မျှော်လင့်ချက်နဲ့လာကြိုတာကတော့ မိသားစုဝင်တွေရဲ့အလုပ်ပါပဲ"ဟုပြောသည်။

**သတင်း - ဇော်ကြီး၊ သီဟသူ**

## မြို့အသီးသီးရှိ အကျဉ်းထောင်များမှ အကျဉ်းသားများ လွတ်ငြိမ်းခွင့်ရ



ဓာတ်ပုံ - မျိုးဝင်းထွန်း(မုံရွာ)

### မုံရွာ

နိုင်ငံတော် တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေး၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ရရှိရေးတို့အတွက် အကျဉ်းသား ၆၀ နဲ့ အကျဉ်းသူ ကိုးဦး စုစုပေါင်း ၆၉ ဦးကို ယနေ့တွင် မုံရွာအကျဉ်းထောင်မှ လွှတ်ပေးခဲ့သည်။

အကျဉ်းသားလွှတ်ပေးမှုအခြေအနေနှင့် ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦးက "ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁)နဲ့အညီ အကျဉ်းသားတွေကို လွှတ်ပေးခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေနဲ့ လွှတ်ပေးသူ ၆၉၀၆ ဦးရှိပါတယ်။ လွတ်ဖို့ တစ်နှစ်အလိုနဲ့ ခြောက်နှစ်၊ ခုနစ်နှစ်ကျတဲ့သူတွေပါတယ်။ ထောင်ကလွတ်ရင် ဒေသအကျိုး၊ နိုင်ငံအကျိုးကို တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်နိုင်ပြီး မိသားစု အသိုက်အမြုံလေးနဲ့ တရားဥပဒေဘောင်အတွင်းကနေ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လွှတ်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

လွတ်မြောက်လာသည့် အကျဉ်းသားတစ်ဦးကလည်း "အလွန်ဝမ်းသာပါတယ်၊ နိုင်ငံတော်ရဲ့ စေတနာကိုလည်း ကျွန်တော်တို့ နားလည်နေပါပြီ၊ ကွဲကွာနေတဲ့ မိသားစုတွေနဲ့ ပြန်ဆုံခွင့်ရပြီဖြစ်လို့ ဥပဒေဘောင်အတွင်းကနေပြီး နိုင်ငံနဲ့ လူမျိုးအကျိုးကို တတ်အားသရွေ့ ဆောင်ရွက်တော့မယ်၊ ကျေးဇူးတင်ပါတယ်"ဟုပြောကြားခဲ့သည်။ **ဖိုးချမ်း(မုံရွာ)**

### မြစ်ကြီးနား

မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် မြစ်ကြီးနားအကျဉ်းဦးစီးဌာန ရိပ်သာစခန်း၌ ပြည်ထဲရေးဝန်ကြီးဌာန ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁ (၁)အရ မြန်မာနိုင်ငံသား အကျဉ်းသားများ လွှတ်ပေးမှုအခမ်းအနားကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ကျင်းပခဲ့ရာ မြစ်ကြီးနား အကျဉ်းဦးစီးဌာနမှ ကချင်ပြည်နယ် ဦးစီးမှူး ဦးဝင်းနိုင်လင်း၊ ထောင်မှူး ဦးတင်မောင်ချို၊ ပြည်နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင် ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလွင်၊ မြစ်ကြီးနားခရိုင် အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီး၊ မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့မှူး၊ မြစ်ကြီးနားမြို့နယ်ရဲတပ်ဖွဲ့မှူး၊ တရုတ်ပြည်ထိန်ချုံးခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာ ကျန်မင်ဒယ်နှင့်အဖွဲ့၊ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁(၁)အရ လွှတ်ပေးသည့် မြန်မာနိုင်ငံသား အကျဉ်းသား အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၁၆၂ ဦးတို့ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အမှာစကားပြောကြားခဲ့ပြီး ထောင်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ချိုက မြန်မာနိုင်ငံ အကျဉ်းသား အကျဉ်းသူ ၁၆၂ ဦး အား တစ်ဦးလျှင်ထောက်ပံ့ငွေကျပ် ၁၀၀၀ နှင့်အတူ လွှတ်ဝရမ်းများ ပေးအပ်သည်။ ဆက်လက်၍ နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ပြည်ထဲရေး ဝန်ကြီးဌာန ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁(၁)အရ တရုတ်နိုင်ငံသား အကျဉ်းသားများ လွှတ်ပေးမှုအခမ်း အနားကျင်းပရာ ထောင်မှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်မောင်ချိုက တရုတ်နိုင်ငံသား အကျဉ်းသား အကျဉ်းသူ ၁၅၇ ဦး အား လွှတ်ဝရမ်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုယ်းကျ(မြစ်ကြီးနား)**

### မိတ္ထီလာ

နိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံလျက်ရှိသော နိုင်ငံသား / နိုင်ငံခြားသား စုစုပေါင်း ၆၇၆၈ ဦးကို ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ရာ မိတ္ထီလာအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ကြောင်း သိရသည်။

အကျဉ်းသား ၂၆ ဦး၊ အကျဉ်းသူ ၁၁ ဦး၊ နိုင်ငံခြားသားတစ်ဦး စုစုပေါင်း ၃၈ ဦးကို ပြစ်ဒဏ်ကျခံပြီးကာလ တစ်နှစ်နှင့်အထက်ရှိပြီး ပြစ်ဒဏ်ကျခံရန် တစ်နှစ်နှင့် အောက်ရှိ အကျဉ်းသားအကျဉ်းသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပြုပေးခြင်းဖြစ်ကြောင်း မိတ္ထီလာအကျဉ်းထောင်မှူး ဦးခင်မောင်ထွန်းက ပြောသည်။

မိတ္ထီလာအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်ပြုသူ အကျဉ်းသား အကျဉ်းသူ ၃၈ ဦးတွင်ပါဝင်သည့် တရုတ်နိုင်ငံသား စီကျားခေါ်(၂၂နှစ်) သည် ရှင်းချမ်းကွမ်းရှာ လူဖုန်းမြို့နယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နေထိုင်သူဖြစ်ပြီး တရုတ်နိုင်ငံ ကွမ်တုံမြို့မှ လောက်ကိုင်မြို့သို့လာရောက်လောင်းကစား၍ အရက်မူးလွန်ကာ ကြုံရာမော်တော်ယာဉ်ဖြင့် လိုက်ပါပြီး မိတ္ထီလာမြို့၌ ဖမ်းဆီးခံရလာကာ တရားမဝင် နိုင်ငံဝင်ရောက်မှုဖြင့် ပြစ်ဒဏ် နှစ်နှစ်ကျခံခဲ့ရသူဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

### ညောင်ဦး

နိုင်ငံတော်သမ္မတ၏ ခွင့်ပြုချက်ဖြင့် အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် ကျခံပြီး ကာလတစ်နှစ်နှင့်အထက်ရှိပြီး ကျန်ကာလ တစ်နှစ်နှင့် အောက်ရှိ အကျဉ်းသားများကို ဇူလိုင် ၃၀ ရက်က လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ရာ ညောင်ဦးအကျဉ်းထောင်မှ အကျဉ်းသား ၃၁ ဦးနှင့် အကျဉ်းသူ သုံးဦး စုစုပေါင်း ၃၄ ဦး လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ဦးမြို့နယ် အကျဉ်းဦးစီးဌာနမှ ထောင်တာဝန်ခံအရာရှိ ဦးအောင်နိုင်ဖေက လွတ်ငြိမ်းချမ်းသာခွင့်ရအကျဉ်းသား၊ အကျဉ်းသူတစ်ဦးချင်းကို လွတ်လက်မှတ်နှင့်တကွ ခရီးစရိတ် ငွေကျပ် ၁၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

### သထုံ

မွန်ပြည်နယ် သထုံမြို့နယ် သထုံအကျဉ်းထောင်၌ အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက်မှ ကျခံပြီးကာလတစ်နှစ်နှင့် အထက်ရှိပြီး ကျန်ကာလ တစ်နှစ်နှင့် အောက်ရှိသည့် အကျဉ်းသား ၂၁ ဦးအား မိမိအကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံ့အကျိုးတို့ကို အများပြည်သူနည်းတူ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ဖြင့် ဇူလိုင် ၃၀ ရက်က လွတ်ငြိမ်းခွင့်ပေးခဲ့ကြောင်း သထုံမြို့နယ် အကျဉ်းဦးစီးဌာနမှ သိရသည်။



"ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁၊ ပုဒ်မခွဲ ၁ အရ လွှတ်ပေးတာဖြစ်လို့ ဒီနေ့လွတ်မြောက်တဲ့သူတွေဟာ ပြန်ပြီးတခြားအပြစ်ကျူးလွန်ရင် အဲ့ဒီအပြစ်အတွက် ပြစ်ဒဏ်အပြင် အခုကျန်ရှိတဲ့ ပြစ်ဒဏ်ကိုပါ ထပ်ဆောင်းကျခံရမှာ ဖြစ်ပါတယ်။ ဒါကိုတော့ ဂရုပြုစေချင်ပါတယ်"ဟု သထုံအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးတင်ချိုက အကျဉ်းသားများအား သထုံ အကျဉ်းထောင်ရိပ်သာ၌ နှုတ်ဆက်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အဆိုပါ အကျဉ်းသားများအား သထုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ထွန်းသိန်းနှင့် သထုံအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးတင်ချိုတို့က နှုတ်ဆက်ဆုံးမစကားများ ပြောကြားခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မုံရွာမြို့၌ စိုးရိမ်ရေမှတ်ကျော်လွန်သဖြင့် ရေဘေးအန္တရာယ်မကျရောက်ရေး ကာကွယ်ရေးလုပ်ငန်းများအရှိန်မြှင့်ဆောင်ရွက်

မုံရွာ ဇူလိုင် ၃၀

**စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေတိုးလာပြီး ဇူလိုင် ၃၀ ရက်တွင် မုံရွာမြို့၌ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀ကို ကျော်လွန်ပြီး လက်ရှိ ရေအမှတ် ၁၀၀၉ စင်တီမီတာ သို့ရောက်ရှိနေကြောင်း သိရသည်။**

သို့ဖြစ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ချင်းတွင်းမြစ်တာရိုးနှင့် မြစ်ရေဝင်ရောက်နိုင်သည့် နေရာများတွင် ဇူလိုင် ၂၇ ရက်က စတင်ပြီး မုံရွာမြို့နယ် တောင်ပိုင်း သစ်စိမ့်ကျေးရွာမှ မြို့နယ်မြောက်ပိုင်း မရိုးတောကျေးရွာအထိ ချင်းတွင်းမြစ်ရိုးတစ်လျှောက် ရေကင်းအမှတ်(၁)မှ (၂၄)အထိထားရှိပြီး ရေဘေးကာကွယ်ရေး အတွက် သဲအိတ်များကာရံခြင်း၊ စုဆောင်းခြင်း၊ ဌာနဆိုင်ရာ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ရပ်ကွက်/ကျေးရွာများမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ရေကင်းတာဝန်ချထားပြီး ၂၄ နာရီ စောင့်ကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ရေစိမ့်ဝင်နိုင်သည့် နေရာများတွင် ခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့ပေါ်မှ လုပ်သားပြည်သူများရေဘေးကာကွယ်ရေးအတွက် သဲအိတ်များ ကာရံနေမှု အခြေအနေများကို တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းက လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မူးမြစ်ရေတိုးလာခဲ့ရာ ဇူလိုင် ၃၀ရက် နံနက် ၁၀ နာရီခွဲခန့်က ဇရစ်ကျေးရွာနှင့် ကူးတို့ကိုင်းကြား ထူးပေါက်ထားသည့်လမ်းပိုင်းကြားရှိ ရေထုတ်ပြွန်တံတားအမှတ် (၄/၃၆) နှင့် (၅/၃၆)ကြားရှိ ချဉ်းကပ်လမ်းပျက်စီးသွားကာ ကျောက်ရိုးစီ ချဉ်းကပ် လမ်းသည် ရေကျဘက်ခြမ်း ကျောက်ရိုး ၁၈ ပေခန့်ပြုတ်ကျပြီး ရေတင်ဘက်ခြမ်း ၄၃ ပေအကျယ် လမ်းပြတ် ထွက်သွားသဖြင့် လမ်းပျက်သွားပြီဖြစ်သည်။ မုံရွာ-အရာတော်-ရွှေဘိုလမ်းပိုင်း ဇရစ်နှင့် ကူးတို့ကိုင်းကြားတွင် လူနှင့်ဆိုင်ကယ်များပါ ဖြတ်သန်းသွားလာနိုင်မှုမရှိတော့ကြောင်းသိရပြီး အရေးပေါ်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် စက်လှေစီစဉ်ထားပြီး မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**




# မြန်မာ့မီးရထား တိုင်းနယ်မြေအချို့၌ ရထားလမ်း ရေကြီးနစ်မြုပ်မှုဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၃၀**

ဇူလိုင် ၂၈ရက် နံနက်ပိုင်းက မြန်မာ့မီးရထား တိုင်းခွဲ အမှတ်(၇) စစ်တွေရှိ ပြည်တော်သာ-ရေချမ်းပြင်ရထားလမ်းပိုင်း၊ အပေါက်ဝနှင့် ကျောက်တော် ဘူတာကြား မိုင်တိုင်(၃၉/၅-၁၀)ကစ္စပနဒီ မြစ်ရေသည် ရထားသံလမ်းပေါ်သို့ (တစ်ပေခန့်) ကျော်လာမှုကြောင့် အဆိုပါလမ်းပိုင်းအား ယင်းနေ့ နံနက် ၇နာရီ ၅ မိနစ်တွင် ပိတ်ထားခဲ့ရသည်။ သို့သော် ကွမ်းတောင်(၁)(၂)(၃)(၄) ရထားများသည် ကွမ်းတောင်နှင့် အပေါက်ဝ ခရီးစဉ်ကို ပြေးဆွဲပေးလျက်ရှိကြောင်း သိရှိရသည်။

ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက အဆိုပါနယ်မြေ၌ပင် ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းရှိ ယိုးတရုတ်နှင့် အောင်ဖြူပြင် ဘူတာကြား မိုင်တိုင်(၂၀/၆-၇) သံလမ်း ဝဲ။ယာ အလျား ပေ ၂၀၊ အနက် ၁၀ ပေ ရေတိုက်စားမှုကြောင့် သံလမ်းမှာ ပတ္တလားသဖွယ် ဖြစ်သွားပါသဖြင့် အဆိုပါ ရထားလမ်းပိုင်းအား ၁၀ နာရီတွင် ပိတ်ထားခဲ့ရသည်။

အဆိုပါ ဖြစ်စဉ်အပေါ် အင်ဂျင်နီယာ (သံလမ်း/ ပုဏ္ဏားကျွန်း/ကျောက်တော်) အဖွဲ့သည် ယင်းနေ့ ၁၀နာရီခွဲမှစ၍ တောင်ကျရေ များရေလမ်းလွှဲခြင်း၊ ကျောက်ကြီးချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူပင် မြန်မာ့မီးရထား တိုင်းအမှတ်(၉) ဟသ်ာတ-ဘုရားပေါ် ရထားလမ်းပိုင်း၊ မယ်ဇလီကုန်းနှင့် ထူးကြီးဘူတာကြား မိုင်တိုင် (၁၃၉/၁၆-၁၇)ရှိ တံတားအမှတ်-၇၆၏ မယ်ဇလီကုန်း ဘူတာဘက်ခြမ်း တာပေါင်ရေတိုက်စားမှုကြောင့် အဆိုပါရထားလမ်းပိုင်းအား ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ပိတ်ထားခဲ့ရပြီး အမှတ်(၁၈၁) အဆန်ရထားဖြင့် မယ်ဇလီကုန်းသို့ ရောက်ရှိလာသော ခရီးသည် ၅၃ဦးနှင့် အမှတ်(၁၈၂) အစုန်ရထားဖြင့် ထူးကြီးသို့ရောက်ရှိလာသော ခရီးသည် ၇၁ ဦးအား ထူးကြီးနှင့် မဲဇလီသို့ အပြန်အလှန် ကူးပြောင်းပေးခဲ့ပြီး အမှတ်(၁၈၁)အဆန်ရထားအား (၁၈၂) အစုန် ရထားအဖြစ် လည်းကောင်း၊ အမှတ် (၁၈၂) အစုန်ရထားအား (၁၈၁)အဆန် ရထားအဖြစ် လည်းကောင်း ဆက်လက်ပြေးဆွဲပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

ထို့အပြင် မြန်မာ့မီးရထား တိုင်းအမှတ်(၉) ကြံခင်း-ကံမ ရထားလမ်းပိုင်း ကံမနှင့် ညောင်ကိုင်းဘူတာကြား မိုင်တိုင်(၂၄၃/၁၀-၁၁)ရှိ သံလမ်းပေါ်၌ အလျား ပေ ၁၂၀၊ အနံ ရှစ်ပေ၊ အမြင့် ငါးပေခန့် မြေများဖုံးလွှမ်းသဖြင့် အဆိုပါလမ်းပိုင်းအား ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပိတ်ထားခဲ့ရာ အမှတ် (၂၀၀)အစုန်ရထားသည် လမ်းပိုင်းအတွင်း ပိတ်မိခဲ့သည်။ အင်ဂျင်နီယာ (သံလမ်း၊ ကံမ)နှင့် လုပ်သား ၁၂ ဦးတို့က မြေများကို အမြန်ဆုံးဖယ်ရှား ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီတွင် လမ်းပိုင်း ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

၎င်းအပြင် မြန်မာ့မီးရထား၊ တိုင်းအမှတ်(၁၀) ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်း ကန်နှင့်မွေ့လယ် ဘူတာကြား မိုင်တိုင်(၆၅၆/၅-၁၀)ရှိ ရေရှင်မ ဥမှင်အတွင်း၌ အလျား သံလမ်း ၁၀ ဆက်ခန့် ရေ ၁၈ လက်မ ကျော်နေပါသဖြင့် အဆိုပါလမ်းပိုင်းအား ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ (သံလမ်း၊ ဂန့်ဂေါ) အဖွဲ့က ရေစုပ်စက် သုံးလုံးဖြင့် စုပ်ထုတ်ဖယ်ရှားခဲ့ရာ ညနေ ၃ နာရီတွင် ပြီးစီးသဖြင့် ယင်းလမ်းပိုင်းအား ဆက်လက်ထွက်ခွာပြေးဆွဲနိုင်ပြီ ဖြစ်သည်။

ထို့နည်းတူစွာ ကျောသာ-ဝါးပင် ရထားလမ်းပိုင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အင်ဂျင်နီယာ (သံလမ်း/ကျော/ကျောသာ) နှင့် လုပ်သား ၂၃ ဦးတို့က လမ်းပိုင်းရှင်းလင်းပြုပြင်ရေး လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်းနှင့် ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် သီပေါ-တာပုလဲ ရထားလမ်းပိုင်း မိုင်တိုင် (၅၁၅/၁၄-၁၅) ၌ ကျောက်ရော မြေများ ပြိုကျနေခြင်း၊ နှစ် ပေ ပတ်လည်၊ အရှည် ၃၅ ပေရှိ သစ်ပင် ၁၂ ပင် လဲကျနေခြင်းကို ထပ်မံတွေ့ရှိရသဖြင့် အင်ဂျင်နီယာ (သံလမ်း။လားရှိုး)နှင့် လုပ်သား ၁၅ ဦးတို့က ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးမြစ်စိုးရိမ်ရေမှတ်ကျော်လွန်၍ စစ်ကိုင်း-မုံရွာကားလမ်းအချို့နေရာများရေကျော်မှုဖြစ်

**စစ်ကိုင်း ဇူလိုင် ၃၀**

စစ်ကိုင်းမြို့၌ ဇူလိုင် ၃၀ ရက် နံနက်ပိုင်းက ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့ စိုးရိမ်ရေအမှတ်သို့ရောက်ရှိပြီး မူးမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ၁ ဒသမ ၈ ပေသို့ရောက်ရှိနေသောကြောင့် စစ်ကိုင်း-မုံရွာ သွားမော်တော်ကားလမ်း စစ်ကိုင်းမြို့ ညောင်ပင်ဝန်းကျေးရွာရှိ မိုင်တိုင်အမှတ် (၃၇/၆)မှ ညောင်ပင်ဝန်းတံတားအထိ ကားလမ်းအနိမ့်ပိုင်းနေရာအချို့တွင် မူးမြစ်ရေများ ဖြတ်ကျော်လျက်ရှိသည်ကို သိရသည်။

အဆိုပါမူးမြစ်ရေများလျှံပြီး ကျေးရွာအချို့ရေဝင်သည့်နေရာများနှင့် ကားလမ်းအနိမ့်ပိုင်း ရေကျော်နေသည့်နေရာများ၌ သက်ဆိုင်ရာအဖွဲ့များက အချိန် နှင့်တစ်ပြေးညီ လုပ်ငန်းများဆောင်ရွက်နေမှုကို တိုင်းဒေသကြီး သစ်တောသတ္တုတွင်းအင်ဝန်ကြီး ဦးသန်းထိုက်နှင့်တာဝန်ရှိသူများက ကြီးကြပ်လျက်ရှိပြီး ယာဉ်သွားလာမှုနှင့် ရေကျော်သည့်နေရာများတွင် ကားများ အန္တရာယ်မဖြစ်စေရန်အတွက် လမ်းဘေးပခုံးသားနေရာများတွင် အမှတ်အသားများပြထားသည်နှင့် ရေဝင်သည့်နေရာများမှ လူနှင့်တိရစ္ဆာန်များ ဘေးကင်းသည့်နေရာများတွင် နေရာချထားမှုတို့အားကြည့်ရှု၍ လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးဝင်း**

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွား

**လိပ်သို ဇူလိုင် ၃၀**

ကရင်ပြည်နယ် လိပ်သိုမြို့၌ ဇူလိုင် ၂၄ ရက်ညနေပိုင်းကစ၍ အဆက်မပြတ် မိုးရွာသွန်းခဲ့ရာ ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီထိ မိုးရေချိန် တိုင်းတာချက်အရ ၄ ဒသမ ၄လက်မ ရှိခဲ့ကြောင်းသိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် တောင်ငူ-လွိုင်ကော် ကားလမ်းမတစ်လျှောက်ရှိ ကျေးမင်းကျေးရွာ၊ ဒါရိုးကျေးရွာနှင့်ကလေထကျေးရွာများတွင် မြေပြိုမှုများ ဖြစ်ပေါ်လျက်ရှိသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဂျေအေဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်တို့ဦးဆောင်ကာ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဇူလိုင် ၃၀ ရက် နံနက်က စတင်ရှင်းလင်းဖယ်ရှားခဲ့ရာ မွန်းတည့် ၁၂ နာရီတွင်လမ်းများဖွင့်၍ လိပ်သို၊ တောင်ငူမော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်ပြီး လိပ်သို-လွိုင်ကော်ကားလမ်းမကို ဆက်လက်ရှင်းလင်းလျက်ရှိသည်။ **မန္တယ်(ပြန်/ဆက်)**

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ကေများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီး နှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး သီးနှံများ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါ ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးများလုံလောက်စွာ ဝေငှပေးခြင်း၊ ရေကျချိန်တွင် ချက်ချင်းစိုက်ပျိုးနိုင်ရန် ဌာနပိုင်ထွန်စက်များဖြင့် ထွန်ယက်ပေးခြင်းများ ပြုလုပ်ပေးနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

**ရေကြီးနစ်မြုပ်မှုနှင့် သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နစ်မြုပ်ဧက | ပြန်ပေါ်ဧက | ထိခိုက်ဧက | ပျက်စီးဧက |
|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | | |
| ၂။ | ကချင်ပြည်နယ် | ၂၆၅၅၉ | ၂၃၆၁၅ | ၈၂၅၉ | ၃၅၂၉ |
| ၃။ | ကရင်ပြည်နယ် | ၇၅၁ | | | |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁၆၅၀၀ | ၆၇၃၄၄ | ၅၁၁၀၅ | ၂၃၁၀၂ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၀၉၄၀၂ | ၁၄၄၂ | ၁၃၂၇ | ၁၃၂၇ |
| ၆။ | မကွေးတိုင်းဒေသကြီး | ၁၀၀၅၅ | ၁၀၀၅၅ | ၁၀၀၅၀ | |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၅၅၃ | ၆၀ | ၃ |
| ၈။ | မွန်ပြည်နယ် | ၈၀၀ | ၇၀၀ | | |
| ၉။ | ရခိုင်ပြည်နယ် | ၄၈၃၁၈ | ၂၉၁၅ | ၂၁၇၁ | ၁၄၄၀ |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၁၇၅၄၃ | ၈၄၉ | | |
| ၁၁။ | ရှမ်းပြည်နယ် | ၈၉၈၉ | ၆၄၉၉ | ၆၇၇ | ၁၂၇ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၅၃၃၅၈ | ၆၃ | | |
| | **စုစုပေါင်း** | **၃၉၅၆၅၆** | **၁၁၄၀၅၈** | **၇၃၆၄၉** | **၂၉၅၂၈** |

ရေလွှမ်းမိုးမှု မတိုင်မီ
မိုးလေဝသသတင်းကို
အမြဲမပြတ်
နားထောင်ပါ

# ရွှေလီမြစ်ရေဝင်ရောက်သည့် ရေဘေးသင့်ပြည်သူများကို ထောက်ပံ့

**မဘိမ်း ဇူလိုင် ၃၀**

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ်တွင် ရွှေလီမြစ်ရေဝင်ရောက်သည့် ကျေးရွာမှ အိမ်ထောင်စုဝင်များကို လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်နိုင်ရန် အတွက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်တာဝန်ရှိသူများနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ဝင်များက ဇူလိုင် ၂၈ ရက်မှ ၂၉ ရက်အထိ ရွှေလီမြစ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများသို့ စက်လှေဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့သည် ရွှေလီမြစ်ကမ်းတစ်လျှောက်ရှိ ခိုတာကျေးရွာ၊ မအူကုန်းကျေးရွာ၊ ပွဲစမိတ်ကျေးရွာ၊ ချောင်းမကျေးရွာ၊ အစုကြီးကျေးရွာ၊ ဒိုးချောင်းကျေးရွာ၊ ဥယျာဉ်ပုကျေးရွာနှင့် ပြချောင်းကျေးရွာတို့ရှိ မြစ်ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များကို သောက်ရေသန့်ဘူးများ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များနှင့် ဆေးဝါးမျိုးစုံတို့ကို ထောက်ပံ့ပေးအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့် လူနာ ၆၅ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ပြီး မြစ်ရေဝင်ရောက်သည့် ကျေးရွာရှစ်ရွာအတွက် တစ်လီတာသောက်ရေသန့်ဘူး ၇၂၀၊ အသင့်စားခေါက်ဆွဲခြောက်ဖာ ၃၀ နှင့် ဆေးဝါးမျိုးစုံ ၅၇ မျိုးကို မြစ်ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး အထောက်အကူပြုကော်မတီ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို မေးမြန်းစိစစ်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# လမ်းတံတားရေတိုက်စား၍ မန္တလေး-လားရှိုးရထားများ သီပေါထိသာသွားနိုင်



**သီပေါ ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သီပေါနှင့်လားရှိုး ရထားလမ်း မိုင်တိုင် ၅၀၉/ ၁၃-၁၄ ရှိ (နမ့်ပေါ့ချောင်း)ရထားတံတားမှာ အလယ်အုတ်ခုံတိမ်းစောင်းသွားသဖြင့် မန္တလေး-လားရှိုး အစုန် အဆန်ရထားများ ရပ်ဆိုင်းထားရပြီး သီပေါအထိသာ ခုတ်မောင်းပြေးဆွဲလျက်သည်။

အဆိုပါရထားလမ်းတံတားကို မြန်မာ့မီးရထားတိုင်း(၃)လက်ထောက်အထွေထွေမန်နေဂျာ ဦးဌေးလှိုင်၊ ရုံးချုပ်မှ ဒုတိယအထွေထွေမန်နေဂျာ(တီဂျီအမ်) ဦးမောင်မောင်သန်းနှင့်တာဝန်ရှိသူများက ကြီးကြပ်၍ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြင်ဆင်လျက်ရှိသည်ကို ဇူလိုင် ၃၀ ရက်က တွေ့ရသည်။

မန္တလေး-လားရှိုး အစုန် အဆန်ရထားများ ပုံမှန်သွားလာနိုင်မှုအတွက် ၁၀ ရက်ခန့် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန ထုတ်ပြန်ချက်အရ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ အောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ကောလင်းရေဘေးသင့်ဒေသခံများ ရေတွင်းသန့်စင်ရေးနှင့် အိမ်သာများ အရေးပေါ်လိုအပ်နေ

**ကောလင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေဘေးကြုံတွေ့ခဲ့သော မြို့များတွင် အဆိုးဆုံးဖြစ်ခဲ့သည့် ကောလင်းမြို့နယ်တွင်း ကျေးရွာများမှ ရေဘေးသင့်ပြည်သူများမှာ လတ်တလောတွင် ရေတွင်းများ သန့်စင်ရေးနှင့် အိမ်သာများ အရေးပေါ်လိုအပ်နေကြောင်း သိရသည်။

ဇူလိုင် ၂၈ ရက်နောက်ပိုင်း ရေကျသွားပြီဖြစ်၍ ကယ်ဆယ်ရေးစခန်းများမှ မိမိတို့ကျေးရွာနေအိမ်များသို့ ပြန်လည်သွားရောက်နေထိုင်သူများတွင် ရေတွင်းနှင့် သန့်စင်ရေအိမ်သာများအခက်အခဲများ ကြုံနေရကြောင်း သိရသည်။

ယခုအခါ ရေတွင်း၊ အိမ်သာများ အကုန်ပွင့်ကုန်၍ ရေသန့်ရှင်းဖို့ ဆေးခတ်မှုလုပ်ရသည်။ မီးသတ်တပ်ဖွဲ့နှင့် ကျန်းမာရေးဌာနအဖွဲ့များက စာရင်းကောက်နေကြသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးများက အတိအကျစာရင်းပေးပြီး တင်ပေးနိုင်ရန် လုပ်ဆောင်ရမှု လွယ်ကူမည်ဖြစ်သည်။

ရေဘေးသင့်ဒေသများသို့ နိုင်ငံတော်က ထောက်ပံ့ပေးမှုတွင် အဆိုးရွားဆုံးဖြစ်ခဲ့သော ကောလင်းမြို့မှာ ၆၀ ရာခိုင်နှုန်း၊ ကန့်ဘလူမြို့နယ်မှာ ၃၀ ရာခိုင်နှုန်းနှင့် ကျွန်းလှမြို့နယ်မှာ ၁၀ ရာခိုင်နှုန်း ဘတ်ဂျက်ခွဲဝေရရှိပြီး ကောလင်းမြို့ပေါ်တွင် ကျန်းမာရေးအတွက် အိမ်သာများနှင့် အခြားဆေးဝါးပစ္စည်းများ ပြန်လည်ထူထောင်ရေးအတွက် ရောက်ရှိနေပြီ ဖြစ်သည်။



ရေတွင်းရေကန်များသို့ ဆေးခတ်ခြင်းနှင့် ရေကျချိန်နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ မဖြစ်ပွားစေရေးကို နေပြည်တော်နှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းတင်နှင့် တာဝန်ရှိသူများ လိုက်လံလုပ်ဆောင်နေပြီး ရေရှိချိန်တွင် လှေဖြင့်သွားနိုင်သော်လည်း ရေကျချိန်၌ လမ်းများကျွံသဖြင့် ကားများသွားရန် အခက်အခဲများ ရှိနေကြောင်း သိရသည်။

ရေကြီးရေလျှံမှု ဖြစ်နေသောဒေသများတွင် ကူညီကယ်ဆယ်မှုလုပ်ငန်းများလုပ်ပြီး ရေပြန်ကျသွားသောအခါ အရေးပေါ်လိုအပ်သမျှကို ကူညီနိုင်ရန်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ကြသည်။ ရေကျသွားသောနေရာများတွင် ရေတွင်းရေကန်များ သန့်ရှင်းရေးလုပ်ရန်၊ သောက်ရေရရှိရန်၊ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်သွားရန်၊ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန်နှင့် စပါးထောက်ပံ့ရန်ဖြစ်သည်။

ရေကြီးရေလျှံမှု ဖြစ်ပွားနေသောဒေသများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်လုပ်ကိုင်နေသည့် သရုပ်ဆောင် ဝေဠုကျော်အား သရုပ်ဆောင်မင်းမော်ကွန်းက ငွေကျပ်နှစ်သိန်း၊ ကိုးကန့်လူမှုကယ်ဆယ်ရေးအဖွဲ့က ငွေကျပ်သိန်း ၅၀၊ ပန်းပျိုးသူပရဟိတအဖွဲ့က ငွေကျပ်သိန်း ၂၀ တို့ကို လှူဒါန်းခဲ့ကာ ဝေဠုကျော်ဖောင်ဒေးရှင်းသို့လည်း လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝေဠုကျော်သည် ဇူလိုင် ၂၈ ရက်က ကောလင်းမြို့တွင် ရေဘေးကြုံတွေ့နေသူများကို ကူညီကယ်ဆယ်မှုများပြုလုပ်ပြီး ဇူလိုင် ၂၉ ရက်၌ ကောလင်းစည်ပင်သာယာမြို့မဈေးသို့ ကိုယ်တိုင်ဝင်ရောက် အလှူခံပေးခဲ့ကြောင်း သိရသည်။ **(ဓာတ်ပုံ)**

**ရွှေလင်းပြည့်စုံ**

# ဇူလိုင် ၃၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၃၀ ရက်၊ ကြာသပတေးနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ | | | | | |
|---|---|---|---|---|---|
| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၆၀၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၈၅၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၂၀၀၀ မှ ၂၃၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၀၉၀၀၀ |
| ၈ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ရွှေဝါ၊ ဝါးခယ်မ) | တစ်အိတ် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၈၀၀၀ မှ ၁၄၀၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၀၀၀၀၀ မှ ၁၁၀၀၀၀ |
| ၁၀ | နှမ်းနက် | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၆၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၃၀ မှ ၈၈၀ |
| ၁၂ | ကြက်သွန်ဖြူ | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၇၀-၂၁၀၀ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၅၀ မှ ၂၇၀၀ |
| ၁၄ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၀၀ မှ ၉၀၀ |
| ၁၅ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၃၀၀၀ မှ ၂၁၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ဖာ | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၃၀၀၀ |
| ၁၈ | နဂါးမောက်သီး | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၆၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

# ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကောလင်း ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ကျေးရွာ ၆၈ ရွာတွင် ရေလွှမ်းလျက်ရှိရာ တောင်သူဦးရေ ၇၈၀၉ ဦးနှင့် လယ်ယာမြေ ၃၄၆၁၇ ဧကပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်ပွားရာသို့ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းတို့ ပါဝင်သောပူးပေါင်းအဖွဲ့က ဇူလိုင် ၂၅ ရက်ကစတင်၍ ကောလင်းမြို့နယ် အင်ပင်သာကျေးရွာအုပ်စုသို့ စက်လှေများဖြင့်သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအတွက် စားသောက်ကုန်၊ ရေသန့်ဘူး၊ အဝတ်အထည်များ ထောက်ပံ့ပေးခဲ့ကြသည်။

ထို့နောက် အင်ပင်သာကျေးရွာအုပ်စု ကသစ်ကုန်းရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပျက်စီးဆုံးရှုံးသော လယ်ယာမြေများကို ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေး၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါကာကွယ်ရေးနည်းလမ်းများ၊ မြွေအန္တရာယ်ကာကွယ်ကုသမှုနည်းလမ်းများကို အသိပညာပေးဆွေးနွေးပြောကြားပြီး နာမကျန်းသူများအား အခမဲ့ဆေးဝါးကုသခဲ့ကြောင်း သိရသည်။

**ရွှေလင်းပြည်စုံ**



ဇူလိုင် ၃၀ ရက်က မန်းချောင်းရေကြီးရေလျှံ၍ ငဖဲမြို့နယ် မြို့မအရှေ့ပိုင်းရပ်ကွက်နှင့် အလယ်ပိုင်းရပ်ကွက်များသို့ ရေ(တစ်ပေခွဲ)ခန့်ရောက်ရှိလာသောကြောင့် အိမ်ထောင်စု ၃၀ ခန့် ရေလွတ်ရာသို့ ပြောင်းရွှေ့ကြစဉ်။

သန်းဌေး(မင်းဘူး)

# ဝါဝင်ကာလတွင် လူသားချင်းစာနာထောက်ထားမှုများဖြင့် အကျဉ်းသား အကျဉ်းသူ ၆၉၆၆ ဦးတို့အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များပေး

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(က)နှင့်အညီ အကျဉ်းထောင်အသီးသီးတွင် ထိုက်သင့်သော ပြစ်ဒဏ်များ ကျခံပြီးဖြစ်သည့်အပြင် အကျဉ်းထောင်ကျခံစဉ်ကာလအတွင်း စည်းကမ်းကောင်းမွန်သည့် အကျဉ်းသား၊ အကျဉ်းသူ ၆၉၆၆ ဦးတို့အား နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက်လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှုကို အလေးပေးသောအားဖြင့်လည်းကောင်း ၂၀၁၅ ခုနှစ် ဇူလိုင် ၃၀ ရက် (မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၄ ရက်)နေ့တွင် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်များ ပေးခဲ့သည်။

အဆိုပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်တွင် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲစေရေးအတွက် မြန်မာနိုင်ငံသား အကျဉ်းသား ၆၇၅၆ ဦးအား ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်များနှင့် နှစ်နိုင်ငံချစ်ကြည်ရေး၊ နိုင်ငံအချင်းချင်းမိတ်ဝတ်မပျက်ဆက်ဆံရေးတို့ကို ရှေးရှုသောအားဖြင့် နိုင်ငံခြားသား အကျဉ်းသား ၂၁၀ အား ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များပေး၍ ပြည်နှင်ဒဏ်ပေးခြင်းတို့ပါဝင်ပြီး စုစုပေါင်း အကျဉ်းသား အကျဉ်းသူ ၆၉၆၆ ဦးတို့အား ပြစ်ဒဏ် လွတ်ငြိမ်းသက်သာခွင့်များ ခွင့်ပြုပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဇူလိုင် ၃၀ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသား အကျဉ်းသူများအား သက်ဆိုင်ရာ အကျဉ်းထောင်အသီးသီးမှ ပြန်လည်လွှတ်ပေးရာ အင်းစိန်အကျဉ်းထောင်မှ လွတ်ငြိမ်းခွင့်ရသည့် အကျဉ်းသားများနှင့် လာရောက်ကြိုဆိုကြသည့် မိသားစုများအား တွေ့ရစဉ်။

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

# လွတ်မြောက်အကျဉ်းသားများ သွားလာရေးလွယ်ကူစေရန် ကူညီဆောင်ရွက်ပေး



**သရက် ဇူလိုင် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတရုံးအမိန့်ဖြင့် ဇူလိုင် ၃၀ ရက် နံနက်က ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန သရက်အကျဉ်းထောင်တွင် ကျခံနေသည့် ပြစ်ဒဏ်များကို လျှော့ပေါ့၍ ကျင့်ထုံးဥပဒေ ၄၀၁(၁)ဖြင့် ပြစ်ဒဏ် တစ်နှစ်ကျခံပြီးသူ၊ လက်ကျန်ကာလ တစ်နှစ်အောက်ရှိသူများ အမျိုးသား ၁၁၄ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၁၃၀ လွတ်မြောက်သည်။

လွတ်မြောက်အကျဉ်းသားများတွင် ရပ်ဝေးရပ်နီး နေရပ်ပြန်များ ရှိနေပြီး ၎င်းတို့ လွတ်မြောက်ချိန်တွင် ဧရာဝတီမြစ်ရေတက်ချိန်ဖြစ်နေသဖြင့် သရက်မှ အောင်လံမြို့သို့ မြစ်ရေတက်ချိန် သွားလာရခက်ခဲနေသည်။ ထိုသို့လွတ်မြောက်အကျဉ်းသားများ သွားလာရခက်ခဲနေမှုအပေါ် လူသားချင်းစာနာထောက်ထားကာ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်သောအားဖြင့် သရက်မြို့မှ အောင်လံမြို့သို့ ရေယာဉ်ကြီးဖြင့် မြစ်ဖြတ်ကူးသည့် အစီအစဉ်အား သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ထောင်ပိုင်ကြီး တာဝန်ခံအရာရှိ ဦးသန်းဌေး(လက်ထောက်ညွှန်ကြားရေးမှူး)နှင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ ကူညီဆောင်ရွက်ပေးမှုအပေါ် လွတ်မြောက်အကျဉ်းသားများက အထူးပင်ကျေးဇူးတင်ရှိပြီး ဝမ်းမြောက်ခဲ့ကြကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

# ဆောချောင်းရေကြီးမြင့်လာသဖြင့် အနိမ့်ပိုင်းရှိ နေအိမ်အချို့ ရေဝင်ရောက်

**ဂန့်ဂေါ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆောမြို့အတွင်း ဖြတ်သန်းစီးဆင်းသည့် ဆောချောင်းရေမြင့်တက်လာပြီး သီရိရပ်ကွက်အနိမ့်ပိုင်းရှိ လူနေအိမ်အချို့တွင် ရေဝင်ရောက်နိုင်သဖြင့် ချက်ချင်းပြောင်းရွှေ့နိုင်ရေး သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးရေး၊ ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးအဖွဲ့က စီစဉ်လျက်ရှိသည်။

ထို့အပြင် ဆောမြို့နှင့်ခွင်းချောင်းရွာကို ဆက်သွယ်ထားသည့် အရှည်ပေ ၃၀၀ ရှိ ခွင်းချောင်းလူကူးတံတားမှာ ရေစီးဖြင့် ပေ ၁၀၀ ခန့် မျောပါ ပျက်စီးခဲ့ရာ မည်သူတစ်ဦးမျှ ထိခိုက်မှုမရှိသော်လည်း ဆက်သွယ်သွားလာရန် အခက်အခဲရှိနေသဖြင့် တာဝန်ရှိသူများက လိုအပ်သည်များ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်တွင် မြစ်သာမြစ်ရေ မြင့်တက်လျက်ရှိ

**ဂန့်ဂေါ ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ မြစ်သာမြစ်ရေသည် ဇူလိုင် ၂၈ ရက်က ကျဆင်းခဲ့သော်လည်း မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ ယနေ့တွင် ပြန်လည်မြင့်တက်လာသည်။

ထို့ပြင် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးကားလမ်းနှင့် ဂန့်ဂေါမြို့နှင့် စိုင်ဒူးကျေးရွာအကြားရှိ မဖေးချောင်း ရေမြင့်တက်လာပြီး ယာဉ်များဖြင့် ဖြတ်သန်းမောင်းနှင်နိုင်ခြင်းမရှိသဖြင့် စောင့်ဆိုင်းနေရကြောင်း၊ ခရီးသည်များကို လှေဖြင့် ဖြတ်ကူးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယာဉ်ဖြင့်လိုက်ပါလာသည့် ခရီးသည်များကို စေတနာရှင်ပြည်သူများက ထမင်းထုပ်များ ဝေငှပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကလေးမြို့ စိုးရိမ်ရေမှတ်ကျော်လွန် မြို့ပေါ်အနိမ့်ပိုင်းနေရာများ ရေစတင်ဝင်ရောက်

**မုံရွာ ဇူလိုင် ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် ဇူလိုင် ၂၆ ရက်မှစတင်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်သာမြစ်ရေများ လျှံတက်ကာ ကလေးမြို့၏ အနိမ့်ပိုင်း အောင်မြေမန်ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ချမ်းမြေ့အောင်စည်ရပ်ကွက်များသို့ ရေများဝင်ရောက်ခဲ့သည်။

ထို့အပြင် ယနေ့နံနက် ၁၀ နာရီတွင် မြစ်သာမြစ်ရေသည် ကလေးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၀၀ အထက်ကျော်လွန်ပြီး ၁၅၆၄ စင်တီမီတာသို့ ရောက်ရှိသဖြင့် ကျီကုန်းကျေးရွာ၊ ဖောင်ကူးကျေးရွာ၊ စီသာကျေးရွာနှင့် သဖန်းအိုင်ကျေးရွာများ ရေမြုပ်လျက်ရှိကြောင်း၊ ကလေးဝမြို့နယ်ရှိ ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀ ကို ကျော်လွန်၍ ၁၅၇၈ စင်တီမီတာသို့ ရောက်ရှိလာကြောင်း၊ ယနေ့နံနက် တိုင်းထွာချက်များအရ ကလေးဝမြို့တွင် မိုးရေချိန် ၁ ဒသမ ၂၆ လက်မရှိကြောင်း၊ မင်းကင်းမြို့နယ်တွင် ချင်းတွင်းမြစ်ရေသည် လက်ရှိ စင်တီမီတာ ၁၄၃၀ သို့ ရောက်ရှိလာပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်မှာ စင်တီမီတာ ၁၃၃၀ ရှိကာ မိုးရေချိန် ၁ ဒသမ ၄၂ လက်မရှိကြောင်းနှင့် မင်းကင်းမြို့ အနိမ့်ပိုင်း ရပ်ကွက်များတွင် ရေများဝင်ရောက်လာသဖြင့် ဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းနေရာချထားပေးလျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

### ❀ ကျောဖုံးမှ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေဒေသသို့ ဦးတည်နေသော်လည်း မြန်မာနိုင်ငံ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့သည် ဆိုင်ကလုန်းမုန်တိုင်း၏ အဝန်းအဝိုင်းသို့ကျရောက်နေပါသဖြင့် ဆိုင်ကလုန်းမုန်တိုင်းသက်ရောက်မှုအန္တရာယ်ကို ခံစားရမည်ဖြစ်သည်။

အဆိုပါဆိုင်ကလုန်းမိုင်တိုင်းသည် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မြောက်လတ္တီကျု ၂၂ ဒသမ ၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၉၁ ဒသမ ၀ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၈၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းဖြစ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့မွန်းလွဲမှနောက် ၁၂ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေဒေသကို စစ်တကောင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေဒေသသို့ ဖြတ်ကျော်စဉ် မောင်တောခရိုင်ဒေသတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ မှ မိုင် ၉၀ အထိနှင့် စစ်တွေခရိုင်ဒေသတွင် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၇၀ အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၆၀ အထိတိုက်ခတ်နိုင်သည်။

ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ကမ်းခြေဒေသသို့ ဖြတ်ကျော်စဉ် မုန်တိုင်းဒီရေအမြင့်ဆုံးမှာ မောင်တောခရိုင်ကမ်းခြေဒေသတွင် ရှစ်ပေမှ ၁၀ ပေခန့်အထိနှင့် စစ်တွေခရိုင်ကမ်းခြေဒေသတွင် ခြောက်ပေမှ ရှစ်ပေခန့်အထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းရသည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်မည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ် နှင့်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး၊ နေရာကွက်၍မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် အထူးရှောင်ရှားကြရန် အကြံပြုအပ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဇူလိုင် ၃၀

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲများမှရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၂ ခုတွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၄၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၄. ၆၀' |
| ၃။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၀. ၁၅' |
| ၄။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၈. ၀၀' |
| ၅။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၃၀' |
| ၆။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၈၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၉. ၂၅' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၉၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၆၀' |
| ၁၁။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၀. ၉၀' |
| ၁၂။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၁. ၇၀' |
| ၁၃။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၁. ၂၀' |
| ၁၄။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၈၀' |
| ၁၅။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၃၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၀၀ | ၀. ၆၀' |
| ၁၇။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၄၀' |
| ၁၈။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၄၀' |
| ၁၉။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၂၀' |
| ၂၀။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၂. ၄၆' |
| ၂၁။ | စဉ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၂၂။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၃. ၃၀' |
| ၂၃။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၂၀' |
| ၂၄။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၁. ၅၅' |
| ၂၅။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၂၉. ၃၀' |
| ၂၆။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၇. ၃၀' |
| ၂၇။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၂၅. ၀၀' |
| ၂၈။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၂. ၈၀' |
| ၂၉။ | တောင်ခင်ရန်း ရေလှောင်တမံ | ၁၁၇၂၆ | ၃. ၄၀' |
| ၃၀။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၂. ၇၀' |
| ၃၁။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၂. ၇၀' |
| ၃၂။ | ဝါးပါးရေလှောင်တမံ | ၄၁၅၀ | ၀. ၅၀' |
| ၃၃။ | ပြိုင်းချောင်း ရေလှောင်တမံ | ၂၅၂၀၅ | ၅. ၅၀' |
| ၃၄။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၃၅။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၃. ၀၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၄၀' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၁. ၁၅' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၂. ၁၀' |
| ၃၉။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၃. ၁၀' |
| ၄၀။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃. ၂၀' |
| ၄၁။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၅. ၇၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင်ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန်လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၁ | ၁. ၅၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၀ | ၁. ၀၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၂၃၃၇ | ၂၆. ၉၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၇၈၀၀ | ၂၈. ၇၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၀၂၇၅၀ | ၁၁. ၈၈' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၃၉၉၅၂ | ၁၁. ၁၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၃၇၃၈ | ၁၀. ၃၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၂၅၆ | ၇. ၀၀' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၅၃၇ | ၂၂. ၃၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၈၉၀၀ | ၅. ၅၀' |
| ၁၃။ | လွိုင်နန်းဖရေလှောင်တမံ | ၁၅၀၈ | ၇၇၆ | ၁၀. ၅၀' |
| ၁၄။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၃၀၂၆၅ | ၃၈. ၆၀' |
| ၁၅။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၆၅၁၅၃ | ၁၆. ၈၀' |
| ၁၆။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၂၇၂၇၆ | ၂၆. ၀၀' |
| ၁၇။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၆၀၀၀ | ၂၃. ၀၀' |
| ၁၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁၂၇၄၇၂ | ၄. ၀၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၀၅၀ | ၃၃၁၂၂၀ | ၄. ၄၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၇၈၃၄၀ | ၉၂. ၁၀' |
| ၂၁။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၆၄၀၀၀ | ၂. ၃၀' |
| ၂၂။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၇၇၇၁ | ၆၀. ၉၀' |

(သတင်းစဉ်)


### ဟသ်ာတ GTI ဆင်း အင်ဂျင်နီယာများ(ရန်ကုန်)
### ပထမအကြိမ် ဝါဆိုသင်္ကန်း အလှူဖိတ်ကြားခြင်း

ရန်ကုန်မြို့၌ ရှိနေကြသော ဟသ်ာတ GTI ဆင်း အင်ဂျင်နီယာများ၏ ဝါဆိုသင်္ကန်း စုပေါင်းမြတ်ဒါနအလှူအား ၈-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီ အထိ မရမ်းကုန်းမြို့နယ်၊ စွယ်တော်မြတ်စေတီတော်ဝင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နောဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာ ဆရာမကြီးများနှင့် ကျောင်းဆင်းများအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးတော်ဆောင် ဆရာဦးတင့်နိုင်
ဖုန်း-၀၉-၄၃၀၂၁၂၅၄၊ ၀၉-၉၇၁၅၉၄၀၉၁

★ပထမထပ်တိုက်ခန်းရောင်းမည်။★
အောင်သီတာလမ်း၊ သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။
(၁၂ပေခွဲ×ပေ၅၀) ပြင်ဆင်ပြီး၊ ဈေးနှုန်းသင့်။
၀၉ ၂၅၄ ၈၃၈၂၄၂ ၊ ၀၉ ၉၇၉ ၇၅၁၄၈၁

### ကျွမ်းကျင်သူနာပြုအမြန်အလိုရှိသည်
### ထိုက်တန်စွာ ချီးမြှင့်မည်

အထက်တန်းသူနာပြု မ(၂)ဦး/ကျား (၂)ဦး
နယ်၌ တာဝန်ထမ်းဆောင်နိုင်ရမည်။
နေ့/ည တာဝန်ထမ်းဆောင်နိုင်ရမည်။
အသက် (၃၀) နှင့် (၄၀)အတွင်းဖြစ်ရမည်။
**ဆက်သွယ်ရန်ဖုန်း- ၀၁-၈၆၀၃၅၀၁၊ ၀၁-၅၄၆၁၀၀၊ ၀၁-၅၅၆၇၅၄၊ ၀၉-၄၂၀၀၆၄၉၄၈**

**ပျောက်ဆုံးကြောင်း** ကျွန်မ မတင်ဇာလွင်ဦး ၁၂/ဗဟန(နိုင်)၁၀၃၇၇၃၈၏ Passport MA318006 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၄၀၈၈၈၅

Korea Eximbank
THE EXPORT-IMPORT BANK OF KOREA

### ယာဉ်မောင်းအလိုရှိသည်

ရိုးသားကြိုးစားသော ယာဉ်မောင်းအလိုရှိသည်။ လုပ်သက် ၃နှစ် အထက်နှင့် အင်္ဂလိပ်စကားပြော အနည်းငယ်တတ်ကျွမ်းရမည်။ မြို့တွင်းနေထိုင်သူအား ဦးစားပေးမည်။
လစာ 300 USD ++
**ဆက်သွယ်ရန် ဖုန်း-၀၁-၂၅၅၃၂၅**
**email: keximyangon@koreaxim.go.kr**

အသုံးမလိုတော့သော
လေအေးပေးစက်များ
ဝယ်ယူလိုပါသည်။
09 253582510

အောင်ပြည့်စုံ
ဒဂုံမြို့သစ်မြောက်ပိုင်း၊
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်များ
ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770


### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေချီရပ်၊ ဦးပိုင်အမှတ် ၁၃၆ဃ၊ ဧရိယာ ဝ.ဒသမ၀၅၆ဧကရှိ ဒေါ်ခင်သိန်း(ပါ)၂ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးကြည်စိန်၊ ဒေါ်စိုးစိုးလင်း ၇/တငန(နိုင်) ၀၇၉၈၅၈၊ ၇/ညလပ(နိုင်)၀၈၀၇၆၀၊ (ဘ)ဦးကျင်ဟုတ်၊ ဦးကြည်လင်းမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘပိုင်မြေကွက် အမည်ပြောင်းလျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### CLAIMS DAY NOTICE
### M.V NOCC PAMPLONA VOY:NO (1)

Consignees of cargo carried by M.V NOCC PAMPLONA VOY: NO (1) are here by notified that the vessel will arrive of about 2-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**


THALUN Bookstore Yangon
သာလွန်
ကျောင်းသားသုံး
အင်္ဂလိပ်-မြန်မာ
အိတ်ဆောင်
အဘိဓာန်
ကျောင်းသားရှိရင် ကျောင်းသားသုံး အဘိဓာန်ရှိရမယ်။
ဗြိတိသျှ၊ အမေရိကန်သုံး
အင်္ဂလိပ်စကားလုံး၊ စကားစု၊
အဓိပ္ပာယ် ၅၂၀၀၀ ကျော်
New
NEW
သာလွန်စာအုပ်တိုက်
ဖုန်း-၀၁-၂၉၉၂၂၈၊ ၂၄၂၄၁၈၊ ၂၄၀၁၅၃

# အာကာသနည်းပညာနှင့် အသုံးပြုမှုဖွံ့ဖြိုးတိုးတက်ရေး

**ဒေါက်တာ-ကြည်သွင်**

သတင်းစာ ဂျာနယ်များတွင် အင်ဒိုနီးရှားနိုင်ငံ ဘင်ဂျီနာကျွန်းတွင် လူကုန်ကူးခံရပြီး လွတ်လမ်းမရှိသည့် ကျွန်များပမာ ခိုင်းစေခံရသည့် မြန်မာနိုင်ငံသား ရွှေ့ပြောင်းလုပ်သားများကို ကယ်ဆယ်သည့် သတင်းများကို ဖတ်ရသည်။ ကာယကံရှင်များအနေဖြင့် တစ်သက်လုံး မိမိတို့၏မိသားစုများနှင့် ပြန်လည်တွေ့ဆုံရန် မျှော်လင့်ချက်ကင်းမဲ့နေရာမှ ယခုလိုပြန်ခွင့်ရသဖြင့် မည်မျှဝမ်းသာကြမည်ကိုတွေးပြီး မျှဝေခံစားကြည့်နိုင်ပါသည်။ ဤသို့ မြန်မာနိုင်ငံသားများ ပြန်ခွင့်ရအောင် အဘက်ဘက်မှ ကြိုးစားအားထုတ်ပေးကြသည့် တာဝန်ရှိသူများ၊ ဝိုင်းဝန်းကူညီပံ့ပိုးကြသူများ အားလုံးကို ကျေးဇူးတင်မိသည်။

အဆိုပါကျေးဇူးတင်ထိုက်သူများနည်းတူ ကျွန်တော်တို့ ကျေးဇူးတင်သင့်သူမှာ အေပီသတင်းဌာနဖြစ်သည်။ အမေရိကန်သို့ တင်သွင်းသည့် စားသောက်ကုန်များ၏ စံချိန်စံညွှန်းအတွက် စူးစမ်းလေ့လာရာမှ ယခုကဲ့သို့ မြန်မာနိုင်ငံသားများ ဘင်ဂျီနာကျွန်းတွင် အကျဉ်းကျခံနေရကြောင်း ဂြိုဟ်တုမှတစ်ဆင့်သိခဲ့ရပြီး သတင်းဖော်ပြခဲ့ခြင်းကြောင့်ဖြစ်သည်။ အာကာသနည်းပညာအသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကျိုးကျေးဇူးသည် လူသားတို့အတွက် အမျိုးမျိုးသော အကျိုးပြုမှုများကို ရစေနိုင်ကြောင်း တွေ့ရသည်။


အလားတူ ယနေ့ကမ္ဘာတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(အိုင်စီတီ) ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အကျိုးရလဒ်အဖြစ် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍမျိုးစုံကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေသည်မှာ မည်သူမျှ ငြင်း၍မရသည့် အချက်ဖြစ်သည်။ ထို့အပြင် ပထဝီနယ်နိမိတ် အပိုင်းအခြားများကို ကျော်လွန်လာသည့်အတွက် ကမ္ဘာပြုမှုဖြစ်စဉ် (Globalization) သမိုင်းစာမျက်နှာသစ်ကိုပါ ဖွင့်လှစ်နိုင်ခဲ့သည်။

ဤသို့အိုင်စီတီနည်းပညာများ တစ်ဟုန်ထိုးတိုးတက်လာရခြင်း၏ အကြောင်းရင်းမှာ အာကာသထဲသို့ ဂြိုဟ်တုများလွှတ်တင်၍ ကမ္ဘာလုံးဆိုင်ရာကွန်ရက်လွှမ်းခြုံပြီး လူသားတို့အတွက် အာကာသနည်းပညာများကို အသုံးပြုနိုင်ခဲ့ခြင်းမှ အစပြုခဲ့ခြင်းဖြစ်သည်။ လူသားများ၏ လိုအပ်ချက် အသီးသီးနှင့်ကိုက်ညီမည့် စွမ်းဆောင်ရည်မြင့်မားသော ဂြိုဟ်တုများကို ဖန်တီးလွှတ်တင်ပြီး အသုံးပြုလာကြသည်။ ထို့ကြောင့် နိုင်ငံအသီးသီးကလည်း အာကာသနည်းပညာအသုံးပြုမှု ဖွံ့ဖြိုးလာစေရေး၊ ဂြိုဟ်တုနည်းပညာ ပိုင်ဆိုင်နိုင်ရေးတို့ကို ကြိုးစားအားထုတ်လာကြသည်ကို တွေ့ရသည်။

၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာမြေလေ့လာရေးဂြိုဟ်တုမှ သတင်းအချက်အလက်များကြောင့် ဩစတြေးလျနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုကို လေ့လာဆန်းစစ်သည့် အစီရင်ခံစာကို ၂၀၁၀ ပြည့်နှစ်က ထုတ်ပြန်ခဲ့ရာ တိုက်ရိုက်အထောက်အပံ့၊ ထုတ်လုပ်မှုအပေါ် သက်ရောက်မှုနှင့် အခြားအကျိုးကျေးဇူးများဟူ၍ စီးပွားရေးဆိုင်ရာ အထောက်အပံ့သုံးမျိုးရရှိစေကြောင်း၊ ဩစတြေးလျနိုင်ငံ အသားတင်ထုတ်ကုန်တန်ဖိုး (GDP)၏ ၀ ဒသမ ၂ ရာခိုင်နှုန်းနှင့်ညီမျှသော ဩစတြေးလျဒေါ်လာ ၃ ဒသမ ၃ ဘီလီယံကို ကမ္ဘာမြေ လေ့လာရေးမှ သတင်းအချက်အလက်များကြောင့် ရရှိကြောင်း လေ့လာသိရှိရပါသည်။ သို့ဖြစ်၍ မိမိတို့နိုင်ငံတွင်လည်း အာကာသနည်းပညာအသုံးပြုမှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ယခုအချိန်တွင် ကြိုးပမ်းဆောင်ရွက်သင့်သည်ကို သတိပြုမိပါသည်။

အာဆီယံဒေသတွင်း အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်မှု အခြေအနေ အာဆီယံဒေသတွင်း၌ ဂြိုဟ်တုနှင့် အာကာသနည်းပညာ အသုံးပြုမှုကဏ္ဍတွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှာ ရှေ့တန်းနိုင်ငံများဖြစ်ကြပါသည်။ ထိုင်းနိုင်ငံတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်၌ ကမ္ဘာမြေသတင်းအချက်အလက်နှင့် အာကာသနည်းပညာဖွံ့ဖြိုးမှုအေဂျင်စီ (GISTDA) အဖွဲ့မှ ဂြိုဟ်တုလွှတ်တင်မှု၊ အာကာသနည်းပညာအသုံးပြုမှုတို့ ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အင်ဒိုနီးရှားနိုင်ငံ၌မူ အာကာသနည်းပညာ အသုံးပြုမှုသာမက ဂြိုဟ်တုနည်းပညာ၊ ဒုံးပျံနည်းပညာများကိုပါ ပိုင်ဆိုင်လာနိုင်အောင် National Institute of Space and Aeronautics (LAPAN) အဖွဲ့က ဦးဆောင်ပြီး ကြိုးစားလျက်ရှိပါသည်။

ထို့အပြင် ဗီယက်နမ်၌ ဗီယက်နမ်သိပ္ပံနှင့် နည်းပညာအကယ်ဒမီ (VAST)၏ အောက်တွင် Space Technology Institute (STI) ကို ၂၀၀၆ ခုနှစ်တွင်ဖွဲ့စည်းခဲ့ကာ အမေရိကန်နိုင်ငံ Lockheed Martin ကုမ္ပဏီနှင့် ပူးပေါင်းလျက် VinaSat-1 ဂြိုဟ်တုကို ၂၀၀၈ ခုနှစ်တွင် လွှတ်တင်နိုင်ခဲ့ပြီး ဂြိုဟ်တုနည်းပညာ၊ အာကာသနည်းပညာပိုင်ဆိုင်လာနိုင်အောင် ကြိုးစားလျက်ရှိသည်။ မလေးရှားနိုင်ငံ သိပ္ပံနှင့်နည်းပညာ၊ တီထွင်မှုဆိုင်ရာ ဝန်ကြီးဌာနအောက်ရှိ



အမျိုးသားအာကာသအေဂျင်စီ (National Space Agency) သည် Razat အမည်ရှိ ဂြိုဟ်တုကို လွှတ်တင်နိုင်ခဲ့ခြင်း၊ နိုင်ငံတကာအာကာသစခန်းသို့ အာကာသယာဉ်မှူး စေလွှတ်နိုင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ဂြိုဟ်တုနှင့် အာကာသနည်းပညာ ပိုင်ဆိုင်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ စင်ကာပူအမျိုးသားတက္ကသိုလ်ရှိ (CRISP) အဖွဲ့အစည်း၊ နန်ယန်းနည်းပညာတက္ကသိုလ်ရှိ (CREST) အဖွဲ့အစည်းတို့က မြေပြင်ဂြိုဟ်တုစလောင်းများ စတင်တည်ဆောက်ခဲ့ရာမှအစပြု၍ X-Sat အမည်ရှိ နာနိုဂြိုဟ်တုတစ်လုံးကို အာကာသအတွင်းသို့ လွှတ်တင်ခဲ့ပြီး ကိုယ်ပိုင်ပြုလုပ်သည့်ဂြိုဟ်တုများကို လွှတ်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိရသည်။

အာဆီယံသိပ္ပံနှင့်နည်းပညာကော်မတီတွင် အာကာသနည်းပညာ နှင့် အသုံးပြုမှု ဆပ်ကော်မတီ (Sub-Committee on Space Technology and Application - SCOSA)ကို အာဆီယံနိုင်ငံများရှိ အာကာသအေဂျင်စီများဖြင့် ဖွဲ့စည်းထားရှိရာ မြန်မာနိုင်ငံ၏ (Focal Point)အဖြစ် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်က ဆောင်ရွက်လျက်ရှိပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် တွဲဖက်လျက် အာကာသနည်းပညာအသုံးပြုမှုဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဘေးကာကွယ်စောင့်ရှောက်မှုများကို သတင်းအချက်အလက်များ မျှဝေကာ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် အာကာသဆိုင်ရာ အမျိုးသားအဆင့် အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်း အာကာသကွန်ရက်တွင် ကောင်းသောအဆင့်တစ်ခုမှ ပါဝင်နိုင်ရေးသာမက အခြားသော အာကာသဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**ဂြိုဟ်တုလွှတ်သင့်၊ မလွှတ်သင့်**

၂၀၀၀ ပြည့်နှစ်ခန့်က စာရေးသူသည် တရုတ်နိုင်ငံတွင် ကုလသမဂ္ဂက ကြီးမှူးဖွင့်လှစ်သည့် အာကာသနည်းပညာဆိုင်ရာ သင်တန်းတစ်ခုသို့ တက်ခဲ့ပါသည်။ ထိုစဉ်က ဘရာဇီးနိုင်ငံသည် တရုတ်နိုင်ငံ၏အကူအညီဖြင့် စနစ်နှစ်မျိုး၊ သုံးမျိုးတွဲသုံးနိုင်သော အသေးစားဂြိုဟ်တု (Small Multi Mission Satellite - SMMS) ဖြစ်သည့် CBERS-1 ကို လွှတ်တင်ရန် ဆောင်ရွက်နေချိန်ဖြစ်ပါသည်။ (ယခုအခါ ဘရာဇီးနိုင်ငံသည် ဂြိုဟ်တုအငှားလွှတ်တင်ပေးသည့် နိုင်ငံများတွင် အဆင့်(၇)၌ပင် ရှိနေပါသည်။) ကုလသမဂ္ဂပြင်ပအာကာသဆိုင်ရာရုံး (UN-OOSA)၏ ညွှန်ကြားရေးမှူးဖြစ်သူ မလေးရှားနိုင်ငံသား Dr. Mazlan Othman က ဂြိုဟ်တုလွှတ်တင်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောပြပြီး နိုင်ငံငယ်များအနေဖြင့် (တစ်ဦးတည်းမတတ်နိုင်လျှင်) ဖက်စပ်ဖြင့်ဖြစ်စေ ဂြိုဟ်တုလွှတ်တင်ကြရန် တိုက်တွန်းခဲ့ဖူးပါသည်။

ကိုယ်ပိုင် ဂြိုဟ်တုလွှတ်တင်ရေးအပါအဝင် အာကာသနည်းပညာအသုံးပြုမှု ဖွံ့ဖြိုးတိုးတက်လာခြင်းသည် နိုင်ငံနှင့် နိုင်ငံသားတို့၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများအတွက် အထာက်အကူ အကျိုးကျေးဇူး အများကြီးဖြစ်ထွန်းစေသည့်အတွက် လွှတ်တင်သင့်သည်ဟု ယူဆပါသည်။ အဘယ်ကြောင့်ဆိုသော် အာဖရိကတိုက်မှ (ဘိုကိုဟာရမ်သူပုန်များဖြင့် နာမည်ကြီးသည့်) နိုင်ဂျီးရီးယားနိုင်ငံသည် မူလက ဆင်းရဲသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်ခဲ့သော်လည်း ယခုအခါ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူပြည်သားတို့၏ လူမှုစီးပွားဘဝ တိုးတက်လျက်ရှိသည်က သက်သေထူလျက်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# GAP စနစ် ပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြသ

**မြေပုံ ဇူလိုင် ၃၀**

၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ပျိုးရာသီတွင် ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ် ခေါင်းဖြူကျေးရွာအုပ်စုရှိ ကွင်းအမှတ်၃၇(က)အတွင်း တောင်သူ ဦးသာထွန်းစိန်၏မိုးစပါးစံပြကွက်ဧက ၁၀ တွင် သိပ္ပံနည်းကျ (GAP)ပျိုးထောင်စိုက်ပျိုးနည်း သရုပ်ပြပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ မြေပုံမြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ ကွင်းဆင်းလေ့လာခဲ့ကြသည်။




အဆိုပါကွင်းပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်သန့်အောင်က သိပ္ပံနည်းကျ (GAP)စနစ်ပျိုးထောင်စိုက်ပျိုးနည်းစနစ်များ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာအချိုးကျရောစပ် အသုံးပြုပုံနည်းစနစ်များ၊ ပျိုးပေါင်မှ ရွှေ့ပြောင်းစိုက်ပျိုးချိန်တွင် ပျိုးပင်များကို ချက်ချင်းနှုတ်၊ ချက်ချင်းစိုက်ပျိုးနည်းစနစ်များ၊ တစ်ဧကအထွက်နှုန်းကောင်းမွန်စေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်နိုင်ထွန်း (ပြန်/ဆက်)**

# မိဘမဲ့ပရဟိတကျောင်းဆောက်ရန် မြေနေရာနှင့်ကျောင်းလှူဒါန်း

**ရမည်းသင်း ဇူလိုင် ၃၀**

ရမည်းသင်းမြို့ အောင်မင်္ဂလာရပ်ကွက်ကြီး အနောက်ပိုင်း မြို့လှကျေးရွာသွား ကားလမ်းမဘေးတွင် ဝံသာနုပရဟိတမိဘမဲ့ကျောင်းဆောက်လုပ်ရေးအတွက် အလှူရှင်နှစ်ဦးက မြေခြောက်ဧကကိုလွန်ခဲ့သော တန်ခူးလဆန်းက ဝံသာနုပရဟိတ မိဘမဲ့ကျောင်းနာယကဆရာတော် ဦးတိက္ခဉာဏ(စာချ) စာချုပ်ဖြင့် ရေစက်ချ လှူဒါန်းခဲ့ပြီးဖြစ်သည်။

အဆိုပါ မြေကွက်တွင် မြေအလှူရှင်တစ်ဦးဖြစ်သည့် ဦးကာကာထွန်း မိသားစုက ဝံသနုပရဟိတမိဘမဲ့ ကျောင်းနာယကဆရာတော်အား လေးပင်ပတ်လည် တစ်ထပ်ကျောင်းဆောင်တစ်ဆောင်ပါ ဆောက်လုပ်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ထို့ပြင် မိဘမဲ့ကလေးများ နေထိုင်ရန် စေတနာရှင်များစုပေါင်းလှူဒါန်းငွေဖြင့် လေးပင်ပတ်လည်အဆောင်တစ်ဆောင်နှင့် ဆွမ်းချက်ရုံအတွက် သုံးပင်ပတ်လည် အဆောင်များဆောက်လုပ်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးပါက နာယက(စာချ) ဆရာတော်က မိဘမဲ့ကလေးများအား စတင်လက်ခံ ကျွေးမွေးစောင့်ရှောက်သွားမည်ဖြစ်သည်။ ဝံသနုပရဟိတ မိဘမဲ့ကလေးများ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် ရပ်ဝေး၊ ရပ်နီးမှ အလှူရှင်များ လှူဒါန်းလိုပါက နာယကဆရာတော် ဦးတိက္ခဉာဏ ဖုန်း ၀၉-၇၉၆၇၈၈၂၇၇ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၀၁၁)

# မြေသိမ်းဆည်းခံရမှုကြောင့် ပြည်သူများမနစ်နာစေရေး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိ

၂၀၁၅ ခုနှစ်ဇွန်လက ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီသည် သတင်းဌာနအချို့မှ သတင်းထောက်များနှင့် သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ရာ ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ အပိုင်းအသီးသီးပါမြေသိမ်းမှုပြဿနာများကို မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ရှမ်းပြည်နယ်တွင် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီက ပေးပို့လာသည့် အစီရင်ခံစာအပိုင်း(၁) မှ (၁၀) အထိ အမှုကိစ္စပေါင်း ၁၉၄၀ ရှိရာ အစီရင်ခံစာအပိုင်း(၁)တွင် ၅၇ မှု၊ အပိုင်း(၃)တွင် ၁၇ မှု၊ အပိုင်း(၅)တွင် ၃၆၃ မှု၊ အပိုင်း(၆)တွင် ၅၃၈ မှု၊ အပိုင်း(၇)တွင် ၂၃၈ မှု၊ အပိုင်း(၈)တွင် ၃၂ မှု၊ အပိုင်း(၉)တွင် ၁၈ မှု၊ အပိုင်း(၁၀)တွင် ကိုးမှု စုစုပေါင်း ၁၂၇၂ မှုကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသည့်အမှုကိစ္စနှင့် ထပ်မံပေးပို့လာသော အစီရင်ခံစာအပိုင်း(၁၁)နှင့် (၁၂)ပါ အမှုများကိုလည်း စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

စိစစ်ဖြေရှင်းပြီးစီးသည့် အမှု ၁၂၇၂ မှုအခြေအနေမှာ အသုံးပြုရန်လိုအပ်ချက်အရ မစွန့်လွှတ်သည့်အမှု ၄၆၉ မှု၊ ညှိနှိုင်းပြေလည်၍ မစွန့်လွှတ်သည့်အမှု ၅၉ မှု၊ အသုံးပြုရန်ထက်ပိုမိုမှုကြောင့် စွန့်လွှတ်သည့်အမှု ၂၈ မှု၊ အသုံးမပြု၍အားလုံးစွန့်လွှတ်သည့် အမှု ၅၁မှု၊ အကြောင်းအရာတူ တိုင်စာတူ အမှု ၄၄၉ မှု၊ ပုဂ္ဂလိကအချင်းချင်း တရားစီရင်ရေးလုပ်ငန်းစဉ်အရ ဖြေရှင်းရန်အမှု ၁၆၀၊ မှားယွင်းတိုင်ကြားခြင်းအမှု ၅၆ မှု ဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာအပိုင်းများပါ မြေယာပြဿနာများမှ အသုံးမပြုသဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေဧရိယာ ၁၂၆၅၆ ဒသမ ၄၄၅ ဧကအနက် မြေဧရိယာ ၇၈၂၃ ဒသမ ၈၅၉ ဧကကို သက်ဆိုင်ရာတောင်သူ ၂၃၁၁ ဦးသို့ ယာယီလုပ်ကိုင်ခွင့်ပေးအပ်ခဲ့ပြီး ကျန်ဧရိယာ ၄၈၃၂ ဒသမ ၅၈၆ ဧက သည် စိုက်ပျိုးလုပ်ကိုင်နိုင်မှုမရှိသောမြေများဖြစ်၍ နိုင်ငံတော်မှစီမံခန့်ခွဲသောမြေအဖြစ် စာရင်းမှတ်သားထားရှိကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေဖြင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ပေးပို့လာသော အစီရင်ခံစာအပိုင်းများပါ မြေယာပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးရုံသာမက အစီရင်ခံစာများတွင် ပါဝင်ခြင်းမရှိသော်လည်း မြေရယူထားသော ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများမှ အသုံးပြုရန်မလိုတော့သဖြင့် သီးခြားပြန်လည်စွန့်လွှတ်ပေးသည့် မြေများကိုလည်း သက်ဆိုင်ရာတောင်သူများထံသို့ စိစစ်၍ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သိရှိရသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ သီးခြားပြန်လည်စွန့်လွှတ်မြေဧရိယာ ၄၄၅၇၉ ဒသမ ၃၃၂ ဧကဖြစ်ပြီး ယင်းဧရိယာအနက်မှ မြေဧရိယာ ၁၁၅၇၉ ဒသမ ၂၁၀ ဧကကိုတောင်သူ ၂၉၇၈ ဦးသို့ ယာယီလုပ်ကိုင်ခွင့်ပေးအပ်ခဲ့ပြီး ကျန်ဧရိယာ ၃၃၀၀၀ ဒသမ ၀၁၂ ဧကသည် စိုက်ပျိုးလုပ်ကိုင်မှုမရှိသော မြေများဖြစ်၍ နိုင်ငံတော်မှစီမံခန့်ခွဲသော မြေအဖြစ်စာရင်းမှတ်သားထားရှိကြောင်း သိရသည်။

အခြားဝန်ကြီးဌာနမှ သီးခြားပြန်လည်စွန့်လွှတ်မြေဧရိယာ ၅၂၃ ဒသမ ၆၃၀ ဧကဖြစ်ပြီး ယင်းဧရိယာအနက်မှ မြေဧရိယာ ၅၀၉ ဒသမ ၂၅၀ ဧကကို တောင်သူ ၂၃၈ ဦးသို့ ယာယီလုပ်ကိုင်ခွင့်ပေးအပ်ခဲ့ပြီး ကျန်ဧရိယာ ၁၄ ဒသမ ၃၈၀ ဧကသည် စိုက်ပျိုးလုပ်ကိုင်နိုင်မှုမရှိသော မြေများဖြစ်၍ နိုင်ငံတော်မှစီမံခန့်ခွဲသောမြေအဖြစ် စာရင်းမှတ်သားထားရှိသည်။

ကုမ္ပဏီအဖွဲ့အစည်းများမှသီးခြားပြန်လည်စွန့်လွှတ်မြေဧရိယာဧက ၅၀ ကို တောင်သူ ၁၂ ဦးသို့ ယာယီလုပ်ကိုင်ခွင့်ပေးအပ်ခဲ့ပြီး ဖြစ်သည်။

မြေသိမ်းဆည်းခံရ၍ အမှန်တကယ်နစ်နာသူ ပြည်သူများအနေဖြင့် မိမိတို့သိမ်းဆည်းခံခဲ့ရသည့် မြေများသည် ပြန်လည်စွန့်လွှတ်သော မြေများတွင် ပါဝင်ခြင်းရှိ မရှိ သက်ဆိုင်ရာမြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများတွင် စုံစမ်းပြီး ပြန်လည်စွန့်လွှတ်မြေများတွင် ပါဝင်ပါက သက်ဆိုင်ရာ မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီများထံမှ မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာလွှဲ ပြောင်းရယူကြရန်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများ သည် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ပြီး မြေကိစ္စများဖြေရှင်း၍ စွန့်လွှတ်မြေများအား အမှန်တကယ်နစ်နာသူပြည်သူများသို့ ပြန်လည်ပေးအပ်ရာတွင် အဓိကအခြေခံကျသည့် အဖွဲ့အစည်းများဖြစ်သဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေးအတွက် အကြံပြုချက်များကိုလည်း အလေးအနက်ထား ဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်းနှင့် ရှမ်းပြည်နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီအနေဖြင့် စိစစ်ဖြေရှင်းရန် ကျန်ရှိသည့် မြေကိစ္စများနှင့် မြေအသုံးချမှုစီမံခန့်ခွဲရေးဗဟိုကော်မတီမှ ထပ်မံပေးပို့လာမည့် မြေကိစ္စများအားစိစစ်၍ ရရှိလာသော စွန့်လွှတ်မြေများနှင့် ဝန်ကြီးဌာန၊ ကုမ္ပဏီအဖွဲ့အစည်းများမှ သီးခြားပြန်လည်စွန့် လွှတ်မည့်မြေများကို သက်ဆိုင်သူများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

**ပြည်သူများအနေဖြင့် မိမိတို့ သိမ်းဆည်းခံခဲ့ရသည့်မြေများသည် ပြန်လည်စွန့်လွှတ်မြေများတွင် ပါဝင်ပါက သက်ဆိုင်ရာ မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီများထံမှ မြေပိုင်ဆိုင်ခွင့် အထောက်အထားများနှင့်တကွ ခိုင်ခိုင်မာမာ လွှဲပြောင်းရယူကြရန်ဖြစ်**

# ပင်ထောင်ခရမ်းချဉ်သီးစိုက်ပျိုးရန် မုံရွာနယ်တောင်သူများ စတင်ပျိုးထောင်



**မုံရွာ ဇူလိုင် ၃၀**

ခရမ်းချဉ်သီးသည် မီးဖိုချောင်သုံး မရှိမဖြစ် အသီးတစ်မျိုးဖြစ်ပြီး လူတို့၏ ကျန်းမာရေးအတွက်များစွာအထောက်အကူပြုသလို ဗီတာမင်ဓာတ်များစွာပါဝင်ကာ အလွန်အသုံးဝင်သော သီးနှံတစ်မျိုးဖြစ်သည်။

ခရမ်းချဉ်သီး အမျိုးမျိုးကို မြန်မာနိုင်ငံ၏ ဒေသအနှံ့အပြား၌ စိုက်ပျိုးကြရာ ပင်ထောင်ခရမ်းချဉ်သီးသည်လည်း အပါအဝင်ဖြစ်သည်။

"ပင်ထောင် ခရမ်းချဉ်ကို ကျွန်တော်တို့ရွာမှာ ဇူလိုင်လကစပြီး ပျိုးထောင်တယ်။ မျိုးကတော့ လိုရာ (၉၀၉)ဖြစ်ပါတယ်။ သူကတစ်ထုပ်ကို ခန့်မှန်းခြေမျိုးစေ့ နှစ်ထောင်လောက်ပါတယ်။ အရင်ဆုံး ခရမ်းချဉ်ပျိုးတော့မယ်ဆိုရင် ပလတ်စတစ်ကွမ်းယာအိတ်အရွယ်လေးတွေထဲကို မြေဆွေးထည့် ခရမ်းချဉ်အစေ့ လေးတွေမြှုပ် ရေဖျန်းပြီး မိုးကာနဲ့ နေမပူအောင်၊ လေလုံအောင် အုပ်ထားပေးရတယ်။ တစ်နေ့ကို ရေနှစ်ခါဖျန်းရတယ်။ ခရမ်းပျိုးထုပ်လေးတွေက သုံးရက်သားလောက်ဆို အညှောက်လေးတွေထွက်လာတယ်။ ၁၇ ရက်သားလောက်ရရင် စိုက်လို့ရပြီ။ စိုက်တော့မယ်ဆို လယ်ထဲကို မြေပေါင်ဆွဲ ပလတ်စတစ်အိတ်ခွဲချွတ်ပြီးစိုက်တယ်။ အဲဒီနောက်ပိုင်း ခရမ်းချဉ်ပင်လေးတွေက ရက်တွေကြာတော့ အပွင့်အဖူးလေးတွေဆင်လာတာနဲ့ တိုင်ထောင်ပေးရတယ်။ ခရမ်းချဉ်ပင်က စစိုက်ကတည်းက တိုင်ထောင်၊ အပင်ရှင်း၊ ပေါင်းရှင်းစတဲ့လုပ်ငန်းတွေ မပြတ်လုပ်ဆောင်ပေးရတယ်။ ပိုးသတ်ဆေးကလည်း တစ်ပတ်တစ်ခါလောက် ဖျန်းပေးရတယ်။ ခရမ်းချဉ်ပင် စစိုက်ကတည်းကနေ အချိန်နှစ်လခွဲခန့်ဆိုရင် အသီးတွေကို ဆွတ်ခူးပါပြီ။ မုံရွာနယ်ဘက်မှာဆို ဒီ လှည်းဒါးဘက်မှ ခရမ်းချဉ်သီးတွေက အရင်ပေါ်တာဖြစ်ပြီး မနှစ်ကဆို မုံရွာပွဲရုံတွေအထိ တက်ရောင်းပေမယ့် ပထမဆုံးပေါ်ပြီး ဈေးကောင်းမရရှိခဲ့ပါဘူး" ဟု တောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ပင်ထောင်ခရမ်းချဉ်ပင်သည် မိုးလွန်လျှင် အသီးအထွက်နှုန်းကျကာ အပင်အောင်ပါက တစ်ပင်ကို သုံးပိဿာခွဲလောက်အထိ ထွက်ရှိပြီး အင်းသီးများကဲ့သို့ လူကြိုက်များကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

# လူငယ်ဂေါက်သီးပြိုင်ပွဲ၌ မြန်မာအားကစားသမားများ အောင်မြင်မှုရရှိ

**ဇူလိုင် ၃၀**

အမေရိကန်နိုင်ငံ Jacksonville Golf ၏ Country Club(Hurricame Janior Golf Tour) ပြိုင်ပွဲ၏ ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိကျင်းပသော The Perfect Putter 1st Coat Junior Open ပွဲစဉ်ကို မြန်မာလူငယ်ဂေါက်သီးရိုက် ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။

အသက်(၁၁-၁၄)သက်တမ်းပြိုင်ပွဲတွင် မသင်းဝေခိုင်က ပထမ၊ အသက်(၁၁-၁၂) သက်တမ်းပြိုင်ပွဲတွင် မောင်ကောင်းမြတ်ကျော်က ဒုတိယ၊ မင်းသံလွင်အောင်က တတိယ၊ အသက်(၁၅-၁၈)သက်တမ်းပြိုင်ပွဲတွင် ဇင်အောင်မင်းက အဆင့်(၄)၊ ဝင့်ဖူးနဒီအောင်က အဆင့်(၅)၊ ပွင့်ဖူးနဒီခိုင်က အဆင့်(၁၂)၊ အသက်(၁၃-၁၄) ပြိုင်ပွဲတွင် မောင်စိုင်းအောင်ဆိုင်ဖက အဆင့်(၇) တို့ရရှိခဲ့သည်။

မြန်မာနိုင်ငံ၌ ထူးချွန်သောဂေါက်သီးအားကစားသမားများပေါ်ထွက်လာရေးအတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများသည် လူငယ်အားကစားသမားများအား ပြုစုပျိုးထောင်ရန် နိုင်ငံတကာပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ဖိုးသော်ဇင်



# စာသင်ခုံနှင့် ဘိလပ်မြေထောက်ပံ့ပေးအပ်ပွဲကျင်းပ

**တနင်္သာရီ ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာသင်ခုံနှင့် ကျောင်းဆောင်သစ်ဆောက်လုပ်ရာတွင် ကျောင်းအဝင်လျှောက်လမ်းအတွက် လိုအပ်သော ဘိလပ်မြေတို့ ထောက်ပံ့ပေးခြင်း အခမ်းအနားကို ဇူလိုင် ၂၈ ရက်က အထကတနင်္သာရီ ပညာရတနာခန်းမအပေါ်ထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကမ်းရိုးတန်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်ဌေးက စာသင်ခုံ ၃၉ စုံတို့အတွက် ထောက်ပံ့ငွေကိုပေးအပ်ရာ အထက တနင်္သာရီ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းမြင့်သန်းက လက်ခံယူပြီး အမှတ်(၁၃) စစ်ဆင်ရေး ဌာနချုပ် ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး ကျော်ဇေယျက ဘိလပ်မြေအိတ် ၂၀ တို့အတွက် ထောက်ပံ့ငွေကို ပေးအပ်ရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးရီက လက်ခံယူခဲ့သည်။

အထက တနင်္သာရီတွင် လက်ရှိပညာသင်နှစ် ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၆၁၈ ဦး၊ အလယ်တန်းအဆင့် ၇၆၂ ဦးနှင့် အထက်တန်းအဆင့် ၅၁၉ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၈၉၉ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

နန်းသာရီ-ထိန်ဝင်း

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**

# ဝန်းသိုမြို့နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကောလင်း ဇူလိုင် ၃၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၇ ရက်က ရေကြီးနစ်မြုပ်ကျေးရွာများဖြစ်သော ဝန်းသိုမြို့နယ် လက်ပံကြီးတောကျေးရွာအုပ်စု၊ စိန်လည်ကျေးရွာ၊ ကျိုင်းခွင်ကျေးရွာ၊ ချီးယားကုန်းကျေးရွာသို့သွားရောက်၍ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားသည်။ ထို့နောက် ဆန်အိတ်၊ ရေသန့်ဘူးများနှင့် ခေါက်ဆွဲခြောက်များ ထောက်ပံ့ပေးအပ်ခဲ့ပြီး ပျက်စီးသွားသော လမ်း၊ တံတားများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဝန်းသိုမြို့နယ် ငါးကမ္ဘာမြစိမ်းရောင်စီမံကိန်းစာရင်းဝင် တောင်ဘို့လှကျေးရွာသို့ သွားရောက်၍ ဘုန်းတော်ကြီးကျောင်းတွင် ဒေသခံပြည်သူများအားတွေ့ဆုံပြီး လိုအပ်ချက်များကို ညှိနှိုင်းဆွေးနွေးခဲ့ပြီးနောက် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့သည်။ ဆက်လက် ၍ ဂျိုးတောင်ရွာမရွာနှင့် ဆေးမင်းဂုံရွာများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ကျော်စိုး(ကောလင်း)**



# နိုင်ငံတကာအဆင့်မီ ကျောင်းသူဆောင်ဆောက်လုပ်မည်

**ရန်ကုန် ဇူလိုင် ၃၀**

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ ကျောင်းသူဆောင်အသစ်တစ်ဆောင် ဆောက်လုပ်မည်ဖြစ်ကြောင်း ကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်တင်တင်ထွေးထံမှ သိရသည်။

"မဟာမြိုင်လမ်းနဲ့ ပြည်လမ်းထောင့်မှာရှိတဲ့ လေးထပ်အဆောက်အအုံ ယုဝတီဆောင်မှာတော့ နယ်ကကျောင်းသူတွေကို အဆောင်ပေးထားပါတယ်။ အဲဒီအဆောင်မှာ ၁၀ ပေပတ်လည် အခန်းပေါင်း ၇၁ ခန်းပဲရှိတယ်။ ကျောင်းသူတွေကို နှစ်ယောက်တစ်ခန်း ပေးထားပါတယ်။ အဲဒီအတွက်ကြောင့် အခု ၂၀၁၅-၂၀၁၆ ဘတ်ဂျက်နှစ်မှာ ကျောင်းသူဆောင်တစ်ဆောင် ဆောက်ဖို့ တင်ထားတာပါ၊ နိုင်ငံတကာအဆင့်မီတဲ့ တက္ကသိုလ်ကျောင်းသူဆောင်ဖြစ်အောင်စီစဉ်ထားပါတယ်"ဟု ဒေါက်တာဒေါ်တင်တင်ထွေးက ပြောကြားသည်။

အဆိုပါအဆောင်သစ်ကို ရုံးခန်းဘေး မြေနေရာတွင် ဆောက်လုပ်မည်ဖြစ်ပြီး အကျယ်အဝန်းအားဖြင့် ပေ (၉၆×၃၀) ရှိကာ ခြောက်ထပ် အဆောက်အအုံဖြစ်သည်။ ၁၀ ပေပတ်လည် အိပ်ခန်းပေါင်း ၈၃ ခန်းပါရှိမည်ဖြစ်သည်။

"အိပ်ခန်းတွေကလည်း နိုင်ငံတကာမှာသုံးတဲ့ ရေချိုးခန်း၊ ရေအိမ်တွဲလျက်အခန်းမျိုးဖြစ်ပါတယ်။ ပေးမယ့် facility တွေကိုလည်း တစ်ခါတည်းဆောက်လုပ်ရေးတင်ဒါထဲမှာ ထည့်ထားပါတယ်။ ကျွန်းအစစ်နဲ့လုပ်ထားတဲ့ စားပွဲ၊ ကုလားထိုင်၊ ခုတင်၊ ဗီရိုတွေအပြင်အိပ်ရာကအစ အားလုံးလည်းပါတယ်။ အခန်းတိုင်းမှာလည်း လေအေးပေးစက်တပ်ဆင်ပေးမယ်။ ဒါဟာတကယ့်ကို နိုင်ငံတကာတက္ကသိုလ်တွေမှာထားတဲ့စံနှုန်းပါ။ အဲဒီစံနှုန်းအတိုင်းပြည့်မီအောင် စီစဉ်ထားပါတယ်။ တစ်ခန်းကို တစ်ယောက်တည်းထားမှာပါ။ ဒါဆိုရင် ကျောင်းသူဟာ စာကိုအာရုံတစိုက်သေသေချာချာလေ့လာသွားနိုင်မှာပါ"ဟု ကျောင်းအုပ်ကြီးက ပြောပြသည်။

အဆိုပါအဆောင်၏အောက်ထပ်တွင်လည်း ထမင်းစားခန်း၊ ဧည့်ခန်းနှင့် မီးဖိုခန်းများ ထည့်သွင်းတည်ဆောက်ပေးမည်ဟု သိရသည်။

" ကျောင်းသား ကျောင်းသူတွေအနေနဲ့ ATM စက်တွေ ထားချင်ရင်လည်း ဘဏ်တွေနဲ့ချိတ်ဆက်ပြီး ATM စက်တွေထားရှိမှာ ဖြစ်ပါတယ်။ Snack Bar လေးထည့်လို့ရရင်လည်း ထည့်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် နယ်ကျောင်းသူတွေရဲ့ နေရေးထိုင်ရေးကိစ္စကို ပြေလည်အောင်ဖြေရှင်းပေးမှာဖြစ်ပါတယ်။ ဒီဘတ်ဂျက်နှစ်မှာ ပြီးအောင်လုပ်မှာပါ" ဟု ၎င်းက ဆိုသည်။

အဆိုပါကောလိပ်ကျောင်း၌ ကျောင်းသားဦးရေ နည်းပါးသဖြင့် နယ်ကျောင်းသားများကို ရန်ကုန်တက္ကသိုလ်ကျောင်းသားဆောင်တွင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆောင်နေစရိတ်တစ်လလျှင် ငွေကျပ် ၅၀၀၀ ဖြစ်ပြီး စားသောက်စရိတ်မှာ တစ်နပ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် တစ်နေ့လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြစ်ကာ တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

**ပညာရေး**

# မြောင်းမြမြို့နယ်တွင် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်



**မြောင်းမြ ဇူလိုင် ၃၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာတိုးတက်ရရှိစေရေးအတွက် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဇူလိုင် ၂၈ ရက် နံနက်က မြောင်းမြမြို့နယ် ကျုံဝါးကျေးရွာအုပ်စု လယ်သမားကြီးဦးရာဟုလုံး၏ ဧက ၁၀၀ စံပြစိုက်ခင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက တက်ရောက်လာသော ကျေးရွာများမှ လယ်သမားကြီးများသို့ ငါးသားပေါက်များပေးအပ်ကာ မြောင်းမြခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်၊ တာဝန်ရှိသူများနှင့် တောင်သူလယ်သမားများက စပါးခင်းအတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးကြသည်။

မြောင်းမြမြို့နယ် အတွင်း ကျုံဝါး၊ ခနုံးချောင်း၊ ကြာဖူးငုံ၊ ကျေးရွာ အုပ်စုများမှ လယ်မြေ ၁၀၃ ဧကရှိ စပါးခင်းများအတွင်းသို့ ငါးခုံးမကြီး သားပေါက်ကောင်ရေ ၄၀၀၀၀၊ ရွှေဝါငါးကြင်း သားပေါက်ကောင်ရေ ၁၅၀၀၀ တို့ကို မျိုးစိုက်ထည့်ပေးနိုင်ခဲ့ပြီး မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးပွားများစေရေးအတွက် ချောင်း၊ မြောင်းများအတွင်းသို့လည်း ငါးမျိုးဆက်လက်ထည့်သွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း(ပြန်/ဆက်)**

**ငါးရစ် ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း**

သ တင်း တို ထွာ များ

# အမြို့မြို့အနယ်နယ်၌ ကျောင်းအဆင့်တိုးမြှင့်

## မူလွန်ကျောင်းမှ အလယ်တန်းကျောင်းခွဲတိုးမြှင့်

**နောင်ချို**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်၌ ကျောက်တောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၂၇ ရက်က ကျောက်တောကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြနှင့် တာဝန်ရှိသူတို့က အမှာစကားပြောကြားခဲ့ပြီး ကျောင်းဆောင်သစ်အား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လက်ထောက်ပညာရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

**နှင်းမောင်**

## အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်

**ဘားအံ**

ကရင်ပြည်နယ် ဘားအံမြို့ ကော့မူးတာကျေးရွာအုပ်စု ကော့မူးတာအရှေ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ခြင်းကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်မောင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ကော့မူးတာအရှေ့ကျောင်းမှာ ၁၉၉၅ ခုနှစ်တွင် မူလတန်းကျောင်းကို စတင်ဖွင့်လှစ်သင်ကြားခဲ့ပြီး ၂၀၀၂ခုနှစ်တွင် မူလတန်း (လွန်)ကျောင်း၊ ၂၀၁၁ ခုနှစ်တွင် အလယ်တန်းကျောင်း(ခွဲ)မှ ယခုအခါ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခဲ့ခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူဦးရေ စုစုပေါင်း ၃၇၃ ဦးရှိ၍ လုံလောက်သော မြေနှင့် အဆောက်အအုံများ၊ ကျောင်းသား ကျောင်းသူဦးရေနှင့် ဆရာ ဆရာမ အချိုးညီစွာရှိသဖြင့် ကျောင်းသား ကျောင်းသူများ၏ ပညာရေးကို တိုးတက်စွာပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

## မြရတနာစာသင်ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သပြေကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ အလှူရှင်မိသားစုက ငွေကျပ် ၂၅၅ သိန်းကျော် အကုန်အကျခံကာဆောက်လုပ်လှူဒါန်းသည့် မြရတနာစာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက်က ယင်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အလျားပေ ၈၀၊ အနံ ၂၆ ပေ၊ အမြင့် ၁၀ ပေ သွပ်မိုး၊ အုတ်ကာ မြရတနာစာသင်ကျောင်းဆောင်သစ်ကြီးကို အလှူရှင်မိသားစုဝင် ဦးသိန်းဇော်က ၎င်းတို့ဖခင်ဇာတိဖြစ်သော သပြေကန်ကျေးရွာ၏ ပညာရေးဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

သပြေကန်ကျေးရွာအလယ်တန်းကျောင်း(ခွဲ)တွင် သပြေကန်၊ လျှော်ဖြူပင်၊ ပျော်ကုန်း၊ ဆည်အောင်ကုန်းကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ပညာသင်ယူလျက်ရှိကာ မြရတနာစာသင်ကျောင်းဆောင်သစ်ကြီးရှိလာသဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးအတွက် အကျိုးရှိသဖြင့် ဒေသခံကျောင်းသားမိဘများက ကျေးဇူးတင်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဘိုင်ယန်နဲ့ ဝုဖ်ဘတ်တို့ ထိပ်တိုက်တွေ့မယ့် ဂျာမန်စူပါဖလားပွဲ

မိုးမြင့်လင်းလက်



ဘိုင်ယန်မြူးနစ်ဟာ ဂျာမန်စူပါဖလားကို ၁၉၈၇၊ ၁၉၉၀၊ ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်တွေမှာ ရရှိထားပါတယ်။

ဂျာမနီမြေက ထိပ်တန်းကလပ်တွေယှဉ်ပြိုင်ကြတဲ့ ၂၀၁၅ ဂျာမန်စူပါဖလားပြိုင်ပွဲကိုတော့ လာမယ့်သြဂုတ် ၂ ရက်မှာ ကျင်းပမှာဖြစ်ပြီး လက်ရှိဘွန်ဒက်စ်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်နဲ့ လက်ရှိပိုကယ်ဖလားပိုင်ရှင် ဝုဖ်ဘတ်တို့ ဝုဖ်ဘတ်မြို့ ဗောဲစဝါဂန်အရီနာကွင်းမှာ ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ရာသီအကြို ပြိုင်ပွဲတစ်ရပ်ဖြစ်ပေမယ့် ရာသီသစ်ကို ဆုဖလားကိုင်မြှောက်ပြီး ဖြတ်သန်းနိုင်ဖို့အတွက် ခြေကုန်ထုတ်ကြမယ့် ပွဲကောင်းတစ်ပွဲကို အားပေးကြရဦးမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဘောလုံးရာသီက ဂျာမန်စူပါဖလားဗိုလ်လုပွဲမှာ ဒေါ့မွန်ကို နှစ်ဂိုးပြတ်နဲ့ ရှုံးပွဲကြုံပြီး ဖလားလက်လွှတ်ခဲ့ရတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဂျာမန် စူပါဖလားကို ၁၉၈၇၊ ၁၉၉၀၊ ၂၀၁၀ နဲ့ ၂၀၁၂ ခုနှစ်တွေမှာ ဆွတ်ခူးရရှိထားတဲ့ မှတ်တမ်းရှိပါတယ်။ ဘိုင်ယန်မြူးနစ်ဟာ ပြီးခဲ့တဲ့နှစ်က ဖလားသုံးလုံး အိပ်မက် ပျက်ပြယ်ခဲ့ပြီး အခုလာမယ့် ရာသီမှာတော့ လက်တွေ့ကျကျအကောင်အထည် ဖော်နိုင်ဖို့ ဒီပွဲမှာ စတင်ပြီး သက်သေပြရမှာ ဖြစ်တာကြောင့် နည်းပြ ဂွာဒီယိုလာအတွက် အရေးကြီးတဲ့ပွဲစဉ်ဖြစ်နေပါတယ်။

ဘိုင်ယန်မြူးနစ်ရဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ သောမတ်မူလာ၊ လီဝမ်ဒေါစကီး တို့ကို ကွင်းလယ်နဲ့ တောင်ပံတိုက်စစ်သန်သူတွေဖြစ်တဲ့ အလွန်ဆို၊ ရော်ဘင်၊ အော်စကာ၊ မာတီနက်၊ ဂေါဇီစတဲ့ ကစားသမားတွေနဲ့ ဝန်းရံလိုက်တဲ့အခါ ပြိုင်ဘက်တိုင်း ထိတ်လန့်ရတဲ့ တိုက်စစ်ဖြစ်လာပါတယ်။ နည်းပြ ဂွာဒီယိုလာကတော့ ကစားသမားတွေဟာ ပြိုင်ပွဲဝင်ဖို့ အသင့်ရှိနေပြီလို့ဆိုနေပါတယ်။

ဘိုင်ယန်မြူးနစ်ဟာ လောလောဆယ်မှာ အင်တာမီလန်ကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ထားသလို ဗလင်စီယာအသင်းကို ခြေစမ်းပွဲမှာ လေးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားပါတယ်။ ဇူလိုင် ၁၂ ရက်က အော့စ်ဘတ်အသင်းနဲ့ ကစားတဲ့အခါ တစ်ဂိုး-နှစ်ဂိုးနဲ့ ရှုံးခဲ့ပြီး မွန်ချန်ဂလာဘတ်အသင်းနဲ့ ကစားတဲ့အခါ ဂိုးမရှိ သရေဖြစ်ခဲ့သလို ပယ်နယ်တီအဆုံးအဖြတ်နဲ့ သုံးဂိုး-လေးဂိုးနဲ့ ရှုံးထားပါတယ်။ ဒါကြောင့် ဘိုင်ယန်မြူးနစ်ရဲ့ ခြေစွမ်းက အားရစရာတော့မရှိပါဘူး။

ဝုဖ်ဘတ်တို့ကတော့ ပြီးခဲ့တဲ့နှစ်က ဘွန်ဒက်စ်လီဂါမှာ ဒုတိယရရှိခဲ့တဲ့ အသင်းဖြစ်ပြီး ပွဲပေါင်း ၃၄ ပွဲမှာ ပွဲ ၂၀ အနိုင်ရရှိကာ သရေကိုးပွဲဖြစ်ခဲ့သလို ရှုံးပွဲငါးပွဲဖြစ်ခဲ့ပါတယ်။ ဝုဖ်ဘတ်အသင်းမှာ အာနိုလ်၊ အီဗန်ပါရစ်ဆစ်၊ ရီကာဒိုရိုဒရီဂွတ်၊ အိုလစ်၊ နာလ်ဒို၊ ဆက်ဒေ့ါ စတဲ့ ကစားသမားတွေက အားထားရသလို ဂိုးရအောင်လည်း သွင်းယူနိုင်သူတွေဖြစ်ပါတယ်။

ဝုဖ်ဘတ်တို့ဟာ ဒီနှစ်အပြောင်းအရွှေ့မှာ တိုက်စစ်မှူးတွေဖြစ်တဲ့ ဟိုစီနာ၊ မိုဒက်တီနဲ့ ဇိုလာတို့ကို အသစ်ခေါ်ယူအားဖြည့်ထားပါတယ်။ ဒါ့အပြင် ဟန်နိုဗာအသင်းမှ ကွင်းလယ်ကစားသမား လီယိုနာဒိုဘစ်တင်ကော့၊ ဒေါ့မွန်အသင်း ကွင်းလယ်ကစားသမား မီလော့စ်ဂျိုဗစ်တို့ကို ခေါ်ယူအားဖြည့်ထားတာမို့ အင်အားတောင့်တင်းနေပါတယ်။

ဝုဖ်ဘတ်တို့ကတော့ လောလောဆယ်မှာ ခြေစွမ်းကောင်းမွန်နေပြီး တိုက်စစ်ပိုင်းမှာလည်း ထက်မြက်နေတာမို့ ဘိုင်ယန်မြူးနစ်တို့ ထင်သလောက် လွယ်ကူမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီနှစ်ဂျာမန်စူပါဖလားကို ဘယ်အသင်း ကိုင်မြှောက်အောင်ပွဲခံသွားနိုင်မလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ။

## အက်သလက်တီကိုနဲ့ ပြန်ပေါင်းထုတ်မယ့်လူးဝစ်

ပြီးခဲ့တဲ့ ရာသီက ချယ်လ်ဆီးက ပေါင် ၁၆ သန်းနဲ့ ခေါ်ယူခဲ့တဲ့ နောက်ခံလူ ဖီးလစ်လူးဝစ်ကို အက်သလက်တီကိုက ပြန်လည်ခေါ်ယူခဲ့ပါတယ်။ လူးဝစ်ဟာ ချယ်လ်ဆီးမှာတစ်နှစ်သာ ကစားခဲ့ပြီး အက်သလက်တီကိုသို့ ပြန်သွားခဲ့တာပါ။

ဘရာဇီး နောက်ခံကစားသမား ဖီးလစ်လူးဝစ်ဟာ နည်းပြမော်ရင်ဟိုရဲ့ လက်ထက်မှာ အောင်မြင်မှုမရခဲ့ပါဘူး။ သူ့ရဲ့ပြောင်းရွှေ့ကြေးကိုတော့ ပြီးခဲ့တဲ့ရာသီက ပြောင်းရွှေ့ကြေးအတိုင်း သဘောတူခဲ့တယ်လို့ အက်သလက်တီကိုနည်းပြ ဒီယေဂိုဆီမြူနီက ဆိုပါတယ်။ လန်ဒန် အနောက်ပိုင်းကလပ် ချယ်လ်ဆီး အသင်းအနေနဲ့ လူးဝစ်နေရာမှာ ဂါလာတာစာရေးက အဲလက်စ်တဲလက်ကိုခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။

လူးဝစ်ဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအသင်းနဲ့ ၂၆ ပွဲသာ ပါဝင်ကစားခဲ့ပြီး တစ်ဂိုးသာသွင်းယူပေးနိုင်ခဲ့ပါတယ်။ တောင်အမေရိက ကစားသမား လူးဝစ်ဟာ အက်သလက်တီကိုအသင်းမှာ ၁၂၇ ပွဲ ပါဝင်ကစားခဲ့ပြီး အောင်မြင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ခဲ့ကာ ယူရိုပါလိဂ်နဲ့ ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ ။



## ဝက်စ်ဘရွန်းရဲ့ ကမ်းလှမ်းမှုကို ပယ်ချပြီး မာဆေးကို ပြန်သွားခဲ့တဲ့ ဒီယာဘိုင်




အာဆင်နယ် ကွင်းလယ်ကစားသမား ဒီယာဘိုင်ဟာ မြောက်လန်ဒန်ကလပ်မှာ ကိုးနှစ်ကြာကစားခဲ့ပြီးနောက် ပြင်သစ်ပထမတန်းကလပ် မာဆေးသို့ပြန်ဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ ဒီယာဘိုင်ယာ ပြီးခဲ့တဲ့ ရာသီက ဒဏ်ရာများကြောင့် ကစားနိုင်ခဲ့ခြင်းမရှိဘဲ အာဆင်နယ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးသွားပြီဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား ဒီယာဘိုင်ဟာ အာဆင်နယ်အသင်းမှာ ပွဲပေါင်း ၁၈၀ ကျော် ပါဝင်ကစားခဲ့ပြီး ၁၉ ဂိုး သွင်းယူပေးခဲ့ပါတယ်။ သို့ပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း နှစ်ပွဲသာ ကစားနိုင်ခဲ့ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒီယာဘိုင်ကို ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်က ခေါ်ယူဖို့ကမ်းလှမ်းခဲ့ပြီး ဆေးစစ်မှုတွေပြုလုပ်ခဲ့ပေမယ့် မာဆေးကို ပြန်ဖို့ သဘောတူခဲ့ပါတယ်။ ဒီယာဘိုင်ဟာ ပြင်သစ်လယ်ရွေးစင် ကစားသမားဖြစ်ပြီး ပြင်သစ်အသင်းနဲ့လည်း ၁၆ ပွဲ ပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ မာဆေးနဲ့ ဒီယာဘိုင်တို့ဟာ အင်္ဂါနေ့က မူအရ သဘောတူထားပြီလို့ မာဆေးရဲ့ ဝက်ဘ်ဆိုက်မှာ ဖော်ပြထားပါတယ်။ ။

ကောင်းမြတ်သူ-စုစည်းသည်

## ဂျူဗင်တပ်ကွင်းလယ်လူကို ဘိုင်ယန်မြူးနစ်ခေါ်ယူ

ပြီးခဲ့တဲ့ ကိုပါအမေရိကဖလားမှာ ခြေစွမ်းပြကစားခဲ့တဲ့ ချီလီကွင်းလယ် ကစားသမား အဘူတိုဗစ်ဒဲလ်ကို ဘိုင်ယန်မြူးနစ်က ပေါင် ၂၈ သန်းနဲ့ ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ပါတယ်။ ဂျူဗင်တပ်စ်ကွင်းယ်ကစားသမား ဗစ်ဒဲလ်ကို ဘွန်ဒက်စ်လီဂါ ချန်ပီယံ ဘိုင်ယန်မြူးနစ်က လေးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာပါ။ သူဟာ ကိုပါအမေရိကဖလားမှာ ချီလီအသင်းနဲ့အတူ ခြေစွမ်းပြကစားခဲ့ပြီး နိုင်ငံအတွက် ပထမဆုံးသော ကိုပါအမေရိက ဖလားဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ အသက် ၂၈ နှစ်အရွယ် ဗစ်ဒဲလ်ဟာ ဘိုင်ယန်မြူးနစ်နဲ့အတူ လေးနှစ်စာချုပ် ချုပ်ဆိုလိုက်တဲ့အတွက် ၂၀၁၉ ခုနှစ်အထိ ကစားရမှာဖြစ်ပါတယ်။ ဗစ်ဒဲလ်ဟာ ဘိုင်ယန်မြူးနစ်မှာ ကျောနံပါတ် ၂၃ ဂျာစီ အင်္ကျီကို ဝတ်ဆင်ကစားရမှာ ဖြစ်ပါတယ်။




ဗစ်ဒဲလ်ဟာ မန်ယူကို ရောင်းထုတ်လိုက်တဲ့ ရှဝိန်းစတိုင်ဂါရဲ့နေရာမှာ ကစားရမှာဖြစ်ပါတယ်။ ဗစ်ဒဲလ်ဟာ ဂျူဗင်တပ်စ်မှာ အောင်မြင်ခဲ့တဲ့ ကစားသမားဖြစ်သလို လာမယ့်ရာသီမှာ အသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ ။

# ကော့သောင်း ရွှေ့လျားလုပ်ရှားအဖွဲ့၏ စစ်ဆေးအရေးယူမှုများ ဩဂုတ်လဆန်းတွင်စတင်မည်



**ကော့သောင်း ဇူလိုင် ၃၀**

ကုန်သွယ်ရေးစခန်း(ကော့သောင်း)၏ ရွှေ့လျားလုပ်ရှားအဖွဲ့ကို ဖွဲ့စည်းပြီးနောက် ပညာပေးလုပ်ငန်းများကို သတ်မှတ်ကာလ တစ်လဆောင်ရွက်ခဲ့ကာ အရေးယူမှုများကို ဩဂုတ် ၁ ရက်တွင် စတင်တော့မည်ဖြစ်ကြောင်း သိရသည်။

ကုန်သွယ်ရေးစခန်း(ကော့သောင်း) ရွှေ့လျားလုပ်ရှားအဖွဲ့ကို ကုန်စည်ကူးသန်းရောင်းဝယ်လုပ်ကိုင်ကြသည့် ဒေသခံလုပ်ငန်းရှင်နှင့် ပြည်သူများအနေဖြင့် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ကုန်သွယ်မှုဆိုင်ရာ ပို့ကုန်သွင်းကုန်ဥပဒေ၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ၊ လုပ်ထုံးလုပ်နည်းများစသည့် သတ်မှတ်စည်းကမ်းစည်းမျဉ်းများနှင့်အညီ တရားဝင်လုပ်ကိုင်ကြရေးအတွက် ဖွဲ့စည်းခဲ့ပြီး ဇူလိုင်လဆန်းမှ လကုန်အထိ အချိန်တစ်လကို ပညာပေးကာလအဖြစ်သတ်မှတ်၍ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်ဩဂုတ်လဆန်းပိုင်းမှစတင်ကာ တရားမဝင်ကုန်သွယ်မှုများကို စစ်ဆေးဖော်ထုတ် အရေးယူမှုများ စတင်ပြုလုပ်တော့မည်ဖြစ်ကြောင်း ကုန်သွယ်ရေးစခန်း(ကော့သောင်း) တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ကော့သောင်းမိုဘိုင်းအဖွဲ့သည် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့မှတစ်ဆင့် ပြည်တွင်းသို့ ကုန်ပစ္စည်းများတင်သွင်းမည့် သင်္ဘောများမှ ကုန်ပစ္စည်းများအတွက် နိုင်ငံတော်သို့ပေးသွင်းရမည့် အခွန်အခများပေးသွင်းမှု အထောက်အထားများနှင့် တင်ဆောင်သည့် ကုန်ပစ္စည်းအမျိုးအမည် မှန်ကန်ကိုက်ညီမှု ရှိ မရှိ၊ ကန့်သတ်တားမြစ်ထားသည့်ကုန်ပစ္စည်းများ တင်ဆောင်ကုန်သွယ်ခြင်း ရှိ မရှိ တို့ကို စစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ကော့သောင်းမြို့မှ ပြည်တွင်းထွက်ခွာမည့် သင်္ဘောများမှ ကုန်ပစ္စည်းများကို ကော့သောင်းရွှေ့လျားလုပ်ရှားအဖွဲ့က ဇူလိုင် ၂၈ ရက်တွင်လည်း စစ်ဆေးခဲ့ပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# တောင်ကျရေတိုက်စားမှုကြောင့် တံတားတစ်စင်းရေထဲမျောပါ



**ရေတာရှည် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း နေ့စဉ်ရက်ဆက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ဆွာချောင်းရေလှောင်တမံမြောက်ဘက် ကျွန်းတောစုကျေးရွာအနီးရှိ အရှည်ပေ ၁၀၀ ကျော် ကွန်ကရစ်တိုင် သစ်သားတံတားတစ်စင်း တောင်ကျရေဖြင့် မျောပါပျက်စီးသွားခဲ့ကြောင်းသိရသည်။

ယခုရက်ပိုင်းအတွင်း နေ့ရောညပါ အဆက်မပြတ် ရွာသွန်းခဲ့သောမိုးကြောင့် တောင်ကျရေများထိုးဆင်းကာ တံတားကိုပါ တိုက်စားမျောပါသွားခဲ့ခြင်း ဖြစ်ကြောင်း၊ မျောပါသွားသောတံတားမှာ ဆွာချောင်းရေလှောင်တမံမြောက်ဘက်ရှိ ကျွန်းတောစုကျေးရွာနေ ဒေသခံပြည်သူများ ခရီးသွားလာမှုလွယ်ကူစေရန် ဆည်မြောင်းဦးစီးဌာနက ငွေကျပ်သိန်း ၆၀ အကုန်ကျခံကာ တည်ဆောက်ပေးထားခဲ့သောတံတားဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့ရွာကသိတော့ မနက်ရှစ်နာရီလောက်မှ သိကြတာ။ သိသိချင်း ရွာသားတွေက ရနိုင်သလောက် လိုက်ဆယ်ကြသေးတယ်။ ဟိုဘက်ထိပ် ဒီဘက်ထိပ်လောက်ပဲကျန်တော့တယ်။ ခရီးသွားလာရေး အခက်တွေ့ကုန်တာပေါ့"ဟု ကျွန်းတောစုကျေးရွာနေ အမျိုးသမီးတစ်ဦးကပြောသည်။

ကျွန်းတောစုကျေးရွာသည် ဆွာချောင်းရေလှောင်တမံ တည်ဆောက်စဉ်ကာလက ရွှေ့ပြောင်းခဲ့ရသော ကျေးရွာတစ်ရွာဖြစ်ကာ အခြားဒေသများသို့ ခရီးသွားလာသည့်အခါ အဆိုပါတံတားမှပင် အားထားသွားလာနေကြရခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပြည်နယ်ရွေးကောက်ပွဲကော်မရှင်နှင့် ဟိုပန်မြို့နိုင်ငံရေးပါတီများတွေ့ဆုံ

**ဟိုပန် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ မြို့နယ်အတွင်းမှ နိုင်ငံရေးပါတီများ ဟိုပန်မြို့တော်ခန်းမ၌ ဇူလိုင် ၂၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးရာတွင် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပတော့မည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ စောင့်ကြည့်လေ့လာရေးအဖွဲ့များက လာရောက်ကြမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းပဒေများ၊ အမိန့်ကြော်ငြာစာများကို ကြေညက်စွာ ဖတ်ရှုလေ့လာထားရန် လိုအပ်သလို မဲရုံမှူးများနှင့် အဖွဲ့ဝင်များကို သင်တန်းဖွင့်လှစ်ပို့ချပေးသွားရန် လိုအပ်ကြောင်း၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်ပေါ်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် နိုင်ငံရေးပါတီများက ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းရွှေထွန်းနှင့် မြို့နယ်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဒွေးတို့က မြို့နယ်အတွင်း မဲစာရင်းဆောင်ရွက်ထားရှိမှု၊ မဲရုံတည်နေရာများ၊ သင်တန်းဖွင့်လှစ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပါတီစည်းရုံးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ သိရှိလိုသည်များကို နိုင်ငံရေးပါတီများက မေးမြန်းဆွေးနွေးခဲ့ပြီး တောင်ကြီးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက ရှင်းလင်းဖြေကြားခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# လယ်မြေများရက်ရှည်ရေနစ်မြုပ်နေသဖြင့် မျိုးစပါးအတွက် တောင်သူများအခက်တွေ့နေ

**ရေတာရှည် ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ရက်ဆက်မိုးရွာသွန်းမှုကြောင့် လယ်ယာမြေများတွင် ရေဝင်နစ်မြုပ်လျက်ရှိကာ လယ်စိုက်တောင်သူများအနေဖြင့် ပြန်လည်စိုက်ပျိုးလိုသော်လည်း မျိုးစပါးမရှိသည့် အခက်အခဲနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

လွန်ခဲ့သော ရက်ပိုင်းအတွင်းက ရေဝင်နစ်မြုပ်ခဲ့သော လယ်ယာမြေများတွင် စိုက်ပျိုးပြီးစပါးစိုက်ခင်းများလည်းပါဝင်ခဲ့ပြီး ယခုအခါ ပြန်လည်စိုက်ပျိုးရန်အတွက် မျိုးစပါးများဝယ်ယူရန် အခက်တွေ့နေရခြင်းဖြစ်ကြောင်း တောင်သူများက ပြောပြသည်။

"အခုရက်ပိုင်း မိုးကတအားရွာနေတော့ စိုက်ပျိုးပြီးတဲ့ လယ်တွေက နစ်လိုက်ပေါ်လိုက် ဖြစ်နေတယ်။ မျိုးစပါးဈေးကလည်း စပါးအလိုက် ခုနစ်ထောင့်ငါးရာဆိုတော့ မသက်သာဘူးပေါ့။ တစ်ဧကကို မျိုးစပါး စရိတ်၊ ထွန်ယက် စရိတ်နဲ့ဆို ကျပ်ခုနှစ်သောင်းခွဲ လောက်ကုန်တယ်" ဟု ညောင်ပင်သာကျေးရွာမှ လယ်မြေပိုင်ရှင်တောင်သူတစ်ဦးက ပြောပြသည်။

မိုးစပါးစိုက်တောင်သူများအနေဖြင့် ပျိုးထောင်စိုက်ပျိုးရန် အချိန်မမီတော့သည့်အတွက် အစေ့ချစိုက်ပျိုးခြင်းကိုသာ အားထားကြရပြီး လက်ရှိလိုအပ်နေသော မျိုးစပါးမှာ ဈေးနှုန်းအရ အခက်အခဲရှိသည့်အပြင် ဝယ်ယူလိုသည့်တိုင်အောင် ရောင်းချသူမရှိသလောက် နည်းပါးနေခြင်းက တောင်သူများအတွက် အဓိကအခက်အခဲဖြစ်နေကြောင်း သိရသည်။

**ကိုတာရှည်**



ရေနစ်မြုပ်နေသော လယ်ကွင်းများကို တွေ့ရစဉ်။

# သမဝါယမအသင်းစု အစည်းအဝေးကျင်းပ

**စဉ့်ကူး ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၇ ရက်က ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစန်းလွင်၊ တိုင်းဒေသကြီး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းသားများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌနှင့် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က လုပ်ငန်းလမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့် မြို့နယ်သမဝါယမဦးစီးအရာရှိတို့က သမဝါယမအသင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် လုပ်ငန်းအစီရင်ခံစာကို ရှင်းလင်းဖတ်ကြားပြီး မြို့နယ်သမဝါယမအသင်းစု (အသင်းသားစာရင်းစစ်) အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်စာရင်းစစ်ဆေးချက်အစီရင်ခံစာနှင့် စာရင်းများ၊ အသားတင်အကျိုးငွေခွဲဝေမှုစာရင်းများအား တာဝန်ရှိသူများက ဖတ်ကြားတင်သွင်းကာ တင်သွင်းသည့်အစီရင်ခံစာများအပေါ် ကိုယ်စားလှယ်များက အကြံပြုတင်ပြဆွေးနွေးသည်။ ထို့နောက် စဉ့်ကူးမြို့နယ်သမဝါယမအသင်းစု၏ အမှုဆောင်ဒါရိုက်တာနှင့် အဖွဲ့များအား အသစ်ပြန်လည် ရွေးချယ်တင်မြှောက်ခဲ့ကြောင်းသိရသည်။

**မြင့်သူ(စဉ့်ကူး)**

# နော်ဝေအခြေစိုက် WIF ဖောင်ဒေးရှင်းနှင့် မြိတ်တက္ကသိုလ်တို့ပူးပေါင်း၍ လမုတောဥယျာဉ်တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**မြိတ် ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ရွှေပေးကျေးရွာရှိ မြေဧက ၇၇၈ ဒသမ ၄၅ ဧကပေါ်၌ နော်ဝေအခြေစိုက် World View International Foundation (WIF) နှင့် မြိတ်တက္ကသိုလ် အဏ္ဏဝါသိပ္ပံဌာနတို့ပူးပေါင်း၍ လမုတောဥယျာဉ်တစ်ခုတည်ဆောက်ရန်အတွက် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို မြိတ်တက္ကသိုလ် အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါလမုတောဥယျာဉ် တည်ဆောက်ရေးလုပ်ငန်းတွင် ရွှေပေးကျေးရွာရှိ မြေဧက ၇၇၈ ဒသမ၄၅ ဧကပေါ်တွင် လက်ရှိဒီရေတောများကို တိုးချဲ့စိုက်ပျိုးခြင်း၊ စီမံကိန်းနှင့်ပတ်သက်သည့်အဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ အဏ္ဏဝါသိပ္ပံပြခန်း၊ ရှင်းလင်းဆောင်၊ ဧည့်ရိပ်သာ၊ နိုင်ငံတကာ အဆင့်မီ သုတေသနပြခန်းနှင့် ဓာတ်ခွဲခန်းများတည်ဆောက်ခြင်း၊ ဆိပ်ကမ်းငယ်တစ်ခု တည်ဆောက်ပေးခြင်း၊ သုတေသနသင်္ဘောငယ်များ ထောက်ပံ့ပေးခြင်းတို့ ပါဝင်ကြောင်းနှင့် အဆိုပါစီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်အားလုံးကို နော်ဝေအခြေစိုက် World View International Foundation (WIF) က တာဝန်ယူတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို ဇူလိုင် ၂၆ရက်မှစ၍ ငါးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြိတ်တက္ကသိုလ်အဏ္ဏဝါသိပ္ပံဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာနန်းမြဟန်၏ ပြောကြားချက်အရ သိရသည်။

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲသို့ WIF ဥက္ကဋ္ဌ Mr.Arne Johan နှင့် ရန်ကုန်အခြေစိုက်World View Myanmar Foundation(WMF)




ဥက္ကဋ္ဌဦးအေးလွင်၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူး၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်ချို၊ ဒုတိယပါမောက္ခချုပ်ဒေါက်တာခင်ခင်ဌေးနှင့် ပါမောက္ခဌာနမှူးများတက်ရောက်ကြသည်။ စာချွန်လွှာ လက်မှတ်ရေးထိုးပွဲတွင် မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် WIF ဥက္ကဋ္ဌတို့က အမှာစကားပြောကြားပြီး WIF ဥက္ကဋ္ဌ၊ WMF ဥက္ကဋ္ဌ၊ မြိတ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က မြိတ်တက္ကသိုလ် လမုတောဥယျာဉ် တည်ဆောက်ရေးအတွက် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ **မြင့်ဦး(မြိတ်)**

# ရေဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ပုသိမ် ဇူလိုင် ၃၀**

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့၏ ညွှန်ကြားမှုဖြင့် ရေဘေးကာကွယ်ရေး ကြိုတင်သရုပ်ပြလေ့ကျင့်မှုများကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာ၌ ဇူလိုင် ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြလေ့ကျင့်ရာတွင် ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလုပ်ငန်းများ၊ ကရုဏာမြန်မာမှ တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူ ၂၅၀ ခန့် ပါဝင်လေ့ကျင့်ခဲ့သည်။

ထိုသို့သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခြင်းကြောင့် ကျေးရွာနေပြည်သူများအနေဖြင့် ဘေးအန္တရာယ်နှင့်ကြုံတွေ့ရသည့်အခါ စနစ်တကျ တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို လျှော့နည်းသက်သာစေမည်ဖြစ်ကြောင်း သိရသည်။ **မောင်စော(ပြန်/ဆက်)**

## သတင်းတို

### ငါးသိုင်းချောင်း၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး

ပုသိမ်ခရိုင် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လက်ပံပင်နှင့် ရပ်သာကြီးကျေးရွာကြား လမ်းဘေးဝဲယာ၌ ဇူလိုင် ၂၃ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သိန်း၊ နယ်မြေခံတပ်မှ တပ်ရင်းမှူး ဗိုလ်မှူးစိုးမြင့်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးစိုးရီနှင့် ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူ များက ယူကလစ်၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်ပျိုးပင် ၄၁၁ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **စိုးမင်းဦး(ပြန်/ဆက်)**

# ငြိမ်းချမ်းရေးဒေသများမှ ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ ဇူလိုင် ၃၀**

ကရင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးအဖွဲ့ဝင်မိသားစုဝင်များအတွက် ဂျပန်နိုင်ငံပြည်သူများက နီပွန်ဖောင်ဒေးရှင်းမှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးလျက်ရှိရာ ဇူလိုင် ၂၈ ရက်ကလည်း ဆန်ရိက္ခာများ၊ ဆိုလာနှင့် ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC) နှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းတို့ပူးပေါင်းကာ ပြည်နယ်အတွင်း ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးထားသော နယ်မြေများမှ ပြည်သူများအတွက် ဆန်ရိက္ခာများ၊ ဆိုလာနှင့် ဆေးစိမ်ခြင်ထောင်များ ထောက်ပံ့ပေးခြင်းဖြစ်သည်။

ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောင်ကျော်မင်းနှင့် နီပွန်ဖောင်ဒေးရှင်းမှ မစ္စတာမက်စုချီးမားတို့က KNU ဗဟိုဌာနချုပ် မဲသဝေါနယ်မြေမှ ပြည်သူများအတွက် ဆန်အိတ် ၃၈၆၉ အိတ်၊ ဆိုလာမီးအိမ် ၆၄၆ လုံး၊ ဆေးစိမ်ခြင်ထောင် ၆၄၆လုံးကိုလည်းကောင်း၊ KNUတပ်မဟာ(၁) ကျိုက်ကျော်နယ်မြေမှ ပြည်သူများအတွက် ဆန်အိတ် ၂၇၃၉အိတ်၊ ဆိုလာမီးအိမ် ၄၆၁လုံး၊ ဆေးစိမ်ခြင်ထောင် ၄၆၁လုံးကိုလည်းကောင်း၊ KNUတပ်မဟာ(၆) ဘားအံ၊ မော်လမြိုင်နယ်မြေရှိ ပြည်သူများအတွက် ဆန် ၃၅၁၆ အိတ်၊ ဆိုလာမီးအိမ် ၅၉၉လုံး၊ ဆေးစိမ်ခြင်ထောင် ၅၉၉ လုံးကိုလည်းကောင်း၊ KNUတပ်မဟာ(၇)လှိုင်းဘွဲ့မှ မော်ခီးသဒေသနှင့် ပိုင်ကျုံမှ တာကရားဒေသများအတွက် ဆန်အိတ် ၃၅၉၅ အိတ်၊ ဆေးစိမ်ခြင်ထောင် ၆၄၆လုံး၊ ဆိုလာမီးအိမ် ၆၄၆ လုံးကိုလည်းကောင်း၊ ABSDFအဖွဲ့ ဘားအံ၊ မော်လမြိုင်နယ်မြေမှ ပြည်သူများအတွက် ဆန် ၁၁၅၉ အိတ်၊ ဆေးစိမ်ခြင်ထောင် ၁၉၈ လုံးနှင့် ဆိုလာမီးအိမ် ၁၉၈ လုံးကိုလည်းကောင်း ပေးအပ်ခဲ့သည်။ **နေမျိုးလွင်(ပြန်/ဆက်)**




# အသည်းရောင်အသားဝါဘီရောဂါ ကုလို့ရပါပြီ

## အပိုင်း (၃)

ပါမောက္ခ ခင်မောင်ဝင်း
(အသည်း)

**(၂၀၁၅ ခုနှစ် မတ်လထုတ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ ဘီရောဂါ ကာကွယ်စောင့်ရှောက်ရေးနဲ့ ဘီပိုးနာတာရှည်ပိုး သယ်ဆောင်သူများအား ကုသရေးလမ်းညွှန်စာအုပ်ကိုမှီငြမ်းပြီး အသည်းရောင်အသားဝါ ဘီပိုးအကြောင်း ရေးနေပါတယ်။)**

**အသည်းကင်ဆာ ကာကွယ်ပါ**

အသည်းကင်ဆာဆိုတာဟာ အဓိကအားဖြင့် အသည်းရောင်အသားဝါဘီရောဂါပိုးကြောင့် ဖြစ်တာပါ။

ဒါကြောင့် အသည်းကင်ဆာမဖြစ်ချင်ရင်၊ အသည်းကင်ဆာကို ကာကွယ်ချင်တယ်ဆိုရင် အသည်းရောင်အသားဝါဘီပိုး မဝင်နိုင်အောင် ဘီပိုးကာကွယ်ဆေးထိုးထားကြပါ။

ဒါမှမဟုတ် အသည်းကင်ဆာမဖြစ်အောင် ကာကွယ်တဲ့ နည်းလမ်းတစ်ခုကတော့ အသည်းရောင်အသားဝါ ဘီပိုးရှိတဲ့ သူတွေဟာ ဘီပိုးပျောက်သွားအောင် ဘီပိုးသေဆေးတွေနဲ့ ထိထိမိမိ ကုသရမှာပါ။

အဲဒီလို အသည်းကင်ဆာ ကာကွယ်ဖို့ ဘီပိုးမဝင်အောင် ဘီပိုးကာကွယ်ဆေးထိုးတာ၊ ဒါမှမဟုတ် ဘီပိုးရှိပြီးသား ဘီပိုးနာတာရှည်သယ်ဆောင်ထားတဲ့ သူတွေအနေနဲ့ ဘီပိုးပျောက်သွားအောင် ဘီပိုးသေဆေးတွေနဲ့ ကုတာတွေ လုပ်ရမှာပါ။

အဲဒီအကြောင်းတွေကို အသေးစိတ်ပြောပြပါဦးမယ်။

**ဘီပိုးမဝင်အောင် ကာကွယ်နည်းတွေ**

- အသည်းရောင်အသားဝါ ဘီရောဂါပိုး မဝင်အောင် ကာကွယ်နည်းက နှစ်နည်း ရှိပါတယ်။
  (က) ဘီပိုးကူးစက်မှု နည်းစနစ်တွေကိုရှောင်ပြီး ပိုးမကူးအောင်နေ၊
  (ခ) ဘီပိုးကာကွယ်ဆေး စနစ်တကျထိုး။

**(က)ဘီပိုးကူးစက်မှု နည်းစနစ်တွေကိုရှောင်ပြီး ပိုးမကူးအောင်နေ**

ဘီပိုးအဓိက ကူးစက်တာဟာ သွေးကတစ်ဆင့်၊ ဒါမှမဟုတ် လိင်ဆက်ဆံတာက ကူးတာနဲ့ ဘီပိုးရှိတဲ့ မိခင်ကနေ ကလေးကို ကူးစက်တာဆိုတော့ အခုလို ဘီပိုးအကြောင်းကို သိနားလည်နေတဲ့အချိန်မှာ ကူးစက်မှုကို ကာကွယ်တားဆီးဖို့ရာ ကျန်းမာရေးအသိတွေ ပြည်သူတွေကြားမှာ ပျံ့နှံ့နေပြီဆိုတော့ အထူး ပြောစရာမလိုပါဘူး။

**"ကျွန်မနဲ့ လက်ထပ်မယ့်သူက ဒီနေ့မှ သူ့မှာဘီပိုး ရှိတယ်ဆိုတာ ပြောပြတယ်၊ ကျွန်မတို့က ရှေ့အပတ်ဆို လက်ထပ်တော့မှာ။ ဖိတ်စာတွေလည်း ဝေထားပြီးပြီ၊ အခုတော့ဘယ်လိုလုပ်ရမလဲ ဆရာရယ်၊ ကျွန်မကလည်း ဘီပိုးကာကွယ်ဆေး ထိုးမထားမိဘူး"**

အထူးဂရုစိုက်ရမယ့် အချက်တစ်ခုကိုပဲ ပြောရမယ်ဆိုရင်တော့ ဆံပင်ညှပ်ဆိုင်သွားရင် ကိုယ့်ဓားနဲ့ကိုယ် သုံးပါ။

ဒါပေမယ့် အထူးပြောချင်တဲ့ ကိစ္စကတော့ ဘီပိုးရှိတဲ့ မိခင်ကနေ ကလေးကို မကူးဖို့ တားဆီးကာကွယ်ရမယ့် နည်းလေးကိုတော့ ပြောချင်ပါသေးတယ်။

**မိခင်ကနေ ကလေးကို ဘီပိုးမကူးအောင် ကာကွယ်နည်း**

ဘီပိုးရှိတဲ့ မိခင်ကနေ ကလေးကို မကူးဖို့ နည်းသုံးနည်းနဲ့ တားဆီးရပါမယ်။

- ဘီပိုးရှိတဲ့မိခင်ကို ကိုယ်ဝန် ၃၂ ပတ်ရောက်ရင် တင်နိုဖိုဗီယာ (Tenofovir)ဘီပိုးသေဆေး တစ်နေ့တစ်လုံး နံနက်အစော အစာနဲ့ဝေးပြီး တိုက်ရပါမယ်။ ပြီးတော့ အဲဒီဘီပိုးသေဆေးကို အနည်းဆုံး ကလေး အသက် တစ်နှစ်ပြည့်တဲ့အထိ တိုက်ရပါမယ်။
- နောက်ကာကွယ်ရေး တစ်နည်းကတော့ မွေးလာတဲ့ ကလေးကို ၂၄ နာရီအတွင်းမှာ
  - ဘီပိုးကာကွယ်ဆေးထိုးပါမယ်။
  - နောက်ပြီးတော့ ဘီပိုးသေဆေး Hepatitis B Immune Globulin (HBIG) ကိုလည်း ထိုးပေးပါမယ်။ တစ်လုံးထိုးရုံနဲ့ လုံလောက်ပါတယ်။ HBIG ဆေးကို ထိုးလိုက်ပြီး ၁၅ မိနစ်အတွင်းမှာ ကိုယ်ခံအား အင်တီဘော်ဒီ Antibody ဟာ သွေးထဲမှာ ရောက်သွားမှာပါ။

ဘီပိုးကာကွယ်ဆေးဟာ ဆေးထိုးပြီး တစ်လလောက်ကြာမှ ကိုယ်ခံအား အင်တီဘော်ဒီ ပေါ်ပါတယ်။ အဲတော့ မွေးပြီးပြီးချင်း ကလေးကို ဘီပိုးမကူးစက်အောင် ကာကွယ်မပေးနိုင်ပါဘူး။ ဒါကြောင့် ဘီပိုးကာကွယ်ဆေးကို ကိုယ်ခံအား ချက်ချင်းရနိုင်စေတဲ့ HBIG နဲ့တွဲပြီး သုံးရတာပါ။ HBIG က ချက်ချင်းတက်စေတဲ့ ကိုယ်ခံအားဟာ တစ်လလောက်ကြာရင် ကုန်သွားပါတယ်။ အဲဒီအခါမှာ ဘီပိုးကာကွယ်ဆေးထိုးလို့ တက်လာတဲ့ ကိုယ်ခံအားက ဆက်လက်တာဝန်ယူ စောင့်ရှောက်ကာကွယ်သွားမှာပါ။

**ပြန်ပြီးခြုံပြောရမယ်ဆိုရင် မိခင်ကနေ ကလေးကို ဘီပိုးမကူးအောင်**

- မိခင်ကို ကိုယ်ဝန် ၃၂ပတ်မှာဘီပိုးသေဆေး တင်နိုဖိုဗီယာတိုက်၊
- ကလေးကို မွေးပြီး ၂၄ နာရီအတွင်းမှာ
  - ဘီပိုးကာကွယ်ဆေးထိုး၊
  - ဘီပိုးသေဆေး HBIG ထိုးပေးပါ။

ဒီလို နည်းသုံးနည်းနဲ့ ကာကွယ်မယ်ဆိုရင် ဘီပိုးရှိတဲ့ မိခင်ကနေ မွေးလာတဲ့ ကလေးကို ဘီပိုးမကူးစက်အောင် ၉၀ ရာခိုင်နှုန်းလောက် ကာကွယ်ပြီးသား ဖြစ်ပါတယ်။

**အိတ်(ချ်)ဘစ်(ခ်) HBIG ဘီပိုးသေဆေး**

ဒီနေရာမှာကြုံတုန်း ဘီပိုးသေဆေး HBIG အကြောင်း နည်းနည်းပြောချင်ပါတယ်။


HBIG ဟာ ဘီပိုးကိုယ်ခံအားရှိတဲ့ လူတွေဆီက သွေးတွေကိုထုတ်ပြီး အဲဒီသွေးတွေထဲကနေ ကိုယ်ခံအား အင်တီဘော်ဒီတွေကို ထုတ်ထားတာပါ။ ဒါကြောင့် HBIG ကို ထိုးလိုက်ရင် ဘီပိုးကိုသေစေနိုင်တဲ့ အင်တီဘော်ဒီတွေဟာ လူနာကိုယ်သွေးထဲကို ၁၅ မိနစ်အတွင်း ရောက်သွားတာပါ။

ဒါကြောင့် HBIGကို ထိုးရင် ဘီပိုးကိုယ်ခံအားဟာ ချက်ချင်းသွေးထဲရောက်တာပါ။ HBIG ရဲ့ အသုံးကျ ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုကို ပြောပြတင်ပြချင်ပါတယ်။

တစ်နေ့တော့ တပည့်ဆရာဝန်မလေး တစ်ယောက်ဟာ သုတ်သီးသုတ်ပျာနဲ့ ရောက်လာပါတယ်။ သူက "ဆရာ ကျွန်မကို အကြံဉာဏ်လေး ပေးပါဦး" လို့ ထိတ်လန့်တကြား ပြောပါတယ်။ "ဘာလဲဟဲ့ နင့်ဟာကလည်း ပျာယီးပျာယာနဲ့ ဘာတွေများ ဖြစ်လာလို့တုံး" လို့ မေးလိုက်တော့ "ကျွန်မနဲ့ လက်ထပ်မယ့်သူက ဒီနေ့မှ သူ့မှာဘီပိုးရှိတယ်ဆိုတာ ပြောပြတယ်။ ကျွန်မတို့က ရှေ့အပတ်ဆို လက်ထပ်တော့မှာ။ ဖိတ်စာတွေလည်း ဝေထားပြီးပြီ။အခုတော့ဘယ်လိုလုပ်ရမလဲ ဆရာရယ်။ ဖြစ်ချင်တော့ ကျွန်မကလည်း ဘီပိုးကာကွယ်ဆေး ထိုးမထားမိဘူး။ ဘယ်လိုလုပ်မတုံး။ ဒုက္ခပါပဲ" လို့ ပြောပါတယ်။ ကျွန်တော်က "ဒါလွယ်လွယ်လေးပဲ၊ ကာကွယ်လို့ရတယ်" လို့ဆိုပြီး အပေါ်မှာပြောပြခဲ့တဲ့ မိခင်ကနေ ကလေးကို ဘီပိုးကာကွယ်နည်းကိုပဲ ပြောပြလိုက်ပါတယ်။ "သမီး ချက်ချင်း ဘီပိုးကာကွယ်ဆေး တစ်ချောင်းထိုး၊ ပြီးတော့ ဘီပိုးသေဆေးလို့ခေါ်တဲ့ HBIGသုံးလုံးလည်း ထိုးရမယ်။ ကလေးတွေဆိုရင်တော့ HBIG က တစ်လုံးဆိုရတယ်လေ။ လူကြီးတွေမှာတော့ ဘော်ဒီဝိတ်ကိုလိုက်လို့ နှစ်လုံးကနေ လေးလုံးထိုးရတယ်။ အကြမ်းဖျင်းပြောရမယ်ဆိုရင်တော့ သုံးလုံးထိုးပေ့ါ။ အဲဒါဆို မင်းကို ဘီပိုးမကူးတော့ဘူးပေ့ါ" လို့ သေချာရှင်းပြလိုက်တော့မှ သူတော်တော်လေး စိတ်ချဝမ်းသာပြီး ထွက်သွားပါတော့တယ်။

ဒီလိုပဲ ဘီပိုးရှိတဲ့သူ ထိုးတဲ့အပ်နဲ့ လက်ကိုစိုက်မိလို့၊ ဘီပိုးရှိတဲ့လူသွေးကို ကိုင်မိလို့ဆိုတဲ့ ကိစ္စတွေအားလုံးမှာလည်း အထက်မှာတင်ပြထားခဲ့တဲ့ ဘီပိုးကာကွယ်ဆေးနဲ့ ဘီပိုးသေဆေး HBIG တွဲထိုးတဲ့နည်းကို သုံးပြီး ကာကွယ်နိုင်ပါတယ်။




**(လာမည့်အပတ်မှာတော့ ဘီပိုးကာကွယ်ဆေး စနစ်တကျ ထိုးနည်းနဲ့ ဘီပိုးကာကွယ်ဆေး အမျိုးမျိုးအကြောင်းကို အသေးစိတ်ရေးပြသွားပါမယ်။)**


## ငွေရတု မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်ကြီးဝင်းမြင့်(ငြိမ်း)ဒဂုန်ဆီအုန်း ကော့သောင်းနှင့်ချစ်မေမေ ဒေါ်လွင်လွင်ထွန်း ဆရာမ(ငြိမ်း)တို့၏ ဝါဆိုလပြည့်နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ သမီးတို့နှင့်အတူ ပျော်ရွှင်ကျန်းမာစွာ ဖြတ်သန်းနိုင်ပါစေ။

**သားကြီး** - Pilot Cadet **ချမ်းမြေ့လွင်**(M.A.A)
**သမီးငယ်** - **မအေးမြသူ**(2nd M.B၊ **ဆေး-၂**)

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်စန်းမောင် ၁၂/သကတ(နိုင်)၁၄၄၄၉၃၏ P.P. No.716217 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၀၄၀၄၁၅**

## ဖခင်အမည်မှန်

ကျုံပျော်မြို့၊ အထက(၁)မှ မအေးနန္ဒာထွန်း တက္ကသိုလ်ဝင်တန်းအောင်၏ဖခင်အမည်မှန်မှာ ဦးဝင်းညွန့် ၁၄/ကပန(နိုင်)၀၀၈၉၇၉ ဖြစ်ပါသည်။

**ဦးဝင်းညွန့်**

## ကန့်ကွက်နိုင်ပါကြောင်း

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/တောင်၊ မြေကွက်အမှတ်-၃၂၅/က၊ မြေကွက်တည်နေရာအမှတ် ၃၂၅/က၊ အောင်သိဒ္ဓိလမ်း၊ ကြီးပွားရေး(ဒေါ်တင်အေး၊ KMDG-၀၀၀၁၂၃)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်တင်အေးထံမှ ၂၁-၉-၉၄ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမောင်လှ ၁၂/သဃက(နိုင်)၁၄၅၉၆၄ ကိုယ်စား GP အမှတ်-၂၅၈၆၀/၂၀၁၄ ရရှိထားသူ ဒေါ်တင်တင်ဆွေ ၇/မညန(နိုင်)၀၆၃၀၅၇က ပါမစ်မူရင်း တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ တင်ပြပါမစ်ပြည့်စုံမှုမရှိသဖြင့် ဂရန်သစ်လျှောက်ထားမှုအပေါ် ခိုင်လုံသော အထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၆) နဝမတန်း(A)မှ မယဉ်ယဉ်နွယ်၏ ဖခင်အမည်မှန်မှာ ဦးဘိုသောင် ၉/မခန(နိုင်)၂၄၈၄၃၂ ဖြစ်ပါသည်။

**ဦးဘိုသောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၇၂၉၂၅၊ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးနှင်းသန်း ၁၃/ကမန(နိုင်)၀၈၃၂၀၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ကျောက်မဲမြို့)**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ အထက(၄)၊ နဝမတန်း (A7)မှ ဦးအောင်ကျော်မိုး၏သား မောင်လှမော် ၁၄/ဟသတ(နိုင်)၃၂၃၂၄၄အား ယနေ့မှစ၍ မောင်ဆက်လင်းထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဆက်လင်းထွန်း**

## ဖခင်အမည်မှန်

မုံရွာမြို့ အထက(၂) တက္ကသိုလ်ဝင်တန်း(D) မှ မဟေမာန်ဦး၏ ဖခင်အမည်မှန်မှာ ဦးရဲဇော်ထွန်း ၁၂/ဥကမ(နိုင်)၁၉၄၂၁၀ ဖြစ်ပါသည်။

**ဦးရဲဇော်ထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၈၁၉၊ Jialing Cx1 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူဝင်း ၉/မနမ(နိုင်)၁၀၁၅၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၉၀၂၈၀၊ Jialing JL 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းကြည် ၁၃/ကမန(နိုင်)၀၀၄၃၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၃၄၇၇၇၊ Yamaha FZ 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဟန် ၉/မနမ(နိုင်)၀၆၆၃၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၃စ/၁၈၉၈၊ Toyota,Kluger ACU 20, S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်မော် ၉/ပသက(နိုင်)၀၁၇၀၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မဟာအောင်မြေမြို့နယ်တရားရုံး
### ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၃၈

မနန်းနှင်းဖြူအေး **နှင့်** ကိုကျော်ထွန်းနိုင်
**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်း၊ ၇၀×၇၁ လမ်းကြား၊ စီ-၂၊ သီရိရိပ်သာနေ ကိုကျော်ထွန်းနိုင်(ဘ)ဦးအိုက်မွန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မနန်းနှင်းဖြူအေးက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၇ ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**


ဖုန်းခေါ်ဆိုခ အနည်းဆုံး
၂၀ကျပ်/မိနစ်
အခုပဲ ငွေဖြည့်ပြီး တစ်မိနစ် ၂၀ကျပ်နဲ့
ပြည်တွင်းဖုန်းအားလုံးကို ခေါ်ဆိုလိုက်ပါ။
ooredoo
ကြည်လင်ပြတ်သားတဲ့ အသံနှင့်
အခုပဲ ဖလန်းဖလန်းကို ရယူစို့
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။







**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ည/၅၇၉၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှေသာကြီး)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၁ယ/၆၁၁၀၆ ယာဉ်အမည်ပေါက်သူ Myanmar Awbo Group Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## မီးစက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဝယ်ယူရန်
# တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) 300 KVA Generator - ၁ လုံး
(ခ) 200 KVA Generator - ၁ လုံး
(ဂ) Mail Box မော်တော်ယာဉ် - ၂ စီး
(ဃ) Single Cub မော်တော်ယာဉ် - ၂ စီး
(င) Motorcycle - ၁၈ စီး

၂။ တင်ဒါပုံစံများကို ၂၉-၇-၂၀၁၅ရက်မှ ၂၁-၈-၂၀၁၅ရက်အထိ နေ့စဉ် ၀၉း၃၀နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၈-၂၀၁၅ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း -၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | |
|---|---|
| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
| **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း** | **ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး** |
| **ပြန်ကြားရေးဝန်ကြီးဌာန** | **နှင့် ထုခွဲရောင်းချရေးကော်မတီ** |
| **ရုံးအမှတ်(၇)၊ နေပြည်တော်** | **ပြန်ကြားရေးဝန်ကြီးဌာန** |
| **ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈** | **ဖုန်း-၀၆၇-၄၁၂၃၉၀** |

## ဝင်းသူဇာအရောင်းဆိုင်(ညောင်ဦး)အား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ်
# ဖွင့်လှစ်နိုင်ရေးငှားရမ်းရန် တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်းမှ ညောင်ဦးမြို့၊ အမှတ် (၃) နယ်မြေ ကျောက်ပန်းတောင်းကားလမ်းမနှင့် အနော်ရထာကားလမ်းမဘေးတွင် ဖွင့်လှစ်ထားသော ဝင်းသူဇာအရောင်းဆိုင်(ညောင်ဦး)အား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် ငှားရမ်းနိုင်ရန် စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် တင်ဒါဈေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပြီး တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဈေးနှုန်းအဆိုပြုလွှာ စတင်ရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)
(ခ) **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူး အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ်(၄၁)၊ နေပြည်တော်
(ဂ) **အဆိုပြုလွှာနောက်ဆုံးပေးသွင်းရမည့် နေ့ရက်၊ အချိန်** - ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့) - ညနေ ၁၅း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၀၆၊ ၀၆၇-၄၀၈၃၈၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**စက်မှုဝန်ကြီးဌာန၊ အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၇/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါမြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းအတွက် တင်ဒါခေါ်ယူလိုပါသည်-

Gas Engine Generator (4 Units) & Accessories (1 Lot) စုစုပေါင်း အလေးချိန် 140 တန်ခန့်အား ရန်ကုန်ဆိပ်ကမ်းမှ အမှတ် (၂) ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)သို့ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းအတွက် Transporter ယာဉ်များ ငှားရမ်းခြင်း

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၄-၈-၂၀၁၅ရက်၊ ၁၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ် (၄၄)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း
# ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးကို ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးတော်၌**
**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၉ နှင့် ဆက်နွယ်သည့်**
**၂၀၁၅ ခုနှစ် တရားမဇာရီမှုအမှတ်-၆**

| | | |
|---|---|---|
| ဒေါ်ငွေငွေ | **နှင့်** | ၁။ မောင်ပါတူ ၂။ ဦးမြင့်ဆွေ |
| | | ၃။ ဒေါ်သန္တာလွင် ၄။ ဒေါ်ကြည်ကြည်လွင် |
| အနိုင်ဒီကရီရသူ | | တရားရှုံးများ |

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၇ လမ်း၊ အမှတ် (၇)နေ (၁) မောင်ပါတူ အမှတ် ၉၉၊ ၁၂၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ၊ (၂) ဦးမြင့်ဆွေ အမှတ်(၂၆) ၁၁၈ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ၊ (၃) ဒေါ်သန္တာလွင်၊ (၄) ဒေါ်ကြည်ကြည်လွင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ငွေငွေက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့် ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၁၅ ခုနှစ် ဩဂုတ် ၂၄ ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမှတ် (၄)လမ်းမအနီး၊ MDC Co.,Ltd.မှ အောက်ဖော်ပြပါပစ္စည်းများကို ရောင်းချလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| **ရောင်းချမည့်ပစ္စည်း** | **ရောင်းချပုံ** |
|---|---|
| တိရစ္ဆာန်အစာဖတ် | ပိဿာဈေးနှုန်း |

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁-၈-၂၀၁၅ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်ပြည့်စုံစွာ ဖော်ပြရန်။

ကုမ္ပဏီ/စက်ရုံမှ ရောင်းချမည့်ရက်အား (၂)ရက်ကြိုတင်အကြောင်းကြားပါမည်။
**ဆက်သွယ်ရန် ဖုန်း-၀၉-၉၁၀၃၇၂၁၃၊ ၀၉-၇၈၂၉၉၃၆၈၁၊ ၀၉-၄၅၀၀၅၈၂၆၉**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာလျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၁-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆောက်လုပ်မည့်အဆောက်အအုံများ၏ Piling လုပ်ငန်းဆောင်ရွက်ရာတွင် စည်းကမ်းတကျဆောင်ရွက်မှုရှိစေရန်၊ ဘေးပတ်ဝန်းကျင်ရှိ အဆောက်အဦများ၊ လမ်းများ၊ ရေမြောင်းများ၊ ပလက်ဖောင်းများ ထိခိုက်မှုမရှိအောင် ဆောင်ရွက်စေရန်နှင့် အဆိုပါဆောင်ရွက်ချက်များကို တာဝန်ယူ၊ တာဝန်ခံမှုရှိစေရန် Pile လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့များကို စိစစ်ပြီး လိုင်စင်ထုတ်ပေးမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီများမှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ လျှောက်ထားနိုင်ကြောင်းနှင့် အဆိုပါလိုင်စင်ရရှိထားခြင်းမရှိသည့်ကုမ္ပဏီများအား Pile လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ (၁၀)ထပ်ရုံးသို့ လာရောက်၍ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း ၀၁-၃၇၄၀၅၅ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

# ကွန်ဒိုတိုက်ခန်းအမြန်ရောင်းမည်

တက္ကသိုလ်ရိပ်မွန်ကွန်ဒို 1MB+2BR, 1250 sqft ၊ လိုင်းဖုန်းပါ၊ ပြင်ဆင်ပြီး သိန်း ၂၅၀၀ (ညှိနှိုင်း)

**ဖုန်း-၀၉-၉၇၉၆၆၅၉၅၆၊ ၀၉-၇၈၁၇၂၄၉၇၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇၂၊ မြေကွက်အမှတ် ၃/၉၆၊ ဧရိယာ ၅ ဒသမ ၃၃၄ ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၃/၉၆၊ မြို့ပတ်လမ်းနှင့် ပဲခူးမြစ်ကြားလမ်း၊ ဇုန် ၃၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် Winner Brothers International Co.,Ltd. အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်ယာယီစာချုပ်အမှတ် ၂၉၀၈/၂၀၁၅ (၂၀-၇-၂၀၁၅)အရ မိမိတစ်ဦးတည်း ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဦးပြည့်ဖြိုးအောင် ၁၂/ဗဟန(နိုင်)၀၁၀၃၃၉မှ ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဦး** | **ဦးသန့်ဇော်** |
| **အထက်တန်းရှေ့နေ (စဉ်-၃၂၃၅)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)** |

**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.13/HPGE/15-16 [ RT HF SSB Transceiver (3)Sets, VHF Mobile Terminal (3)Sets, VHF Hand Set (25)Sets ဝယ်ယူခြင်း]

၂။ Tender No-13 ၏ တင်ဒါပိတ်ရက်မှာ ၁၈-၈-၂၀၁၅ ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈**

## ၂၀၁၅ ခုနှစ် မြန်မာဟာဂျီလောင်း (၂၈၀)ဦးအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၂၀၁၅ ခုနှစ် မြန်မာဟာဂျီလောင်း (၂၈၀)အတွက် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲများတွင် လျှောက်လွှာပုံစံ တစ်ဦးအတွက် ကျပ်တစ်ထောင်နှုန်းဖြင့် ၃-၈-၂၀၁၅ ရက်မှ ၁၂-၈-၂၀၁၅ ရက်အတွင်း ရုံးချိန်၌ ရယူလျှောက်ထားနိုင်ပါသည်။လျှောက်ထားသူဦးရေ (၂၈၀)ဦးထက်ကျော်လွန်ပါက အများရှေ့တွင် မဲစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ဟဂျ်အတွက် ကုန်ကျစရိတ်မှာ တစ်ဦးလျှင် အမေရိကန်ဒေါ်လာ (၂၁၇၅)သို့မဟုတ် ယင်းတန်ဖိုးနှင့်ညီမျှသော မြန်မာကျပ်ငွေအား ကာလပေါက်ဈေးနှင့်အညီ ပေးသွင်းရမည်ဖြစ်ပါသည်။

**၂၀၁၅ ခုနှစ် ဟဂျ်စေလွှတ်ရေးကြီးကြပ်မှုကော်မတီ**
**အမှတ် (၁၈၄)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၇၈၆၀၆၊ ၀၉-၅၁၃၇၇၀၄၊ ၀၉-၃၃၃၄၃၁၆၉၊ ၀၉-၅၁၂၈၆၄၉၊ ၀၉-၅၁၆၂၆၀၃၊ ၀၉-၅၆၆၀၉၁၁၊ ၀၁-၃၈၈၁၄၆၊ ၀၁-၂၄၁၈၈၇**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁၂၅**

| | | |
|---|---|---|
| ဦးအောင်ကျော်သူ | **နှင့်** | ၁။ ဦးအောင်မင်းဦး |
| | | ၂။ ဒေါ်ခင်ခင်အုန်း |
| | | ၃။ ဒေါ်နွဲ့နွဲ့အုန်း |
| | | ၄။ ဦးကျော်မင်းဦး |
| | | ၅။ ဒေါ်အိအိအုန်း |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ ဗဟို(၁၀)လမ်း၊ အမှတ် (G-၁၉၀)နေ (၁)တရားပြိုင် ဦးအောင်မင်းဦး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်ကျော်သူက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုင်နိုင်မော်)**
**ဒုတိယခရိုင်တရားသူကြီး (၃)**
**ရန်ကုန်တောင်ပိုင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သီရိရတနာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/သီရိရတနာမြေကွက်/ဦးပိုင်အမှတ် ၁၉၂၊ ဧရိယာ ၀ဒသမ၄၄၇ဧကရှိ ဦးဇေယျာကျော် အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်ပိုးအိကြွယ်(ခ)မအိပုံ (အထူးကိုယ်စားလှယ်လွှဲစာရရှိသူ) ၁၀/မလမ(နိုင်)၁၇၆၂၁၂ (ဘ) ဦးဖုန်းမြင့်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း (၂)၊ မြေကွက်/ဦးပိုင်အမှတ် ၃၀၅၄၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးမြင့်တိုး အမည်ပေါက် အငှားဂရန်မြေကွက်အား ဦးမြင့်တိုး ၅/ရဥန(နိုင်)၀၅၄၉၂၁ (ဘ) ဦးပန်မှပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အရောင်း/ဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂/ရွှေချီ၊ မြေကွက်/ဦးပိုင်အမှတ် ၁၂၁ᵃ၊ ဧရိယာ ၀ဒသမ၀၈၈ဧကရှိ ဦးခင်ဇော်၊ ဒေါ်မီမီဇော် အမည်ပေါက် ဘိုးဘမြေကွက်အား ဦးဝင်းမောင် ၉/ပမန(နိုင်)၀၁၈၉၈၀ (ဘ)ဦးကျင်ဟုတ်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး ဘိုးဘအမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**မန္တလေးခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၈၈**

ဦးမောင်မောင်ဝိန် **နှင့်** ဦးခင်မောင်ထူး ပါ-၇
**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ အကွက်အမှတ် ၁၈၁၊ သီရိမာလာအရှေ့ရပ်၊ အောင်မြေသာစံမြို့နယ် နေထိုင်သူ ဦးခင်မောင်ထူး၊ ဦးခင်မောင်ဝင်း၊ ဦးအောင်မြင့်ဌေး၊ ဦးအောင်ဇော်ထွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မောင်ဝိန်က မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ကျန်ငွေသိန်း ၇၅၀ အား လက်ခံ၍ မြေနှင့်အဆောက်အအုံကို မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ လက်ရောက်ပေးအပ်စေလိုမှု(သို့မဟုတ်) အရောင်းအဝယ်ပဋိညာဉ်အတိုင်း စရန်ငွေ နှစ်ဆ ကျပ်သိန်း ၁၅၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၆ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတော်၌ တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(နုနုခင်)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မန္တလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာအိမ်ရာစီမံကိန်းအတွင်း၊ မြေကွက်အမှတ် (၃၁၆)၊ အကျယ်အဝန်း(၄၄'၆''×၆၄')အား အမည်ပေါက် ဗိုလ်မှူးနေမိုးသက် ၁၂/ဗတထ(နိုင်)၀၂၂၂၅၉ ထံမှ ဗိုလ်မှူးခင်စိုး ၁၂/ဖပန(နိုင်)၀၀၄၅၂၅ နှင့် ဒေါ်ဇင်မာအောင် ၁၂/မရက(နိုင်)၀၀၄၁၈၃ တို့ကလည်းကောင်း၊ ဗိုလ်မှူးခင်စိုး၊ ဒေါ်ဇင်မာအောင်တို့ထံမှ ဒေါ်ခိုင်ရတနာ ၁၂/လမန(နိုင်) ၁၂၇၆၆၆ ကလည်းကောင်း၊ ဒေါ်ခိုင်ရတနာထံမှ ဦးကျော်သူအောင် ၇/ဖမန(နိုင်)၁၀၉၆၉၀ ကလည်းကောင်း စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ကြပြီး နောက်ဆုံးဝယ်ယူထားသူ ဦးကျော်သူအောင်မှ ပိုင်ဆိုင်မှုအတွက် ၎င်း၏အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## တိုက်ခန်းအမည်ပေါက် ပြောင်းလဲရန်ကိစ္စနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း(ခ) ဦးဘဟန်လမ်း၊ တိုက်(အေ)၊ အခန်း ၆၅၁ တွင်နေထိုင်သူ မဖြိုးပပမျိုး ၁၂/လမန(နိုင်)၁၄၁၅၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ မဖြိုးပပမျိုး၏ဖခင်ဖြစ်သူ ဦးမောင်အေး(ခ)ဦးအေးနှင့် မိခင်ဖြစ်သူ ဒေါ်ညွန့်ရွှေနှင့် အစ်ကိုဖြစ်သူ ဦးမျိုးမျိုးတို့မှာ ကွယ်လွန်သွားခဲ့ကြသည့်အတွက် ၎င်းတို့ကျန်ရှိသည့်ပစ္စည်းဖြစ်သော တိုက်(အေ)၊ အခန်း ၆၅၁၊ မုဒိတာအိမ်ရာ၊ ဗဟိုလမ်း(ခ)ဦးဘဟန်လမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ သမီးအဖြစ်တစ်ဦးတည်းကျန်ရှိသူ မဖြိုးပပမျိုးမှ တော်ဝင်မိသားစုကုမ္ပဏီတွင် ၎င်းအမည်ဖြင့် အမည်ပေါက်ပြောင်းလဲခြင်းအား လျှောက်ထားမည်ဖြစ်ပါသဖြင့် ဤကြေညာစာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါက အမည်ပြောင်းလဲခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးညွန့်နိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၅၀)**
**အမှတ် (၅၅)၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ ၇ လမ်း၊ အမှတ် (၂၂/ခ) (လက်ျာ) ဟုခေါ်တွင်သော နေအိမ်နှင့်တကွ ၎င်းအိမ်တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်သစ်)၊ မြေကွက်အမှတ် (၂၅၇)၊ မြေအကျယ် (ပေ ၄၀× ပေ ၆၀) အနက်မှ ခြေရင်းဘက်ရှိ မြေအကျယ် (ပေ ၂၀ × ပေ ၆၀) မြေကွက် (၁)ကွက်နှင့်ပတ်သက်၍**

## အများသိစေရန်ကြေညာခြင်း

အထက်ပါမြေအကျယ် ပေ(၄၀×၆၀)သည် ဖခင်ဖြစ်သူ ဦးသန်းကြည်အမည်ဖြင့် နေရာချထားပေးထားသည့် မြေကွက်ဖြစ်ကြောင်း ဦးသန်းကြည်နှင့်ဇနီး ဒေါ်သန်းရွှေတို့တွင် (၁) ဦးမြသွေး၊ (၂) ဒေါ်စိန်ညွန့်နှင့် (၃) ဦးကျော်လှိုင်တို့ သားသမီး (၃) ဦးထွန်းကားခဲ့ကြောင်း၊ ဦးမြသွေးသည် လူပျိုဘဝဖြင့် ကွယ်လွန်ခဲ့ပြီး အမွေခံများမကျန်ရစ်ခဲ့ကြောင်း၊ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ချို ၁၂/သဃက(နိုင်)၀၈၉၆၂၄ သည် ဦးကျော်လှိုင်(ကွယ်လွန်)၏ တစ်ဦးတည်းသော တရားဝင်ဇနီးမယားဖြစ်ကြောင်း၊ မိဘများကွယ်လွန်ပြီးနောက် ဒေါ်စိန်ညွန့်နှင့် ဦးကျော်လှိုင်တို့သည် ဖော်ပြပါမြေအကျယ်ပေ(၄၀×၆၀)ကို အမွေခွဲဝေယူကြရာ ဒေါ်ခင်ချို၏ခင်ပွန်း ဦးကျော်လှိုင်က ခြေရင်းဘက် ပေ(၂၀×၆၀)မြေကွက်ကို ရယူနေထိုင်ခဲ့ကြောင်း၊ ဦးကျော်လှိုင်ကွယ်လွန်သည့်အခါ ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည့် ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ချိုက ဖော်ပြပါခြေရင်းဘက်မြေအကျယ် ပေ(၂၀×၆၀)နှင့် နေအိမ်တို့ကို ဆက်လက်၍ အမွေခံပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ပါ၍ ဒေါ်ခင်ချို အမွေဆက်ခံပိုင်ဆိုင်နေထိုင်သည့် ဖော်ပြပါမြေအကျယ် ပေ(၂၀×၆၀)ပါဝင်သော ဦးသန်းကြည်အမည်ပေါက် မြေအကျယ် ပေ(၄၀×၆၀)ကို ဒေါ်ခင်ချို သိရှိသဘောတူညီခြင်းမရှိဘဲ ဂရန်လျှောက်ထားခြင်း၊ လွှဲပြောင်းခြင်းများ မပြုလုပ်ကြပါရန် သတိပေး တားမြစ်ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချို၏ လွှဲအပ်ညွှန်ကြားမှုအရ-**
**ဦးလူမော်ထိုက်၊ ဦးထက်နောင်လှိုင် (အထက်တန်းရှေ့နေများ)**
**ဖုန်း-၀၉-၂၆၀၉၈၁၁၁၆၊ ၀၉-၃၀၂၁၉၁၀၆**

# ဝမ်းနည်းကြေကွဲခြင်း

# ဒေါ်တင်တင်ကြည်

# အသက် (၇၉)နှစ်

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးနှင့်ဇနီး ဒေါ်ဆွေဆွေမြင့်တို့၏မိခင် ဒေါ်တင်တင်ကြည်သည် ၂၇-၇-၂၀၁၅ ရက် (သောကြာနေ့) နံနက် ၈း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်စွာထွန်း (Managing Director) နှင့် ဝန်ထမ်းများ**
**Shining Myanmar Co.,Ltd.**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ယ/၃၁၅၇၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဇွန်မိုမို ၉/ပဥလ(နိုင်)၀၃၉၃၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၄၆၀၁၇ Honda. C 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်သိန်း ၅/ခတန(နိုင်)၀၁၄၀၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## အများသိစေရန်ကြေညာချက်

လသာမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်( ၁၂၇/၁၃၇ )အန္တရာယ်ရှိအဆောက်အအုံ၏ ပထမထပ်အခန်းအမှတ်(၂၀)အား မူလနေထိုင်သူစာရင်းတွင် ဦးဖန်ပင်တိတ်အမည်ဖြင့် မှတ်သားထားခြင်းအား ဦးဖန်ပင်တိတ်ကွယ်လွန်သွား၍ သားသမီး(၅)ဦးဖြစ်သော ဦးအေးသိန်း၊ Phan Kin Hin (ခ)ဦးအောင်ဌေး၊ ဖန်ကင်ယော့၊ ဒေါ်ခင်ကြူ၊ ဦးအောင်ကျော်ဝင်း တို့အမည်သို့ပြောင်းလဲမှတ်သားပေးပါရန် ဤဌာနသို့တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ဤဌာနသို့ ခိုင်လုံသော အထောက်အထားနှင့်တကွ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ လူနေရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၈၆၉/ခ၊ အကျယ်အဝန်းပေ(၂၀×၆၀) နှစ်(၆၀)ဂရန်မြေကွက်ပေါ်ရှိ အမှတ် ၈၆၉/ခ၊ အနော်မာ ၁၀လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေကွက်နှင့်နေအိမ်ကို အမည်ပေါက် ဒေါ်ခင်ဆွေထိုက် ၁၂/ဥကတ(နိုင်)၀၆၀၉၅၄ ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင် LL.B(၂၂၇၄၇)၊ ဦးနေအောင်ခိုင် LL.B(၄၃၉၃၈)၊ ဒေါ်နှင်းပွင့်သန်း LL.B(၂၇၀၇၅)**
**'လင်း' အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ/မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆**

## အမွေပြတ် သားအဖြစ်မှစွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ မြိုင်ဟေဝန်အိမ်ရာ၊ ခြံအမှတ်(၃၈)နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/မဂတ(နိုင်)၀၇၉၁၇၇ ကိုင်ဆောင်သူ ဦးချစ်စိန်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/မဂတ(နိုင်)၀၇၉၁၇၈ ကိုင်ဆောင်သူ ဒေါ်ရော်ဟီမာခါတူတို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးချစ်စိန်၊ ဒေါ်ရော်ဟီမာခါတူတို့၏သားဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၂/မဂတ(နိုင်)၀၇၉၈၀၂ ကိုင်ဆောင်သူ မောင်ဇော်မြင့်မှာ မိဘတို့အပေါ် ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် နည်းမျိုးစုံဖြင့် ဒုက္ခအမျိုးမျိုးပေးခဲ့သူဖြစ်ပါသည်။ သားဖြစ်သူ မောင်ဇော်မြင့်အား မိဘတို့ဝတ္တရားနှင့်အညီ ထိုက်သင့်သော ပညာ၊ ဥစ္စာ၊ ရွှေ၊ ငွေပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည့်အတွက် မောင်ဇော်မြင့်အား အမွေပြတ်သားအဖြစ်မှ စွန့်လွှတ်ခဲ့ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်သော သားဖြစ်သူ မောင်ဇော်မြင့်နှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**(ချစ်စိန်) (ရော်ဟီမာခါတူ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူဌေး**
**(LL.B, LL.M, D.M.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၀၇၅)**
**အမှတ် ၁၃၂၊ ပထမထပ်၊**
**ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**

**ဦးလှမျိုးမြင့်**
**B.A,R.L;M.Dev.S(Thesis) Master of Development Studies**
**Diploma in International Law (D.I.L)**
**Diploma in International Relation (D.I.R)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၄၈၃)**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မျိုးဆွေ (ရေစကြို)**
**အသက် (၈၀)**

ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားရေးမှူးဦးစီးဌာန၏ ပထမဦးဆုံးညွှန်/ချုပ် ဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း)၏ဇနီး ဒေါ်ခင်မျိုးဆွေသည် ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့)တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ SAMITIVIJ HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဟိုတယ်/ခရီးဝန်ထမ်းဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မျိုးဆွေ (ရေစကြို)**
**အသက် (၈၀)**

ဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း) ဘီ၊ အီး၏ဇနီး ဒေါ်ခင်မျိုးဆွေသည် ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ညနေ ၅း၂၈ နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ SAMITIVIJ HOSPITAL ၌ ကွယ်လွန်သွားသဖြင့် ဘန်ကောက်မြို့ THAT TONG TEMPLE (EKKAMI) ၌ ၂၃-၇-၂၀၁၅ ရက် (ကြာသပတေးနေ့)တွင် သင်္ဂြိုဟ်ပြီးကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ဘက်အင်ဂျင်နီယာအရာရှိ/စစ်သည်ဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်မျိုးဆွေ (ရေစကြို)**
**အသက် (၈၀)**

ဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း) ဦး/မှူး(ငြိမ်း)၏ဇနီး ဒေါ်ခင်မျိုးဆွေသည် ဘန်ကောက်မြို့ SAMITIVIJ HOSPITAL ၌ ၁၉-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ညနေ ၅း၂၈ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ယာဉ်နှင့်စက်ကိရိယာပစ္စည်းရောင်းဝယ်ရေး ဝန်ထမ်းဟောင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသောင်းမြင့် (၆၇)နှစ်**

**(မြန်မာ့လယ်ယာနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်-ငြိမ်း)**

Myanmar Kaido Co., Ltd, Account Department မှ ဒေါ်အိအိမြင့်၏ဖခင်ဖြစ်သူ ဦးသောင်းမြင့် အသက်(၆၇)နှစ်သည် (၂၅-၇-၂၀၁၅၊ စနေနေ့) နံနက်(၁၀း၀၀)နာရီအချိန်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲ ရပါသည်။

**မြန်မာကိုင်ဒိုကုမ္ပဏီအုပ်ချုပ်မှုအဖွဲ့နှင့်ဝန်ထမ်းများ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၈၇၆၃ Toyota Mark II, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆွေဆွေလွင် ၉/မနတ(နိုင်)၀၃၃၉၂၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဈ/၆၄၇၂ AMA Aung Myan Asia L/T, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာအေး ၅/ပလန(နိုင်)၀၂၁၂၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၄၈၈၇ တိုယိုတာ လိုက်အေစ် P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်မာမာအေး ၉/သစန(နိုင်)၀၇၂၉၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံမြို့)**

## ဝမ်းနည်းကြေကွဲခြင်း
# ပါမောက္ခ ဒေါက်တာခင်မောင်ကြွယ်
### ဥက္ကဋ္ဌ(ငြိမ်း)၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ပါမောက္ခ၊ စီမံခန့်ခွဲရေးပညာဌာန၊ စီးပွားရေးတက္ကသိုလ်
### အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁)ရပ်ကွက်နေ ဆရာမ ဒေါ်ထွေးထွေးအောင်၏ခင်ပွန်း ဆရာဦးခင်မောင်ကြွယ်သည် ၂၉-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇း၁၀နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်ဇနီး ဒေါက်တာဒေါ်နန္ဒာမွန်း**
**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါက်တာခင်မောင်ကြွယ်
### အသက်(၈၄)နှစ်

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့၊ ဥက္ကဋ္ဌ(ငြိမ်း)၊ စီးပွားရေးတက္ကသိုလ်၊ စီမံခန့်ခွဲရေးပညာဌာန၊ ပါမောက္ခ ဒေါက်တာခင်မောင်ကြွယ်သည် ၂၉-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့်**
**ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ**
**ပညာရေးဝန်ကြီးဌာန**

# ဒေါ်နန်းအုန်းကြည်
### သူနာပြုဆရာမကြီး(ငြိမ်း) ရန်ကုန်ဆေးရုံကြီး
### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အိမ်ခြေလေးဆယ်ရွာ (ရှမ်းပိုင်း)နေ (ဦးကျော်စိန် - ဒေါ်တင်ကြည်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်း(အရှေ့/မြောက်) ရပ်ကွက်၊ စလင်းလမ်း၊ အမှတ် ၁၊ လေးလွှာနေ ဦးမျိုးမြင့်(ကုန်သွယ်ရေး၊ ငြိမ်း)၏ဇနီး၊ အမေရိကန်နိုင်ငံ၊ ချီကာဂိုမြို့နေ ကိုကျော်ဇင်ဦး-မသန္တာအေး၊ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့နေ ကိုထွန်းလင်းနိုင်-မပုလဲကြည်၊ U.A.E နိုင်ငံ၊ ဒူဘိုင်းမြို့(ခေတ္တ)နေ မမြသူဇာတို့၏မိခင်၊ အမေရိကန်နိုင်ငံ၊ ဆန်ဖရန်စစ္စကိုမြို့နေ နန်းသက်ထားစံ(ခ) Krystal ၏ဘွားဘွားကြီး၊ ဦးသန်းထွန်းအောင်-ဒေါ်နန်းပြုံးကြည်၊ ဦးတင်စိန်-ဒေါ်နန်းခင်ဌေးကြည်၊ ဦးသိန်းဝင်း-ဒေါ်ခင်မျိုးနွဲ့တို့၏အစ်မသည် ၂၈-၇-၂၀၁၅ရက် ည ၁၁း၃၀နာရီတွင် ကွယ်သဘောဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃-၈-၂၀၁၅ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ဒေါ်ယဉ်ရွှေ (ကျူကူး)
### အသက်(၇၁)နှစ်

(ဦးအောင်သိန်း-ဒေါ်တင်လှ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဆောင်းဟေမာန်အိမ်ရာ၊ ကျောင်းလမ်း၊ တိုက် ၁၁၊ အခန်း ၃နေ ဦးတင်လှိုင်(အရခဗ၊ ငြိမ်း၊ တဆရ ၂/၅၀၀)၏ဇနီး၊ ဦးခင်လှိုင်-ဒေါ်နန်းနီနီစိုး၊ ဒေါက်တာယုယုနွယ်(ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးရဲထွန်းဦး-ဒေါ်သင်းသင်းလှိုင်တို့၏မိခင်၊ မယွန်းမိုမိုဦး၊ မနန်းရတနာဦး၊ မောင်ကောင်းခန့်ကျော်တို့၏ အဘွားသည် ၃၀-၇-၂၀၁၅ရက်နံနက် ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၅ရက် (စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၅ရက် နံနက် ၇နာရီမှ ၉း၃၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးခင်မောင်ထွေး
### 81/M ကလော၊ GTI (သတ္တုတွင်း၊ အင်/ယာ-ငြိမ်း)
### အသက်(၅၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ (ဦးကုလား-ဒေါ်တင်မြ)တို့၏ သား၊ (ဦးခင်မောင်လွင်)၏ညီ၊ မောင်ကျော်ကျော်နိုင် - မလှိုင်လွင်လွင်လေး၊ မောင်မျိုးဝင်းစိုး - မခိုင်ခင်ခင်ကျော့၊ မောင်ရဲကျော်သူ၊ စသီဟထွေးတို့၏ ဖခင်၊ ဒေါ်မိမိလေး (သတလ-၂၊ စီမံကိန်းဌာန)၏ခင်ပွန်း၊ နန့်အမရာဝန်း၏ အဘိုးသည် ၂၈-၇-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းလမ်း၊အမှတ်၁၇၀/၄၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးသက်နိုင်
### (ထက်မြတ်နိုင်ကုမ္ပဏီ)
### အသက်(၄၉)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မှန်တမ်းရပ်ကွက်၊ ခေမမာလာတောင်၊ အကွက် ၆၆၁နေ (ဦးခို-ဒေါ်သိုင်းမီ)တို့၏သား၊ (ဦးမြဘူး)-ဒေါ်ဝင်းလှ၊ (ဦးထွန်းကြည်)-သုခမ္မသီဂီ ဒေါ်ချောချော(ခ)ဒေါ်အေးချော (မြေလတ်ရာဇာ စိုက်ပျိုးရေးသုံးပစ္စည်းရောင်းဝယ်ရေး)၊ ဦးအောင်သောင်း-ဒေါ်ရီရီဌေး၊ (ဦးကျော်ဒင်)-ဒေါ်သန်းအေး(JAT မူလွန်-၂၁)တို့၏ မောင်၊ ဦးကိုလေး-ဒေါ်သီတာဦးတို့၏ အစ်ကို၊(ဦးငွေသန်း)-ဒေါ်စန်းရင်တို့၏ သားသမက်၊ မမင်းမင်းခိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်မြတ်နိုင်၊ မောင်ထက်နေလင်းတို့၏ ချစ်လှစွာသောဖခင်သည် ၂၉-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၅း၁၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ရက် (သောကြာနေ့)ညနေ၃နာရီတွင်အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

# မောင်နေဝင်းဂါ
### အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ တိုက် ၄/ခ၊ အခန်း ၃၀၁ နေ ဦးဘိုမင်းဂါ-ဒေါ်ကြည်ကြည်စိန်တို့၏ချစ်လှစွာသောသား၊ မနေကြည်မင်းဂါ(Inya Lake Hotel Yangon)-မောင်အေးချမ်းမြတ်ဝင်းတို့၏ အစ်ကို၊ ဒေါက်တာသက်မြင့်မောင်-ဒေါ်မီမီဂါ၊ ဦးကျော်သူဂါ-ဒေါ်ခင်မေမြင့်၊ ဦးခင်မောင်မောင်အုန်း-ဒေါ်ဂီဂီဂါ၊ ဦးစိုင်းအေးကျော်-ဒေါ်နန်းမြစိန်၊ ဦးစိုင်းမြတ်ကျော်-ဒေါ်ခင်သန်းအေး၊ ဦးကိုလတ်-ဒေါ်ကြည်ကြည်ရှိန်၊ ဦးခင်မောင်လတ်-ဒေါ်ကြည်ကြည်လှိုင်တို့၏ တူသည် ၂၇-၇-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# ဦးခင်မောင်ထွန်း(ခ)မင်းမင်း
### အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာ၊တိုးချဲ့ရပ်ကွက်၊လမ်းသစ်(၁)လမ်း၊ အမှတ် ၅/ခနေ ဦးခင်မောင်ကြည် (အထက-၂၊ ဗိုလ်တထောင်)-(ဒေါ်ခင်ရှိန်)တို့၏သား၊ ဦးညီညီမင်း (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်အောင်သူဇာမြင့်၊ ဒေါ်စုစုမွန်(ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)၊ ဒေါ်ဆွေဆွေလွင်တို့၏အစ်ကို၊ တူ လေးယောက်တို့၏ ဘကြီးသည် ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ သာကေတမြို့နယ်၊ ၁/အနော်မာ၊တိုးချဲ့ရပ်ကွက်၊လမ်းသစ်(၁)လမ်း၊ အမှတ် ၅/ခသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်မျိုးဆွေ (ရေစကြို)
### အသက်(၈၀)

ဗိုလ်မှူးကြီးမျိုးမင်း(ငြိမ်း) ကုန်သွယ်/ဟိုတယ်၏ဇနီး ဒေါ်ခင်မျိုးဆွေသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ဒေသစံတော်ချိန် ညနေ ၅း၂၈နာရီတွင် ဘန်ကောက်မြို့ SAMITIVIJ HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗသက(၂၁)ညီနောင်များ**
**၂၂-၆-၁၉၅၉**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
# ပါမောက္ခ ဦးမောင်မောင်စန်း
### ဆေးတက္ကသိုလ်(၂)၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ၊ တိုက် (D)၊ အခန်း ၃၀၂နေ (ဦးစန်းမောင်-ဒေါ်တင်မလေး)တို့၏သား၊ (ဦးအောင်စံအေး)-ဒေါ်ခင်လှတို့၏သားသမက်၊ ဒေါ်နုယဉ်(ခ)ဒေါ်နီနီမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးမြကျော်စန်း(Director, Excess Power Trading Co.,Ltd.)-ဒေါ်ဝင်းမြမြကျော်(Director, Win Top Co., Ltd.)၊ ဦးလှကျော်စန်း-ဒေါ်မဥ္ဇူလတ်၊ ဦးနေထွန်းကျော်(DyG.M, AGD-Bank၊ ဆူးလေရုံးချုပ်)-ဒေါ်သူဇာစန်း၊ ဦးသူရထွန်း-ဒေါ်စုမြတ်စန်း(သံလွင်ရတနာကုမ္ပဏီလီမိတက်)တို့၏ဖခင်၊ မစုထူးရတနာ၊ မယဉ်ချမ်းမြေ့ကျော်တို့၏အဘိုးသည် ၃၀-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၅ရက်(စနေနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

# ဆရာဦးစိန်ဝင်း
### အထက(၄)မင်္ဂလာတောင်ညွန့် အထက(၂)တာမွေ(ငြိမ်း)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ကန်တော်ကလေး ၉၃လမ်း၊ အမှတ် ၅၃နေ (ဆရာမဒေါ်တင်ဦးစိန်)၏ခင်ပွန်း၊ (ဦးရန်စိန်-ဒေါ်ကျင်အေး)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်အုန်းခင်)တို့၏သားသမက်၊ ဦးထွန်းထွန်းဝင်း၊ ဦးစိုးမိုးထွန်း-ဒေါ်ဇင်ဝင်းမေတို့၏ဖခင်၊ မောင်ဇွဲမိုးထွန်းဇင်၏အဘိုးသည် ၃၀-၇- ၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၈း၄၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဒေါ်ခင်သောင်းရီ(တောင်ငူ)
### သူနာပြုအုပ်(ငြိမ်း) အလုပ်သမားဆေးရုံကြီး(ရန်ကုန်)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြောင်းမြလမ်း၊ အမှတ် ၂၇(ပထမထပ်) နေ (ဦးဘိုးရီ-ဒေါ်အေးရင်)တို့၏သမီး၊ (ဦးညွန့်ရီ-ဒေါ်မြမေ)၏ညီမ၊ ဒေါ်ခင်မေရီ(မြို့နယ်ဦးစီးမှူး၊စာရင်းရုံး၊ငြိမ်း)၊ ဦးစောဖေ-(ဒေါ်ခင်လှရီ)၊ ဦးထွေးရီ (မိုး/ဇလ၊ ငြိမ်း)-ဒေါ်တင်တင်ဦးတို့၏ အစ်မ၊ ဦးမျိုးမင်း-ဒေါ်ခင်မာလာစိုး၊ ဦးမောင်မောင်လတ်-ဒေါ်ရီရီစိုး၊ဦးဇော်ထွန်းအောင်၊ ဒေါ်အေးစန္ဒာထွေး၊ ဒေါ်နှင်းသီတာထွေးတို့၏ ကြီးကြီးသည် ၃၀-၇-၂၀၁၅ရက် ညနေ ၄း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါကြောင်း။(သင်္ဂြိုဟ်မည့်ရက်နှင့်အချိန်အား ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

# ဒေါ်သန်းစိုး
### (ကမ္ဘာအေးဈေး)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗောဂလမ်း၊ အမှတ် ၂၃နေ ဦးငွေရ-ဒေါ်မြသန်းနွယ်(ရှမ်းနွယ်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဦးအေးကြွယ်-ဒေါ်မြင့်မြင့်အေး၊ (ဦးမြင့်အေး)-ဒေါ်မူမူမြင့်တို့၏ မိခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၂၉-၇-၂၀၁၅ရက် (ကြာသပတေးနေ့) ည ၁၁း၄၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ရဟန်းဒါယကာကြီး
# ဦးစိုးနိုင်(ခ)မောင်နိုင်
### အုန်း-ငှက်ပျောရောင်းဝယ်ရေး (ဈ-ဈေး)
### အသက်(၄၄)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ ၃/၂၁၂ ဝေဟင်လမ်းနေ ဦးကျော်ဝင်း-(ဒေါ်တင်စိန်)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ စက္ကဝတ် ၃လမ်း၊အမှတ် ၂၂၆ နေ (ဦးမြစိန်-ဒေါ်စန်းရီ)တို့၏ သားသမက်၊ ဦးလှအောင်-ဒေါ်လှဝင်းမော် (ထ-၃၊ ရွှေပြည်သာ)တို့၏ မောင်၊ တကက-စိုးရွှေ(လတခ/လခန)-ဒေါ်မြင့်မြင့်ဝင်းတို့၏ညီ၊ ဦးမျိုးဝင်း-ဒေါ်အိအိမွန်(မြန်မာ့အလင်း)၊ ဦးဇော်သက်ထွန်း-ဒေါ်မျိုးသီတာရှိန်တို့၏ အစ်ကို၊ မောင်ချမ်းမြေ့ကိုကို၊ မောင်ချမ်းငြိမ်းညီညီ၊ မဝိုင်းသဉ္ဇာဦး၊ မနှင်းဥမ္မာလင်းတို့၏ဖခင်၊ မြောက်ဥက္ကလာပမြို့နယ်၊ စက္ကဝတ် (၁)လမ်း၊ အမှတ် ၃၃၇နေ ဒေါ်မြင့်မြင့်ဌေး၏ ချစ်လှစွာသော ခင်ပွန်း၊ တူ/တူမ လေးယောက်တို့၏ ဦးလေးသည် ၂၉-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ ရက် ညနေ ၅နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများအား အကြောင်းကြားအပ်ပါသည်။ [စက္ကဝတ်(၁)လမ်း နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

# ဦးမြတ်ကျော်နိုင်(ခ)ဗိုဗို
### Second Officer; JSM Co.,Ltd.
### CDC No.43260
### အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တော(တောင်)ရပ်ကွက်၊ ကမ်းနားလမ်း၊အမှတ်၄၂၀/7F နေ ဦးအောင်နိုင်(ရုံးအဖွဲ့မှူး၊ လဝက၊ ငြိမ်း)-(ဒေါ်ခင်ခင်ထွေး)တို့၏သား၊ (ဦးလှမြင့်)-ဒေါ်ခင်အုန်းမြင့်တို့၏သားသမက်၊ ဒေါ်အေးအေးမိုး၏ ချစ်လှစွာသောခင်ပွန်း၊ မမြတ်ပိုးသံသာ (Pre - School NELC)၊မမြတ်ပန်းဟေသာတို့၏ဖခင်၊ ဦးကျော်စွာ (ရွှေသံလွင်ကုမ္ပဏီလီမိတက်)-ဒေါ်ကြည်ကြည်ဝေတို့၏ညီ/မောင်၊ ဒေါ်ဝင်းဝင်းနိုင်၊ ဒေါ်သဉ္ဇာမြင့် (မန်းရတနာပုံ လေကြောင်းလိုင်း)၊ ဦးသီဟလင်းနိုင်(Uniteam Marine Co.,Ltd.)၊ ဦးသူရမင်းနိုင်(Uniteam Marine Co.,Ltd.)တို့၏အစ်ကိုသည် ၁၀-၇-၂၀၁၅ရက် (သောကြာနေ့) နံနက် ဒေသစံတော်ချိန် ၆း၀၅နာရီတွင် Australia နိုင်ငံ၊ Port Walcott ဆိပ်ကမ်း Mv.Hyundai Dangjin သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားပါ၍ ၎င်း၏အရိုးပြာအိုးအား ၃-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဦးလှရွှေ (စက်ပြင်ဆရာ)
### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊သာသနာ့ရိပ်သာရပ်ကွက်၊ဥယျာဉ်လမ်း၊ အမှတ် ၅နေ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ ဦးခင်သိန်း-ဒေါ်မာလာမြင့်၊ (ဦးဇော်ဝင်း)-ဒေါ်ဖြူဖြူ၊ (ဒေါ်ဖြူဖြူဝင်းရွှေ)၊ (ဦးဆန်နီရွှေ)၊ ဦးမြင့်သောင်း-ဒေါ်ညီညီသိန်း၊ဦးမြင့်ဌေး(ခ)ဦးစံဖြူ(Russia Embssy) - ဒေါ်သန်းသန်းအေး၊ (ဦးမောင်မောင်ကြီး)-ဒေါ်မာလာသိန်း၊ ဦးသန်းအေး - ဒေါ်အေးအေးမာ (I.L.B.C)၊ ဦးကိုကိုနိုင် (Ho Ri ZonInt) - ဒေါ်မြင့်မြင့်ဝင်း (Y.G.H သူနာပြုသင်တန်းကျောင်း)တို့၏ ဖခင်၊ မြေး ၁၄ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၇-၂၀၁၅ရက်(သောကြာနေ့)ညနေ ၅နာရီတွင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ဥယျာဉ်လမ်း၊ အမှတ် ၅ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
# ဦးအေးမြင့် (ဝါးခယ်မ)
### ကုန်သွယ်ရေးဦးစီးဌာန(ငြိမ်း) မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ အမှတ်(၃၉၀)အဖွဲ့ ဥက္ကဋ္ဌ အနော်မာသမဝါယမဥက္ကဋ္ဌ
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ကောလိယ ၂လမ်း၊ (၁၃)ရပ်ကွက်၊ အမှတ်၄၇၅နေ(ဦးကျော်ရန်-ဒေါ်ကြွေ)တို့၏သား၊ ဦးစိုးမိုးကျော်(စင်ကာပူ)၊ ဦးထွန်းလင်းကျော်၊ ဦးဝင်းသိန်း-ဒေါ်အေးအေးမိုး(သရုပ်ပြ၊ သတ္တဗေဒဌာန၊ ဆေး-၂)၊ ဦးခင်မောင်ကျော် (မထသကြီးကြပ်ရေးမှူး)-ဒေါ်မိုမိုအောင်(သမဝါယမဦးစီးဌာန)၊ ဦးမင်းသန်း-ဒေါ်ယုယုထွေးတို့၏ဖခင်၊ မထက်ထက်အောင်(စင်ကာပူ)၊မောင်ဇော်ဝင်းထက်၊ မသုဝတီထက်၊ မမိုးဇာနည်ကျော်တို့၏ အဘိုးသည် ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ည ၁၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၅ရက် (အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဦးနိုငယ်(ခ)ဦးဝင်းဇော်
### (မြိတ်)
### အသက်(၅၁)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအထက်ရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ် ၁၉ (မြေညီထပ်)နေ (ဦးအိုထူး)-ဒေါ်စိန်ကျင်တို့၏သား၊ (ဦးမြင့်သိန်း)-ဒေါ်ဝင်းကြူ၊ ဦးတင်ထွန်း-ဒေါ်ဝင်းမူ၊ ဒေါ်ဝင်းသွယ်(ဆရာမ)၊ ဒေါ်ဝင်းသန်း၊ ဦးအောင်မြင့် - ဒေါ်ခင်မျိုးဝင်းတို့၏ မောင်သည် ၂၉-၇-၂၀၁၅ရက်တွင် မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ရှမ်းချောင်းရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# မောင်နေဝင်းဂါ
### အသက်(၂၈)နှစ်

ရန်ကုန်မြို့နေ ဦးဥဂ္ဂါ-(ဒေါ်ခင်အေးဆွေ)၊ ဦးစိုင်းမိုင်း-ဒေါ်တင်တင်ဦးတို့၏မြေး၊ မရမ်းကုန်းမြို့နယ်၊ ပါရမီလမ်း၊ တိုက် ၄/ခ၊ အခန်း ၃၀၁နေ ဦးဘိုမင်းဂါ-ဒေါ်ကြည်ကြည်စိန်တို့၏သား၊ မနေကြည်မင်းဂါ(Inya Lake Hotel Yangon)-မောင်အေးချမ်းမြတ်ဝင်းတို့၏အစ်ကိုသည် ၂၇-၇-၂၀၁၅ရက်(တနင်္လာနေ့)ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊ တန်ဆောင်း ဒါယိကာမကြီး
# ဒေါ်ကျင်အေး (ဇီးကုန်းလေးမျက်နှာ)
### အသက်(၉၂)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ လေးမျက်နှာကျေးရွာနေ (ဦးအေးချို)၏ဇနီး၊ ဒေါ်စန်းမြင့်(ညွှန်မှူး၊ သူနာပြု၊ ငြိမ်း)၊ ဦးတင်ကြိုင်-ဒေါ်အုန်းသန်း၊ ဦးမြင့်ဝင်း(မူအုပ်)-ဒေါ်တင်စန်း(အလယ်တန်းပြ၊ လေးမျက်နှာ၊ ငြိမ်း)၊ ဦးဝင်းသန်း-ဒေါ်ခင်ချိုဝင်းတို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၃၀-၇-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၅ရက်တွင် ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
# ဒေါ်ဒွေးလှ
### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊အင်းစိန်မြို့နယ်၊ကမ်းနားအလယ်ရပ်ကွက်၊ အမှတ် ၆၀၊ လှိုင်မြစ်လမ်းနေ (သမာဓိမြို့ဝန် ဦးရွှေအိုး - ဒေါ်မယ်စီ)တို့၏သမီး၊ (စက်ရှင်တရားသူကြီး ဦးသာကျော်-ဒေါ်ခင်လေး)တို့၏သမီးချွေးမ၊ (ဦးမောင်မောင်ကြီး)၊ (ဦးမောင်မောင်လေး)၊ (ဦးဘုန်းမြင့်)-ဒေါ်ခင်ခင်လေး၊ ဦးအောင်ကျော်စိုး(ဌာနခွဲမှူး၊ မြောက်ပိုင်းခရိုင်၊ မထသ)-ဒေါ်နီနီဝင်း၊ ဒေါ်ဖြူဖြူဝင်း၊ ဦးတင်မောင်ရွှေ(စည်ပင်ရေသန့်)-ဒေါ်သီတာ၊ ဒေါ်နီလာတို့၏မိခင်၊ မြေး ကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏ဖီးဖီးကြီး၊ [ဦး ALFRAD မြအောင် (ကျန်းမာရေးဝန်ထောက်၊ ငြိမ်း)]၏ချစ်လှစွာသောဇနီးသည် ၃၀-၇-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၈-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရွာမနှစ်ခြင်းအသင်း ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [အောက်မေ့ဖွယ်ဝတ်ပြုအစည်းအဝေးကို ၅-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ ကမ်းနားလမ်းအလယ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၆၀နေ ဒေါ်ဒွေးလှ၏နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
# ဦးဌေးကြွယ် (ရွှေဘို)
### အသက်(၈၄)နှစ်

ရွှေဘိုမြို့၊ ဆေးရုံလမ်း၊ မင်းရပ်နေ(ဒေါ်တင်ကြည်)၏ခင်ပွန်း၊ မန္တလေးမြို့နေ ဒေါက်တာသန်းထွန်း-ဒေါ်သန်းသန်းနု၊ ရွှေဘိုမြို့နေ ဒေါက်တာကြည်ဆွေ-ဒေါ်သန်းသန်းတင့်၊ ဦးသန်းဆွေ-ဒေါ်အေးအေးမြတ်၊ ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးကိုကို(ငြိမ်း)-ဒေါ်သန်းသန်းဆင့်၊ ရွှေဘိုမြို့နေ (ဦးအောင်မြင့်ဆွေ)-ဒေါ်စိုးစိုးသိန်း၊ ဦးအောင်မြင့်ထွေး-ဒေါ်ခိုင်ခိုင်ဦးတို့၏ဖခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၂ယောက်တို့၏အဘိုးသည် ၂၉-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) ည ၁၀း၁၅ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ရက် (သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၈၁/၈၅ နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်ခင်မြင့်
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ် ၄၃၂နေ (ဦးလှကြီး-ဒေါ်ဝင်းမေ)တို့၏သမီး၊ ဒေါ်ခင်ကြည်၏ညီမ၊ [ဒုတိယဗိုလ်မှူးကြီးကျော်စိန်(ငြိမ်း)-ဒေါ်အေးချို]၊ (ဦးမြင့်သိန်း)၊ ဒေါ်ခင်ညွန့်(ထ/ပြ၊ ငြိမ်း၊ ထ/၂၊ တာမွေ)၊ (ဦးဝင်းမြင့်)၊ ဒေါ်ခင်သန်းဌေး၊ ဒေါက်တာဝင်းနိုင်-ဒေါ်စိုးစန္ဒာ၊ ဒေါ်ခင်ဝင်းမာ (ထ/၃၊ မြောက်ဒဂုံ)တို့၏အစ်မ၊ ဒေါ်သင်းသင်းဇင် (ဒုညွှန်မှူး၊ ပြန်/ဆက်ဦးစီးဌာန)-ဦးမောင်မောင်တာ(ဒုညွှန်မှူး၊ လူမှုဝန်ထမ်းဦးစီးဌာန)၊ ဦးအောင်ကျော်မိုး(ဒုညွှန်မှူး၊ ဆောက်လုပ်ရေးဝန်ကြီးရုံး)-ဒေါ်စုနှင်းအောင်၊ ကိုအေးအောင် နိုင်(2/0 F.G)-မသက်မြတ်နိုး၊ ကိုဖြိုးအောင်နိုင်-မဝေနှင်းသီ(မန်နေဂျာ၊ MMB ဘဏ်)၊မဖြူဝင်းအိ(စာပေဗိမာန်)တို့၏ကြီးတော်၊ အောင်ဘုန်းပြည့်၊ မင်းခန့်ပိုင်စိုး၊ သဲသဲတို့၏ဘွားဘွားကြီးသည် ၂၈-၇-၂၀၁၅ရက်(အင်္ဂါနေ့)ည ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၈-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၅ရက်(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဒေါ်ခင်နှင်းဝေ (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း)
### စစ်ကိုင်းတိုင်းစာရင်းရုံး
### အသက်(၆၂)နှစ်

မန္တလေးမြို့၊ ၁၅×၁၆လမ်းကြား၊ ၈၈လမ်း၊ ရွှေနှင်းဆီဓမ္မာရုံမြောက်ဘက်လမ်းနေ (ဦးလှမောင်-ဒေါ်မြလေး)တို့၏သမီး၊ ဒေါ်စန်းစန်းရွှေ၏အစ်မ၊ ကိုအောင်စည်ဟိန်း၊ ကိုကျော်စည်ဟိန်း-မအုန်းအုန်း(ကောင်းခန့်ကျော် ကွမ်းရောင်းဝယ်ရေး)၊ မရည်ရည်မွန်(တွံ့ဖက်မြို့နယ်တရားသူကြီး၊ အောင်မြေသာစံမြို့နယ်တရားရုံး)၊ မောင်ရာဇာအောင်၊ မပြည့်သီတာမွန်(AEO Waaneiza Worldwide Holding Co.,Ltd.)၊ မမဥ္ဇူခင်တို့၏မိခင်၊ ဦးသောင်းမြင့်၏ဇနီးသည် ၂၉-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၅ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# ဦးအောင်အောင်နိုင်
### (မောင်တော/ပုဏ္ဏားကျွန်း)
### အသက်(၄၃)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် ၁၀၆၊ ဒုတိယထပ်နေ ဦးဘမောင် - ဒေါ်လှနုတို့၏သား၊ ဦးကျော်ကျော်ခိုင် - ဒေါ်မြသန္တာဦး၊ ဦးနေအောင် - ဒေါ်ငြိမ်းစုဝေတို့၏ အစ်ကို၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၆) ရပ်ကွက်၊ ဗေဒါလမ်း၊ အမှတ် ၄၂၄နေ (ဦးမောင်ထွေး) - ဒေါ်တင်ကြည်တို့၏ သားသမက်၊ ဒေါ်အိမြတ်ချယ်၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ ရက် (သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဒဂုံမြို့သစ်တောင်ပိုင်း၊အမှတ်၂၄၂ နေအိမ်နှင့် တာမွေလေး စတုဘုမ္မိကာကျောင်းတိုက်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

# ဦးအောင်ကိုကို(ခ)ပုတ်စိ
### (မြိတ်)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်အရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ် ၂၉(ဂ)နေ ဦးမောင်အေး-ဒေါ်လှရီတို့၏သား၊ ဒေါ်နွဲ့၏တူ၊ ဦးသန်းအောင်-ဒေါ်ထားထားရီ၊ ဦးထွန်းဝေ၊ ဦးထွန်းကို-ဒေါ်ရီရီလွင်၊ ဒေါ်မာမာခိုင်တို့၏မောင်/ညီသည် ၂၉-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၅ရက် (သောကြာနေ့)ညနေ ၅နာရီတွင်ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၈-၂၀၁၅ရက်(အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# မစ္စ အင်ဂျလီနာ ဂျိုလီပစ်နှင့်အဖွဲ့ မြစ်ကြီးနားမြို့ရှိ IDP Camp များသို့ သွားရောက်



မစ္စ အင်ဂျလီနာ ဂျိုလီပစ် မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်း IDP စခန်းရှိ အမျိုးသမီးများနှင့် ကလေးငယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြည်နယ် ပြန်/ဆက်)

**မြစ်ကြီးနား ဇူလိုင် ၃၀**

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စအင်ဂျလီနာ ဂျိုလီပစ်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ရောက်ရှိပြီး လေဆိပ်ဧည့်ခန်းမဆောင်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တွေ့ဆုံပြီး ပြည်နယ်အတွင်း IDP Camps များ၏ အခြေအနေများနှင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကျင်းပမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် မစ္စအင်ဂျလီနာ ဂျိုလီပစ်နှင့်အဖွဲ့သည် မြစ်ကြီးနားမြို့ပေါ်ရှိ ဂျာမိုင်ကောင်းဒုက္ခသည်စခန်းနှင့် ပလနကျေးရွာရှိ စိန်ဂျိုးဇက် ဒုက္ခသည်စခန်းတို့သို့ သွားရောက်ပြီး မိသားစုဝင်များနှင့် တွေ့ဆုံကာ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ၊ အစားအသောက်ရရှိမှုနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ ကလေးမွေးဖွားမှုနှင့် မိသားစုဝင်များ၏ စီးပွားရေးအခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

## ဆိုင်ကလုန်းမုန်တိုင်း “ကိုမန်” ၏ အဝန်းအဝိုင်းအတွင်းသို့ ချင်း၊ ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ ကျရောက်

**နေပြည်တော် ဇူလိုင် ၃၀**

ယနေ့မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲ တိုင်းထွက်ချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း“ကိုမန်”သည် အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၏ အရှေ့တောင်ဘက် မိုင် ၁၅၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ အနောက်တောင်ဘက် မိုင် ၅၀ ခန့်၊ မြန်မာနိုင်ငံ မောင်တောမြို့၏ အနောက်မြောက်ဘက် ၁၀၅ မိုင်ခန့်နှင့် စစ်တွေမြို့၏ အနောက်မြောက်ဘက် မိုင် ၁၆၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ လိမ္မော်ရောင်အဆင့်ရှိပြီး *စာမျက်နှာ ၁၃ ကော်လံ ၁* ❁

## နမ့်ပေါ့ (ဘေလီ)တံတား တည်ဆောက်မှု ၇၅ ရာခိုင်နှုန်းပြီးစီး



**သီပေါ ဇူလိုင် ၃၀**

ရှမ်းပြည်နယ် ကျောက်မဲခရိုင် သီပေါမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းရာမှ မြစ်ရေ၊ ချောင်းရေများတိုးပြီး သက်တမ်း ၁၀၂ နှစ်၊ အရှည် ၁၇၇ ပေရှိသည့် နမ့်ပေါ့ချောင်း(ကွန်ကရစ်)တံတားသည် ဇူလိုင် ၂၅ ရက်က ကျိုးကျခဲ့သည်။ *စာမျက်နှာ ၆ ကော်လံ ၅* ❐

SSB စွမ်းရည်
သဘာဝတီကျစ်ရွက်ပျန်းအားဆေးရည်နှင့် တီစွန့်ပစ်မြေဩဇာ
မြေဆီတို့ရဲ့သဘာဝနဲ့ထာဝရအကောင်းဆုံးမိတ်ဆွေ
သဘာဝတီကျစ်ရွက်ပျန်းအားဆေးရည်နှင့် တီကျစ်မြေဩဇာသုံးစွဲခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများ
* သဘာဝတီကျစ်ရွက်ပျန်းအားဆေးရည်နှင့် တီကျစ်မြေဩဇာများသည် သဘာဝမှထုတ်ယူသည့်အတွက်ကြောင့် အောက်ပါကောင်းကျိုးများ ရရှိစေနိုင်ပါသည်။
* ကုန်ကျစရိတ်(၃)ပုံ၊(၁)ပုံခန့်သက်သာခြင်း၊
* အထွက်နှုန်းသိသာစွာတိုးခြင်း၊
* သဘာဝတီကျစ်ရွက်ပျန်းအားဆေးရည်နှင့် တီစွန့်ပစ်မြေဩဇာတို့၏ အနံ့ကြောင့် ပိုးမွှားများမလာရောက်နိုင်၍ ပိုးမွှားများရန်မှ ကာကွယ်ပေးခြင်း၊
* ဓာတုမြေဩဇာများ အသုံးပြုမှုကြောင့် ပျက်စီးသွားသော မြေဆီလွှာများအား ပြန်လည်ထိန်းသိမ်းကောင်းမွန်စေခြင်း စသည်တို့အပြင်
* ဘေးထွက်ဆိုးကျိုးများ မရှိသည့်အတွက် စိုက်ပျိုးသူနှင့် စားသုံးသူတို့၏ ကျန်းမာရေးအတွက် ညီညွတ်ကောင်းမွန်စေပါသည်။
ဓါတုဗေဒလုံးဝကင်းစင်သောမြေပေါ်တွင်ထုတ်လုပ်သည်



Swanyee Group - Integrated Swanyee Social Business Co.,Ltd.
အမှတ်(၁၃၈/B-1)၊ အခန်း(A-10)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ရုံးခွဲ - တောင်သာယာ သစ်မာစိုက်ခင်း၊ ဖူးကြီးကန်အနီး၊ တိုက်ကြီးမြို့နယ်။
: 09 43182217, 09 73099020 www.swanyeegroup.org

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

မြန်မာ့အလင်း

# လူမှုစီးပွားအားကစား




၂၀၁၅ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ သောကြာနေ့။

ပြည်တွင်းရေးရာ

**အဆင့်မြင့် စက်ချုပ်သင်တန်းဖွင့်**

စာ - ၃



လူမှုစီးပွား

**မကွေးမြို့နယ်ရှိကျေးရွာ(၁၀)ရွာတွင် မြစိမ်းရောင်မတည်ငွေ ကျပ်သိန်း ၃၀၀ စီချပေး**

စာ - ၄






စာ - ၇

PUN HLAING SILOAM HOSPITALS

ပန်းလှိုင်စီလုံဆေးရုံ နှလုံးဌာန အထူးအစီအစဉ်

နှလုံးသွေးကြောကျဉ်းရောဂါရှာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော နိုင်ငံတကာအတွေ့အကြုံရှိမြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံမှ ဆရာဝန်ကြီးတို့ပူးပေါင်း၍

- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

စသည်တို့ကိုလာရောက်ကုသပေးမည်ဖြစ်ပါသည်။



ဩဂုတ်လ ( ၇ ) ရက်နေ့မှ ( ၉ ) ရက်နေ့အထိ

LIKE US ON facebook Pun Hlaing Siloam Hospitals

ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၂၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၁၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁ Email : marketing.phsh@spa-mm.com

မြန်မာ့အလင်း
၃၁-၇-၂၀၁၅ (သောကြာနေ့)

*လာမယ့် ဩဂုတ် ၁ ရက်မှာ ဘွန်ဒက်စ်လီဂါရာသီအဖွင့်ပွဲစဉ်တစ်ခုဖြစ်တဲ့ ဂျာမန်စူပါဖလားပွဲကို ဝုဖ်ဘတ်ရဲ့အိမ်ကွင်းမှာ ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်ဟာ ဘွန်ဒက်စ်လီဂါ ချန်ပီယံအသင်းနဲ့ ဂျာမန်ပိုကယ်ဖလား ချန်ပီယံအသင်းတို့ကို ဆုံတွေ့ယှဉ်ပြိုင်စေတဲ့ ပွဲစဉ်တစ်ခုဖြစ်ပြီး ဒီနှစ်မှာတော့ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ဘွန်ဒက်စ်လီဂါချန်ပီယံဖြစ်ခဲ့တဲ့ ဘိုင်ယန်မြူးနစ်နဲ့ ဂျာမန်ပိုကယ်ဖလားကို ဆွတ်ခူးရယူနိုင်ခဲ့တဲ့ ဝုဖ်ဘတ်တို့ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။*




# ဂျာမန်စူပါဖလားမှာ ချန်ပီယံသစ် ပေါ်ထွက်လာမှာလား

လင်းဆက်

ဒီပြိုင်ပွဲဟာ ၁၉၇၆ ခုနှစ်မှာ စတင်ကျင်းပခဲ့တာဖြစ်ပေမယ့်အဆိုပါနှစ်ပြီးတာနဲ့ ခဏရပ်နားခဲ့ပြီး ၁၉၈၂ ခုနှစ်ရောက်မှသာ ပြန်လည်ကျင်းပခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် အဲ့ဒီပွဲစဉ်အပြီးမှာလည်း ပြိုင်ပွဲကိုရပ်နားကာ ၁၉၈၂ ခုနှစ်မှာ ပြန်လည်ကျင်းပခဲ့ပြီး ၁၉၉၆ ခုနှစ်အထိ ဆက်တိုက်ကျင်းပခဲ့တာဖြစ်ပေမယ့်လည်း အဆိုပါ ၁၉၉၆ ခုနှစ်ပြိုင်ပွဲအပြီးမှာ ပြိုင်ပွဲကို ထပ်မံရပ်နားခဲ့ကာ ၂၀၀၈ ခုနှစ်မှသာ ပြန်လည်ကျင်းပခဲ့ပြီး အဲ့ဒီနောက်မှာမှ ဆက်တိုက်ကျင်းပခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဒီပြိုင်ပွဲဟာ သက်တမ်းအရ ၃၉ နှစ်ရှိပြီဖြစ်ပေမယ့်လည်း ပြိုင်ပွဲအကြိမ်အရေအတွက်ကတော့ အခုတစ်ကြိမ်အပါအဝင်မှသာ အကြိမ် ၂၀ သာရှိသေးတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲရဲ့ ပထမဆုံးချန်ပီယံ အသင်းကတော့ ဂလာဘတ်ချ်ဖြစ်ပြီး စတင်ကျင်းပတဲ့ ၁၉၇၆ ခုနှစ်မှာ ဟမ်းဘတ်ကို အနိုင်ရဗိုလ်စွဲနိုင်ခဲ့တာဖြစ်သလို ဒီပြိုင်ပွဲရဲ့ နောက်ဆုံးချန်ပီယံအသင်းကတော့ ဒေါ့မွန်ဖြစ်ပြီး ယမန်နှစ်မှာ ဒေါ့မွန်ဟာ ဘိုင်ယန်မြူးနစ်ကို အနိုင်ရဗိုလ်စွဲခဲ့တာ ဖြစ်ပါတယ်။

ဒီပြိုင်ပွဲမှာတော့ လက်ရှိအချိန်ထိ ဒေါ့မွန်က ချန်ပီယံဆုကို ငါးကြိမ် ရယူနိုင်ကာ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နိုင်ခဲ့ကာ ဘိုင်ယန်ကတော့ ချန်ပီယံဆုကို လေးကြိမ်အရယူနိုင်ကာ ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်နေပါတယ်။ အခုနှစ်ပြိုင်ပွဲမှာ ယမန်နှစ်က ဂျာမန်ပိုကယ်ဖလား ရယူနိုင်မှုနဲ့အတူ ဒီပြိုင်ပွဲကိုဝင်ခွင့်ရခဲ့တဲ့ ဝုဖ်ဘတ်ကတော့ ဒီဆုဖလားကို တစ်ကြိမ်မှရယူနိုင်ဖူးခြင်း မရှိခဲ့ပါဘူး။

ဝုဖ်ဘတ်အနေနဲ့ ဒီဂျာမန်စူပါဖလားပြိုင်ပွဲမှာ ၂၀၀၉ ခုနှစ်က တစ်ကြိမ် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပေမယ့်လည်း အဆိုပါနှစ်မှာ ဝါဒါဘရီမင်ကို ရှုံးနိမ့်ခဲ့ရမှုနဲ့အတူ ဒုတိယဆုနဲ့သာ ကျေနပ်ခဲ့ရကာ ဒီဆုဖလားကို ပထမဆုံးအကြိမ်ရယူနိုင်ခွင့်နဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ဝုဖ်ဘတ်အနေနဲ့ ဒီတစ်ကြိမ်မှာသာ ဘိုင်ယန်ကို အနိုင်ရဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ကလပ်အသင်းသမိုင်းကြောင်းတစ်လျှောက် ဒီဆုဖလားကို ပထမဆုံး အကြိမ် ရယူနိုင်တဲ့နှစ်အဖြစ်လည်း မှတ်တမ်းဝင်မှာဖြစ်သလို ဒီဂျာမန်စူပါဖလား သမိုင်းအတွင်းမှာလည်း ချန်ပီယံသစ် ပေါ်ထွက်လာမှာဖြစ်ပါတယ်။

ဒါ့အပြင် ဘိုင်ယန်ဟာ လက်ရှိအချိန်မှာ ဒေါ့မွန်အောက် ဒုတိယအအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေရပေမယ့်လည်း ဒီတစ်ကြိမ်မှာသာ ဗိုလ်စွဲနိုင်ခဲ့မယ်ဆိုရင် ချန်ပီယံဆုရယူနိုင်မှု အကြိမ်အရေအတွက်မှာ ဒေါ့မွန်နဲ့ ငါးကြိမ်စီ တူညီသွားမှာဖြစ်ပါတယ်။ ဒါ့အပြင် ဘိုင်ယန်ဟာ ဒီပြိုင်ပွဲသမိုင်းမှာ ဒုတိယရရှိတဲ့ အကြိမ်အရေအတွက်ဟာလည်း လေးကြိမ်ရှိပြီး ဒေါ့မွန်ထက် နှစ်ကြိမ်ပိုများနေတာကြောင့် တကယ်လို့သာ ဘိုင်ယန်အနေနဲ့ ဒီတစ်ကြိမ်မှာသာ အောင်ပွဲခံနိုင်ခဲ့မယ်ဆိုရင် ဒေါ့မွန်နဲ့ ချန်ပီယံအကြိမ်အရေအတွက် တူညီနေမှာဖြစ်ပေမယ့်လည်း ဒုတိယရရှိမှုအကြိမ်အရေအတွက် အသာရမှုနဲ့အတူ ပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ် ပြန်လည်ရပ်တည်နိုင်မှာဖြစ်ပါတယ်။

တကယ်တော့ ဘိုင်ယန်အနေနဲ့ အရင်ကလည်း ဒီပြိုင်ပွဲမှာ အအောင်မြင်ဆုံးအသင်းအဖြစ် ရပ်တည်ခဲ့တာဖြစ်ပေမယ့် မနှစ်က ဒေါ့မွန်ကို ရှုံးနိမ့်ခဲ့ရမှုကြောင့်သာ အခုလို အအောင်မြင်ဆုံး အသင်းဆိုတဲ့ ဂုဏ်ဒြပ်ကို လက်လွှတ်ခဲ့တာဖြစ်တာကြောင့် ဘိုင်ယန်ဟာ ဒီတစ်ကြိမ်မှာ အဆိုပါဂုဏ်ဒြပ်ကို ပြန်လည်သိမ်းပိုက်နိုင်ဖို့ ကြိုးစားလာမှာ သေချာနေပါတယ်။

အထူးသဖြင့် ဘိုင်ယန်ဟာ လက်ရှိအချိန်မှာ အသင်းကနေ ကစားသမားအချို့ ထွက်ခွာမှုတွေ ရှိနေပေမယ့် အဆိုပါ ထွက်ခွာတဲ့ကစားသမားတွေထဲမှာ စတိုင်ဂါတစ်ဦးသာ ဆုံးရှုံးမှုကြီးမားခဲ့ပြီး ဟာသာဘာလင်ကို ပြောင်းရွှေ့သွားခဲ့တဲ့ မစ်ချယ်ဝီလ်ဆာ၊ နာပိုလီကို ရောက်သွားတဲ့ ဂိုးသမား ရေနာ၊ စာချုပ်သက်တမ်း ကုန်သွားတဲ့ တိုက်စစ်မှူး ပီဇာရို၊ အုထရက်ချ်ကို ရောင်းချခဲ့တဲ့ ရီကိုထရိုင်ဒါတို့ကတော့ အသင်းရဲ့ အဓိက ကစားသမားတွေ မဟုတ်ကြပါဘူး။

ဒါကြောင့် ဘိုင်ယန်ဟာ အဆိုပါ ကစားသမားတွေကို ဆုံးရှုံးခဲ့ရပေမယ့် အသင်းအတွင်း ကြီးမားတဲ့အားလျော့မှုတွေမရှိခဲ့တဲ့အပြင် ထွက်ခွာသွားတဲ့ စတိုင်ဂါရဲ့နေရာမှာ ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ဗီဒဲလ်ကို ယူရို ၃၇ သန်းနဲ့ ခေါ်ယူအားဖြည့်ထားပါတယ်။ ဒါ့အပြင် ရှက်တာဒိုးနက်ကွင်းလယ် တိုက်စစ်ကစားသမား ဒေါက်ကလပ်ကော်စတာကိုလည်း ယူရိုသန်း ၃၀ နဲ့ ခေါ်ယူထားတာကြောင့် ဘိုင်ယန်ရဲ့ စုဖွဲ့မှုဟာ လက်ရှိအချိန်မှာ ပိုပြီးတော့တောင် တောင့်တင်းနေတယ်လို့ ဆိုနိုင်ပါတယ်။



ဒါကြောင့်လည်း ဘိုင်ယန်ဟာ လီဂါတိုတယ်ဖလားပွဲမှာ အောင်မြင်မှုမရခဲ့ပေမယ့်လည်း အခြားခြေစမ်းပွဲတွေမှာတော့ ဗလန်စီယာ၊ အင်တာမီလန်တို့လို အသင်းကောင်းတွေကို တောင် အနိုင်ရခဲ့တာ တွေ့ရပါတယ်။ ဗလင်စီယာနဲ့ပွဲမှာဆိုရင် ၄-၁ ဂိုးနဲ့ ဂိုးပြတ်အနိုင်ရခဲ့တာဖြစ်တာကြောင့် ဘိုင်ယန်ရဲ့ခြေစွမ်းဟာ အကောင်းဆုံးပုံစံမှာ ရှိနေတယ်လို့လည်း ဆိုနိုင်သလို ဝုဖ်ဘတ်ကို ထိန်းချုပ်ကစားသွားနိုင်မယ့် အနေအထားမှာလည်း ရှိနေပါတယ်။

ဝုဖ်ဘတ်ကတော့ ပြီးခဲ့တဲ့နှစ်ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ပြီး ဘွန်ဒက်စ်လီဂါမှာ ဒုတိယရရှိခဲ့သလို ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာလည်း ချန်ပီယံဆုကို အရယူနိုင်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းထက်မြက်ခဲ့တဲ့အသင်းလည်း ဖြစ်ပါတယ်။ အထူးသဖြင့် ဝုဖ်ဘတ်မှာ ချယ်လ်ဆီးကနေ ပြောင်းရွှေ့သွားခဲ့တဲ့ ကွင်းလယ်ကစားသမား ဒီဘရူနီ ခြေစွမ်းပြသနိုင်ခဲ့သလို အန်ဒရီရှာလ်၊ တိုက်စစ်မှူး ဘတ်စဒေါ့၊ ခံစစ်မှူး ရီကာဒိုရိုဒရီကွက်ဇ်စတဲ့ ကစားသမားတွေဟာလည်း ခြေစွမ်းပြသနိုင်ခဲ့တာကြောင့် ဝုဖ်ဘတ်ရဲ့ အသင်းလိုက်ကစားအားဟာ ယမန်နှစ်က အကောင်းဆုံးပုံစံမှာ ရှိခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့်ပဲ ဝုဖ်ဘတ်ဟာ ယူရိုပါလိဂ်မှာ ကွာတားဖိုင်နယ်ထိ တက်ရောက်နိုင်ခဲ့သလို ဘွန်ဒက်စ်လီဂါမှာ ဒုတိယဆုရရှိခဲ့ကာ ပိုကယ်ဖလားပြိုင်ပွဲမှာဆိုရင် ဒေါ့မွန်ကို ၃-၁ ဂိုးနဲ့ ဂိုးပြတ်အနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် ဝုဖ်ဘတ်ဟာ လက်ရှိအချိန်မှာလည်း အဆိုပါ ဒီဘရူနီ၊ အန်ဒရီရှာလ်၊ ဘတ်စဒေါ့၊ ရီကာဒိုရိုဒရီကွက်ဇ်၊ ဂူစတာဗိုစတဲ့ ကစားသမားကောင်းတွေကို ဆက်လက်ထိန်းသိမ်းထားနိုင်ဆဲဖြစ်တာကြောင့် ယမန်နှစ်ကအတိုင်း ခြေစွမ်းပိုင်းတည်ငြိမ်ကောင်းမွန်မယ့် အနေအထားမှာ ရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ခြေစမ်းပွဲမှာဆိုရင် ဖူးရစ်ကို ၄-၂ ဂိုးနဲ့တောင် ဂိုးပြတ်အနိုင်ရယူနိုင်ခဲ့တာ တွေ့ရပါတယ်။

ဒါပေမယ့်လည်း ဝုဖ်ဘတ်ဟာ ကစားသမားအင်အားပိုင်း ဖြည့်တင်းမှုမှာတော့ ထိရောက်မှုမရှိသေးပါဘူး။ လက်ရှိအချိန်အထိ ဂလာဘတ်ချ်တိုက်စစ်မှူး မက်ခရူစီနဲ့ ဇူးရစ်လူငယ်ကွင်းလယ်ကစားသမား ဖန်ဆစ်စကို၊ ရိုဒရီကွက်ဇ်တို့နှစ်ဦးကိုသာ ခေါ်ယူထားနိုင်တာ တွေ့ရပါတယ်။ ဒါကြောင့် ဝုဖ်ဘတ်အနေနဲ့ ယမန်နှစ်ကထက် အင်အားလျော့သွားဖွယ် မရှိပေမယ့်လည်း ဘိုင်ယန်လိုတော့ ယမန်နှစ်ကထက် ပိုမိုတောင့်တင်းလာခြင်း မရှိပါဘူး။ ဒါကြောင့် ဝုဖ်ဘတ်အနေနဲ့ ဘိုင်ယန်ကို အန်တုတုံ့ပြန်နိုင်ပါ့မလားဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။

ဝုဖ်ဘတ်အနေနဲ့ ယမန်နှစ်ဘောလုံးရာသီမှာ ဒုတိယနှစ်ဝက်အတွင်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်မှုတွေရှိခဲ့ကာ အဆိုပါ ဒုတိယနှစ်ဝက်အတွင်း ဘိုင်ယန်ကို အိမ်ကွင်းမှာ လက်ခံကစားခဲ့ရာမှာလည်း ၄-၁ နဲ့ ဂိုးပြတ်အနိုင်ရတဲ့အထိ ခြေစွမ်းပိုင်းကောင်းမွန်ခဲ့တာ မှန်ပါတယ်။ ဒါကြောင့် အခုလို အိမ်ကွင်းမှာကစားရဦးမယ့်ပွဲစဉ်မှာလည်း ဝုဖ်ဘတ်အနေနဲ့ ဘိုင်ယန်ကို အကောင်းဆုံးခြေစွမ်းနဲ့ ကျော်ဖြတ်နိုင်ခြေဟာ မျှော်လင့်ချင်စရာ ဖြစ်နေပေမယ့်လည်း ဒေါက်ကလပ်ကော်စတာ ရောက်ရှိလာတဲ့အတွက် ပိုမိုတောင့်တင်းလာတဲ့ ဘိုင်ယန်ရဲ့ ထိုးဖောက်အားအပြင် ဗီဒဲလ်ရောက်ရှိလာမယ့် ဘိုင်ယန်ရဲ့ ကွင်းလယ်အဖျက်အားတွေဟာ မနှစ်ကထက် ပိုမိုကောင်းမွန်နိုင်ပါတယ်။

ဒါ့အပြင် ဘိုင်ယန်မှာ ရာသီကြိုကာလအတွင်းမှာတင် အဓိက တိုက်စစ်မှူးတွေဖြစ်တဲ့ လီဝမ်ဒေါစကီးနဲ့ မူလာတို့ဟာလည်း ဂိုးသွင်းအားကောင်းမွန်နေကာ ခြေစွမ်းလည်း ပြသနေနိုင်ပါတယ်။ ဒါကြောင့် အဆိုပါ လီဝမ်ဒေါစကီး၊ မူလာတို့ရဲ့ အဆုံးသတ်အား၊ ဒေါက်ကလပ်ကော်စတာရဲ့ပံ့ပိုးမှုနဲ့ ဗီဒဲလ်ရဲ့ ကွင်းလယ်ထိန်းချုပ်နိုင်အားတွေအပြင် ဂေါ့ဇီ၊ ရော်ဘင်၊ ရစ်ဘာရီ၊ အလာဘာ၊ ဒန်တီ၊ ဘီနာတီယာတို့လို ကစားသမားကောင်းတွေလည်း ရှိနေတဲ့ ဘိုင်ယန်ကို ဝုဖ်ဘတ်တို့ ပွဲချိန်ပြည့် ထိန်းချုပ်နိုင်ဖို့ဆိုတာ မလွယ်ကူနိုင်သလို ဒီဂျာမန်စူပါဖလားပွဲမှာ ချန်ပီယံသစ် ထွက်ပေါ်လာဖို့ဆိုတာ......။ ■

>> ***စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်ရမယ့် အော်ဒီဖလားပြိုင်ပွဲမှ***

**ရီးရဲမက်ဒရစ်**

ရီးရဲမက်ဒရစ်အသင်းသည် အော်ဒီဖလားပြိုင်ပွဲအား ပထမဦးဆုံးအကြိမ်ပါဝင်မည့်ပြိုင်ပွဲဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် လက်ရှိအချိန်တွင် International Champions Cup ပြိုင်ပွဲကစားရန်အတွက် တရုတ်နိုင်ငံသို့ ရောက်ရှိနေခဲ့ပြီး အဆိုပါပြိုင်ပွဲအပြီးတွင် ဥရောပသို့ပြန်လာကာ အော်ဒီဖလားပြိုင်ပွဲအား ကစားရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ဆီမီးဖိုင်နယ်ပွဲစဉ်တွင် စပါးအသင်းနှင့် ကစားရမည်ဖြစ်သည်။ လက်ရှိကစားရမည့် အသင်းများတွင် ရီးရဲမက်ဒရစ်အသင်း၏ အဓိကပြိုင်ဘက်မှာ ဘိုင်ယန်မြူးနစ်အသင်းဖြစ်သည်။

**အေစီမီလန်**

လက်ရှိပြိုင်ပွဲဝင်သည့် အသင်းများတွင် ဘိုင်ယန်မြူးနစ်ပြီးနောက် အေစီမီလန်အသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက်လုံး ပါဝင်ကစားနေခဲ့သည့် အသင်းဖြစ်သည်။ သို့သော်လည်း အေစီမီလန်အသင်းသည် ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် အမြင့်မားဆုံးသောအောင်မြင်မှုမှာ ၂၀၁၃ ခုနှစ်က တတိယနေရာရရှိခြင်းသာ ဖြစ်သည်။ သို့သော်လည်း ယခုနှစ်ရာသီတွင် အေစီမီလန်အသင်းသည် အသင်း၏အင်အားကို ဖြည့်တင်းရန်အတွက် ဆီဗီလာတိုက်စစ်မှူး ကာလို့စ်ဘာကာကို ယူရိုသန်း ၃၀ ဖြင့် ခေါ်ယူထားခဲ့သေးသည်။ ထို့အပြင် ယခုနှစ်ရာသီကြိုကာလတွင် အေစီမီလန်အသင်း၏ ခြေစွမ်းများသည် ကောင်းမွန်မှုရှိသောကြောင့် ယခုနှစ်တွင် အော်ဒီဆုဖလား ချန်ပီယံဖြစ်ရန် အလားအလာကောင်းများရှိနေသည့်အသင်းအဖြစ် တစ်ပေးခြင်းခံနေရသည့် အသင်းလည်းဖြစ်သည်။

**စပါး**

စပါးအသင်းသည် အော်ဒီပြိုင်ပွဲအား ယခုနှစ်မှ ပထမဦးဆုံးအကြိမ်ပါဝင်ကစားသည့် အသင်းဖြစ်သည်။ ပြီးခဲ့သည့်ရာသီက ပရီမီယာလိဂ်တွင် အဆင့်ငါးနေရာတွင်ရပ်တည်ခဲ့သည့် စပါးအသင်းသည် လက်ရှိပြိုင်ပွဲဝင်မည့် အသင်းများတွင် အင်အားအနည်းဆုံးဖြစ်သည်။ အဆိုပါပြိုင်ပွဲနှင့် ပတ်သက်ပြီး စပါးအသင်းမန်နေဂျာ ပိုချက်တီနိုကလည်း “အော်ဒီပြိုင်ပွဲဟာ ကျွန်တော်တို့ကို ထိပ်တန်းပြိုင်ဘက်တွေနဲ့ ကမ္ဘာ့အကောင်း ဆုံးကွင်းကြီးမှာ ကစားနိုင်ဖို့အတွက် အခွင့်အရေးပေးတဲ့ပွဲလည်း ဖြစ်ပါတယ်။ အဲ့ဒါဟာ ကျွန်တော်တို့အတွက် ကြီးမားတဲ့စမ်းသပ်မှုလည်း ဖြစ်ပါတယ်။ ပရိသတ်တွေအနေနဲ့လည်း ပျော်ရွှင်ဖွယ် အတွေ့အကြုံကောင်းတွေရမယ်လို့ မျှော်လင့်မိပါတယ်။ ဒါဟာ ပရီမီယာလိဂ်ရာသီမစခင် အကောင်းဆုံးပြင်ဆင်မှု လည်းဖြစ်ပါတယ်”လို့လည်း ပြောဆိုခဲ့သည်။

အော်ဒီပြိုင်ပွဲကို ဩဂုတ် ၄ ရက်နှင့် ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ရီးရဲမက်ဒရစ်အသင်းနှင့် စပါးအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သလို အခြားဆီမီးဖိုင်နယ်ပွဲစဉ်မှာလည်း ဘိုင်ယန်မြူးနစ်အသင်းနှင့် အေစီမီလန်အသင်းတို့ ကစားရမည်ဖြစ်သည်။

**တနင်္သာရီတိုင်းဒေသကြီး**

# ဒေသတွင်း တရားမဝင်ကုန်သွယ်မှုကျဆင်းပြီး ကုန်သွယ်မှုမြှင့်တင်နိုင်ရေးညှိနှိုင်းဆွေးနွေး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်ရေးစခန်း(ကော့သောင်း)၏ ကုန်သွယ်မှုမြှင့်တင်ရေးညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က ကော့သောင်းမြို့ ကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ကုန်သွယ်ရေးစခန်း (ကော့သောင်း) စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနန္ဒက ကော့သောင်း နယ်စပ်ကုန်သွယ်မှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသည့် ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်သည့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော့သောင်းမြို့နယ် ကုန်သည်ကြီးများအသင်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် လုပ်ငန်းအကြံဉာဏ်များ၊ ဒေသအခြေအနေနှင့် အခက်အခဲများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။



ကော့သောင်းနယ်စပ် ကုန်သွယ်ရေးစခန်းမှ ၂၀၁၅ ခုနှစ် ကုန်သွယ်မှုလျာထားချက်အဖြစ် ပို့ကုန်၊ သွင်းကုန် ကုန်သွယ်မှုပမာဏလျာထားချက်တွင် သွင်းကုန်ပမာဏလျာထားချက် ပြည့်မီသော်လည်း ပို့ကုန်လုပ်ငန်းတချို့ အကြောင်းအမျိုးမျိုးဖြင့် တရားမဝင်လမ်းကြောင်းများမှ ကုန်သွယ်ဆောင်ရွက်နေမှုများကြောင့် ပို့ကုန်လျာထားချက်ပြည့်မီရန် လိုအပ်လျက်ရှိရာ ဒေသတွင်းတရားမဝင်ကုန်သွယ်မှုလျော့နည်းကျဆင်းရေး၊ စားသုံးသူများအားအကာအကွယ်ပေးရေး၊ နိုင်ငံတော်အတွက်ရသင့်သည့်အခွန်အခများ အပြည့်အဝရရှိစေရေးနှင့် ကုန်သွယ်မှုမြှင့်တက်လာရေးရည်ရွယ်ချက်ဖြင့် နိုင်ငံတော်မှ Mobile Team အဖွဲ့အား ဖွဲ့စည်းတာဝန်ပေးပြီး ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ပညာပေးကာလများအဖြစ် သတ်မှတ်ပညာပေးခဲ့ပြီးဖြစ်ရာ ယခုလာမည့် ဩဂုတ်လမှ စတင်ကာ တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို ကြပ်မတ်စိစစ်ဖော်ထုတ်အရေးယူကာ ကော့သောင်းနယ်စပ်ကုန်သွယ်မှု လုပ်ငန်းများ မြင့်တက်လာစေရန်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

**မန္တလေးတိုင်းဒေသကြီး**

## ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်ရာ၌ ပါဝင်သော လယ်ယာမြေများအား နစ်နာကြေးပေးအပ်

ရန်ကုန်-မန္တလေးအမြန်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသောလယ်ယာမြေများအတွက် နစ်နာကြေးကို ဇူလိုင် ၂၉ ရက်က ပထမနေ့အဖြစ် နွားထိုးကြီး မြေယာစီမံခန့်ခွဲရေးကော်မတီရုံး၌ စတင်ထုတ်ပေးသည်။

ရှေးဦးစွာ မြေယာလျော်ကြေးပေးရခြင်းနှင့်ပတ်သက်၍မြို့နယ်အုပ်ချုပ်ရေး မှူး ဦးကျော်နိုင်နှင့် လမ်းအထူးမှ ဦးဟုန်းရွှေလေးက နစ်နာကြေးရရှိမည့် တောင်သူ ၁၆၀ ကျော်ကို တွေ့ဆုံရှင်းလင်းသည်။

နွားထိုးကြီးမြို့နယ်မှ တောင်သူ ၁၆၅ ဦးကို မြေ ၃၃၇ ဧကအတွက် ငွေကျပ်သိန်း ၅၀၀၀ ကျော်ပေးရန်ရှိကြောင်း၊ ပထမနေ့အဖြစ် ကျေးရွာသုံးအုပ်စု၊ ဒုတိယနေ့အဖြစ် ကျေးရွာခြောက်အုပ်စု ပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

"မမျှော်လင့်ပါဘူး။ လယ်တစ်ဧက ငွေကျပ် ၁၂ သိန်း၊ ယာတစ်ဧက ငွေကျပ် ၁၀ သိန်းပေးလျော်တာမို့ ကာလပေါက်ဈေးမရသော်လည်း နစ်နာကြေးရလို့ ဝမ်းသာပါတယ်"ဟု ရွှေပြည့်ရင် ရွာမှ တောင်သူတစ်ဦးက ပြောသည်။

နွားထိုးကြီးမြို့နယ်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ၂၄မိုင် ၄ဖာလုံ ဖြတ်သန်းဖောက်လုပ်ရာတွင် မြေ ၃၃၇ ဧက ပါဝင်သွားကြောင်း သိရသည်။ **ဌေးမြင့်မောင်**

## ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများအတွက် အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းဖွင့်

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် ကျေးလက်နေလူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ကိုယ်ပိုင်အကျိုးစီးပွားနှင့် မိသားစုဝင်ငွေ တိုးတက်ရရှိရေးတို့အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်း (အခြေခံပညာ ပိုက်ဆက်သင်တန်း)ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက်က အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကာ သင်တန်းနည်းပြဆရာများက သင်တန်းသားများအား စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

**စစ်ကိုင်းတိုင်းဒေသကြီး**

## သဘာဝပတ်ဝန်းကျင် စိမ်းလန်းစေရေးအတွက် မော်လိုက်မြို့နယ် မော်ကူးကြိုးဝိုင်းတွင် သစ်ပင်များစိုက်ပျိုး

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစေရန်အတွက် မော်လိုက်မြို့နယ် သစ်တောဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်း (သစ်ထုတ်ရေး)ဝန်ထမ်းများ ပူးပေါင်းပြီး မော်လိုက်မြို့နယ် မော်ကူးကြိုးဝိုင်းအကွက်အမှတ်(၂၀)တွင် သဘာဝတောတန်ဖိုးမြင့်သစ်ပင်များစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် တောအဆင့်အတန်း တိုးတက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ညွှန်ကြားမှုနှင့်အညီ မော်လိုက်မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုထွန်းနှင့် ဝန်ထမ်းများ၊ မြန်မာ့သစ်လုပ်ငန်း (သစ်ထုတ်ရေး)မှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင့်လွင်ဦးနှင့် ဝန်ထမ်းများက ကျွန်းပင် အပင် ၄၀၀ နှင့် ပျဉ်းကတိုး အပင် ၁၀၀၊ စုစုပေါင်း ပျိုးပင်ပေါင်းအပင် ၅၀၀ ကို ဇူလိုင်လဒုတိယပတ်က စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**နေပြည်တော်ကောင်စီနယ်မြေ**

## အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်



နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကဖွင့်လှစ်သည့် အဆင့်မြင့်စက်ချုပ်သင်တန်း (၁/ ၂၀၁၅) ဖွင့်ပွဲကို ဇူလိုင် ၂၇ ရက်က မြို့နယ်အသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မီမီစိုး၊ ခရိုင် မိခင်နှင့်ကလေးအသင်းအတွင်းရေးမှူး ဒေါ်သီတာကြိုင်၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်မမော်မော်နှင့်အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ခဲ့ပြီး သင်တန်းကို ဇူလိုင် ၂၇ရက်မှ စက်တင်ဘာ ၉ ရက်အထိ ၄၅ ရက်ကြာ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သိရသည်။

→ **မင်းမင်းလတ်(ရုပ်ဗေဒ)**

မကွေးတိုင်းဒေသကြီး

# မကွေးမြို့နယ်ရှိ ကျေးရွာ(၁၀)ရွာတွင် မြစိမ်းရောင်မတည်ငွေ ကျပ်သိန်း ၃၀၀ စီချပေး



မကွေးမြို့နယ်ကျေးလက်ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်အတွက် မကွေးမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာအတွက် ဇူလိုင် ၂၃ ရက်က မြစိမ်းရောင်စီမံကိန်းအဖြစ် ငွေကျပ်သိန်း ၃၀၀၀ ချထားပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါမြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှုအား တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဆွေ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဟန်ထွန်း၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဦးထင်အောင်တို့ပါဝင်သောပူးပေါင်းအဖွဲ့က ဇူလိုင် ၁၅ ရက်မှ ၂၀ ရက်အထိ မကွေးမြို့နယ် စလံကျေးရွာ၊ လေးအိမ်ကျေးရွာ၊ မြို့မိကျေးရွာ၊ စည်ပင်ကျေးရွာ၊ ယင်းသာစည်(အနောက်)ကျေးရွာ၊ လယ်ယား(တောင်)ကျေးရွာ၊ တောင်ယာတောကျေးရွာ၊ ကြာပြည့်အင်းကျေးရွာ၊ တပ်ကုန်းကျေးရွာ၊ လပ်ခုပ်ပင်ကျေးရွာ စသည့်ကျေးရွာ ၁၀ ရွာသို့ သွားရောက်ကွင်းဆင်းကာ အဆိုပါကျေးရွာများ၏ ရန်ပုံငွေကြီးကြပ်မှုကော်မတီ ခုနစ်ဦးစီအား ၎င်းကျေးရွာများ၏ ကျေးလက်ပြည်သူလူထုဆန္ဒအရ ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့်ရွေးချယ်ပေးခဲ့ပြီး တစ်ရွာလျှင် နိုင်ငံတော်မှ မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီအား ဇူလိုင် ၂၃ ရက်က ကျေးရွာ ၁၀ ရွာသို့အပြီး ချထားပေးပြီးဖြစ်ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူးကပြောကြားသည်။ မြစိမ်းရောင်စီမံကိန်းအားအကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းများတွင် ကျေးရွာများအလိုက်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါကျေးရွာတစ်ရွာတွင် မြစိမ်းရောင်းရန်ပုံငွေ ကျပ်သိန်း ၃၀၀ မတည်ပေးခြင်းနှင့်ပတ်သက်၍ "ကျွန်တော်တို့ရွာက ယင်းချောင်းဘေးတွင် တည်ရှိပြီးတော့ သွားလာရခက်ခဲတဲ့အတွက် စီးပွားရေးအဆင်မပြေပါဘူး။ အခုလိုမတည်ငွေတွေထုတ်ပေးတော့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ရန်အတွက် အရင်းအနှီးရတာ အဆင်ပြေသွားပါတယ်ဟု" စလံကျေးရွာနေသူတစ်ဦးက ပြောကြားသည်။

**ကျော်ဇေယျ**

ဧရာဝတီတိုင်းဒေသကြီး

## အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ဖွင့်

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျုံတာ-ရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ အာရ်စီ တစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်ကို ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစန်းမောင်၊ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ ရွှေတောင်အုပ်စု ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ရွှေတောင်အုပ်စု ဥက္ကဋ္ဌနှင့် စင်ကာပူနိုင်ငံ Sin Mian ကုမ္ပဏီတို့မှ ကျောင်းအတွက် သောက်ရေကန်ဆောက်လုပ်ရန်ငွေကျပ် ၂၅ သိန်းနှင့် ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌက ဗလာစာအုပ်ဒါဇင် ၃၀၀ ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီးနှင့် ရပ်မိရပ်ဖတို့က လက်ခံရယူကြသည်။

**တင်ထွန်းအောင်**

မွန်ပြည်နယ်

## အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တိုးမြှင့်ဖွင့်

ပေါင်မြို့နယ် လက်ပံတောကျေးရွာ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း(ခွဲ)အဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပခဲ့ရာ လက်ပံတောအထက်တန်းကျောင်း(ခွဲ)အား ဗုပ္ပာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏ၊ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးညွန့်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**ခင်မောင်ဝေ(ပေါင်)**

တနင်္သာရီတိုင်းဒေသကြီး

## ခမောက်ကြီးမြို့ ကွက်သစ်ကုံ့ကော်လမ်းသွယ် ကျောက်ချောခင်းခြင်းလုပ်ငန်းဆောင်ရွက်

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ ကွက်သစ်ကုံ့ကော်လမ်းသွယ် ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၇ ရက်က ဒေသခံရပ်ကွက်ပြည်သူများလုပ်အားဖြင့် ကိုယ့်အားကိုယ်ကိုးစတင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အဆိုပါလမ်းသည် ရပ်ကွက်အတွင်းနေ ပြည်သူများအသုံးပြုသည့်အဓိကလမ်းဖြစ်ပြီး ကျောင်းသားကျောင်းသူများ နိစ္စဓူဝ ကျောင်းသွားကျောင်းပြန် ဖြတ်သန်းသွားလာရာလမ်းလည်းဖြစ်ရာ ယခင်မြေသားလမ်းမှာ မိုးရာသီရောက်ချိန်တွင် ရေတိုက်စားမှု၊ ရေဝပ်မှုများကြောင့် လမ်းအသုံးပြုသူပြည်သူများ ဖြတ်သန်းသွားလာရာတွင် အခက်အခဲများ တွေ့ကြုံကြရသဖြင့် ရပ်ကွက်တာဝန်ရှိသူများ၊ ရပ်ကွက်ပြည်သူများ စုပေါင်းထည့်ဝင်မှုဖြင့် လမ်းကြိတ်စက်များငှားရမ်းကာ ကျောက်ချောလမ်းအဖြစ် ကိုယ်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပဲခူးတိုင်းဒေသကြီး

# ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်းဖွင့်




နိုင်ငံခြားဝင်ငွေရ ရွှေဖြူခေါ် ရော်ဘာပင်များ စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ သာယာဝတီခရိုင် သာယာဝတီမြို့နယ် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ရော်ဘာပျိုးခင်းနှင့် စိုက်ပျိုးထိန်းသိမ်းခြင်းသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပခဲ့သည်။

သင်တန်းတွင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူး၊ စီမံကိန်းမြို့နယ်ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာနနှင့် သာယာဝတီ၊ လက်ပံတန်း၊ မင်းလှ၊ အုတ်ဖို၊ မိုးညို၊ ဇီးကုန်း၊ ကြို့ပင်ကောက်၊ နတ်တလင်းမြို့နယ်များရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးမှူးများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းတွင် ပျိုးခင်းနေရာရွေးချယ်ခြင်း၊ ရော်ဘာပျိုးခင်းပြုပြင်ခြင်း၊ မျိုးစေ့ချခြင်း၊ အဖူးကူးခြင်း၊ ပန္နက်ရိုက်ခြင်း၊ မြေဩဇာကျွေးခြင်း စသည့် ခေတ်မီနည်းစနစ်များကို သင်ကြားပို့ချခဲ့သည်။

သင်တန်းအထိမ်းအမှတ်အဖြစ် ရော်ဘာပျိုးပင်များကို ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ ကမ်းနီးငါးဖမ်းရေယာဉ်များမှတ်သုံးရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန် တည်နေရာများထုတ်ပြန်

၁။ မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ကြောင်းကို (၉-၄-၂၀၁၅)ရက် နေ့စွဲပါညွှန်ကြားချက်အမှတ် ၊(၁/၂၀၁၅)ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၈မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်းမြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သပြုချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ၊ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ လောင်းလုံးဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်၊

၂။ ပြည်တွင်း/ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာသတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့်ရေလုပ်သားများအန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**မွန်ပြည်နယ်**

# ရေးမြို့နယ်မှ အုန်းသားကုန်ကြမ်းထုတ်လုပ်သူများယခင်နှစ်ဈေးနှုန်း ထက်ဝက်သာရသဖြင့် တွက်ခြေမကိုက်

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများအနက် အုန်းသီးပင်များမှ အုန်းသားကုန်ကြမ်းထုတ်လုပ်သူများမှာ ယခင်နှစ်ကထက် ဈေးနှုန်းထက်ဝက်ဈေးကိုသာရရှိကြ၍ အမြတ်အစွန်းနည်းပါးကြရာ တွက်ခြေမကိုက်ဖြစ်နေကြကြောင်း သိရသည်။

အဆိုပါအုန်းသားကုန်ကြမ်းများထုတ်လုပ်နေသူ အရောင်းအဝယ်တစ်ဦးက "အုန်းသားကုန်ကြမ်းများ ရရှိဖို့အတွက် စိုက်ပျိုးတောင်သူများထံမှ အုန်းသီးခြောက်တစ်လုံးကိုငွေကျပ် ၇၀ ဖြင့် ပေးဝယ်ရရှိပါတယ်။ အုန်းသီးခြောက်များကိုအခွံချွတ်ခြင်း၊ ခွဲခြမ်း၍ နေလှန်းပေးရခြင်း ရရှိလာမယ့်အုန်းသားခြောက်များအား အဆင်သင့်ပြည်တွင်းဈေးကွက်တင်ပို့ရောင်းချနိုင်ရန်အတွက် တစ်ပိဿာလျှင်ကျပ် ၅၃၀ လောက်ပဲ ဒီနှစ်ဈေးကွက်အတွင်းမှာ ရပါတယ်။ ကုန်ကြမ်းထုတ်လုပ်မှုအပိုင်းမှာလည်း အရင်နှစ်တွေထက် ပိုမိုထုတ်လုပ်ရသော်လည်း ရရှိလာတဲ့အုန်းသားဈေးကွက်မှာ ယခင်နှစ်က တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ ကျော်ဝန်းကျင်လောက်ရရှိတဲ့အတွက် အကျိုးအမြတ်များပြီး ဒီနှစ်မှာတော့ဈေးနှုန်းက ထက်ဝက်နီးပါးဈေးကိုသာရရှိပါတယ်။ အရောင်းအဝယ်ထုတ်လုပ်သူများအနေနဲ့ အမြတ်အစွန်းနည်းပါးတာမို့ တွက်ခြေမကိုက်ဖြစ်နေကြပါတယ်"ဟု ထုတ်လုပ်အရောင်းအဝယ်လုပ်သူတစ်ဦးက ပြောသည်။

အဆိုပါအုန်းသားကုန်ကြမ်းများကို ပြည်တွင်းမှထုတ်လုပ်သည့် ဆပ်ပြာ၊ အုန်းဆီများ ထုတ်လုပ်ရာတွင် ကုန်ကြမ်းများအဖြစ် အသုံးပြုဖြစ်ကြောင်း သိရသည်။

နေမျိုးထွင်(ရေး)



# မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

မိုးစပါးစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးချိန်ရာသီတွင် စိုက်ပျိုးစရိတ်အချိန်မီရရှိစေရန် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဇူလိုင် ၂၉ ရက် နံနက် ၁၁ နာရီက မိုးမောက်မြို့နယ် စီကော်ကျေးရွာ မိုးစပါးစိုက် တောင်သူ ၁၀၅ ဦး စိုက်ဧရိယာ ၅၁၈ ဧကအတွက် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၅၁၈ သိန်းထုတ်ချေးပေးခဲ့သည်။

"မိုးမောက်မြို့နယ် ကျေးရွာအုပ်စု ၁၇ အုပ်စုမှ မိုးစပါးစိုက်တောင်သူ ၁၁၁၈ ဦးတို့ကို စိုက်ဧရိယာဧက ၆၀၁၇ ဧကအတွက် ငွေကျပ် ၆၀၁၇ သိန်းထုတ်ချေးပေးခဲ့ပါတယ်" မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးမင်းဦးက ပြောသည်။

ဝါဝါ(ဗန်းမော်)

မြန်မာ့အလင်း
၃၁-၇-၂၀၁၅ (သောကြာနေ့)

မန္တလေးတိုင်းဒေသကြီး

# လွန်ကျော် ဝါသုတေသနနှင့် မျိုးသန့်ခြံတွင် သိပ္ပံနည်းကျ ဝါစိုက်ပျိုးနည်းစနစ်များ တောင်သူများအား ပညာပေးရှင်းလင်း

ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်အတွင်းရှိ ဝါစိုက်တောင်သူများ စိုက်ပျိုးသော ဝါများ ပိုမိုထွက်ရှိရေးနှင့် အကျိုးအမြတ်ဖြစ်ထွန်းရန်အတွက် လွန်ကျော် ဝါသုတေသနနှင့် မျိုးသန့်ခြံမှ သိပ္ပံနည်းကျ ဝါစိုက်ပျိုးနည်းစနစ်များ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်က ခြံအတွင်း စိုက်ပျိုးထားသော ငွေချည် (၉)၊ ငွေချည် (၆) နှင့် ရွှေတောင်(၈) ဝါမျိုးများ စိုက်ပျိုးထားသည့် တောင်သူပညာပေးသရုပ်ပြကွင်း၌ ကျင်းပခဲ့သည်။

သိပ္ပံနည်းကျ ဝါစိုက်နည်းစနစ်များကို တောင်သူများအား ပညာပေးရှင်းလင်းဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးကျော်သူတို့က ဝါသီးနှံစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူများ အကျိုးဖြစ်ထွန်းရန်အတွက် အထွက်နှုန်းမြင့်မားသည့် ဝါမျိုးများ ရွေးချယ်စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ လွန်ကျော် ဝါသုတေသနနှင့်မျိုးသန့်ခြံ ခြံတာဝန်ခံ ဦးဝင်းမြင့်နှင့် ဝါစိုက်ပျိုးမှု ပညာရှင်များက အောင်မြင်ဖြစ်ထွန်းနေသော တောင်သူပညာပေးစိုက်ကွင်းအတွင်း သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လက်တွေ့ပြသကာ တောင်သူများ မေးမြန်းမှုများကိုလည်း ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ တောင်သူပညာပေး ဝါစိုက်နည်းစနစ်များ အသိပညာပေးဆွေးနွေးပွဲသို့ ကျောက်ဆည်မြို့နယ်နှင့် မြစ်သားမြို့နယ်တို့ရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ဝါစိုက်တောင်သူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)



ရခိုင်ပြည်နယ်

# ရခိုင်စာပေသင်ကြားမှုထိရောက်အောင်မြင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဆီသို့ ချီတက်ရာတွင် တိုင်းရင်းသားပေါင်းစုံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း မရှိမဖြစ်လိုအပ်ပေသည်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယခုအခါ တိုင်းရင်းသားစာပေသင်ကြားခွင့်များ ရရှိနေပြီဖြစ်သည်။ ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးစုများစွာ နေထိုင်သောဒေသများတွင် ၎င်းတို့၏ စာပေများကို သင်ကြားလျက်ရှိကြောင်း သိရသည်။ ရခိုင်ပြည်နယ်တွင် ရခိုင်စာပေသင်ကြားမှုကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ သင်ကြားပေးခဲ့သည်ဆိုသော်လည်း ပီပြင်မှုမရှိကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အတိုင်းအတာတစ်ခုအထိသာ ထိရောက်မှုရှိခဲ့ကြောင်း၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ရခိုင်စာပေစာအုပ်များ မရောက်ရှိသေးကြောင်း၊ ယခင်နှစ်များက ဖြန့်ဝေထားသော ရခိုင်စာပေစာအုပ်များဖြင့် အချို့ကျောင်းများတွင် သင်ကြားနေသည်ဟု သိရှိရကြောင်း၊ ရခိုင်စာပေစာအုပ်များ ရောက်ရှိလာပါက ကျောင်းများသို့ အမြန်ဆုံးဖြန့်ဝေပေးသွားပြီး ယခုနှစ်တွင် ထိရောက်အောင်မြင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းအများစု ရခိုင်စာပေကို သင်ကြားမှုမရှိသေးကြောင်း သိရသည်။ မြို့နယ်အချို့၌ ကျောင်းအချို့သာ သင်ကြားပေးနေကြသည်။ ယခုသင်ကြားပေးနေကြသော ရခိုင်စာသင်ရိုးသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရခိုင်စာပေသင်ရိုးပြုစုရေးအဖွဲ့မှပြုစုပြီး ပညာရေးဝန်ကြီးဌာနက အတည်ပြုချက်ရယူကာ ၂၀၁၃ ခုနှစ်မှစ၍ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဖြန့်ဝေပေးထားသည်။ သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်း ဖတ်စာအုပ်များသာ ထုတ်ဝေပေးနိုင်သေးသည်။ သူငယ်တန်းကြိုကလေးများအတွက် စာအုပ်များစီစဉ်နေသည်ဆိုသော်လည်း ယနေ့ထိ စာအုပ်များမထုတ်ဝေနိုင်သေးပေ။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ရခိုင်စာပေသင်ကြားပေးနိုင်ရန် ပညာရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွက် ၄၂၁ ဒသမ ၁၁ သန်း ခွင့်ပြုပေးခဲ့သည်။ ရခိုင်ပြည်နယ်ပညာရေးဌာန ရခိုင်စာသင်ကြားနိုင်ရန် ကျောင်းပေါင်း ၂၄၉၀ နှင့် ဆရာဆရာမပေါင်း ၄၇၉၀ ကို သတ်မှတ်ပေးခဲ့သည်။ မြို့နယ်များ၏ ရခိုင်စာသင်ကြားရေးအတွက် ထောက်ပံ့ပေးမှုသည် တစ်မြို့နယ်နှင့် တစ်မြို့နယ် တူညီမှုမရှိပေ။ အချို့မြို့နယ်များတွင် ကျောင်းတစ်ကျောင်းလျှင် ငွေကျပ် ၇၅၀၀၀၊ အချို့မြို့နယ်များတွင် ငွေကျပ် ၈၀၀၀၀၊ အချို့မြို့နယ်များတွင် ငွေကျပ် ၈၅၀၀၀ ရရှိကြောင်း သိရသည်။

မြောက်ဦးမြို့နယ်အတွင်း ယခင်နှစ်က ရခိုင်စာသင်ကြားပေးခဲ့သော ဆရာမတစ်ဦးက “ကျွန်မတို့ ယခင်နှစ်က ရခိုင်စာသင်ကြားပေးခဲ့ရပါတယ်။ စာသင်ချိန်မဟုတ်တဲ့အချိန်တွေကို ရွေးပြီးသင်ခဲ့ရတာပါ။ ထောက်ပံ့ကြေးကတော့ တစ်ကျောင်းလုံးအတွက် ငွေကျပ်ကိုးသောင်းရပါတယ်။ ငွေကျပ် ငါးထောင်ဖြတ်ပြီး ရှစ်သောင်းခွဲပဲရပါတယ်” ဟု ပြောပြသည်။

ရခိုင်စာပေအပါအဝင် တိုင်းရင်းသားစာပေများကိုသင်ကြားရာတွင် အတန်းတိုင်း၏ ဘာသာရပ်အသီးသီးအတွက် သတ်မှတ်ထားသောစာသင်ချိန်များကို မထိခိုက်စေရေးအတွက် သင်ခန်းစာသင်ယူချိန်များ၊ တစ်နေ့တာ၏ နောက်ဆုံးစာသင်ပြီးချိန်များနှင့် ပြင်ပအချိန်များတွင်သင်ကြားရန် ပညာရေးဝန်ကြီးဌာနက ညွှန်ကြားထားကြောင်း၊ ၎င်းအစီအစဉ်ကိုလည်း တိုင်းရင်းသားစာပေအသီးသီးနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးများနှင့် ညှိနှိုင်းကာ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း၌ ရခိုင်စာသင်ကြားမှုများ ထိရောက်အောင်မြင်မှုမရှိနိုင်ခြင်းမှာ သင်ကြားမှုအားနည်းနေခြင်း၊ ဆရာ ဆရာမများ စိတ်ဝင်စားမှုနည်းပါးခြင်း၊ အပိုအလုပ်တစ်ခုဟု ကျဉ်းမြောင်းသောအမြင်များရှိနေခြင်း၊ ရခိုင်စာသင်ကြားပေးနေသောဆရာ ဆရာမများ ထောက်ပံ့ကြေးကို အပြည့်အဝမရရှိခြင်း၊ အများပြည်သူပူးပေါင်းဆောင်ရွက်ထောက်ပံ့မှုများပေးရန် လိုအပ်ခြင်း၊ သင်ကြားမှုလမ်းညွှန် (ဆရာကိုင်စာအုပ်) မရှိခြင်းများကြောင့် ဖြစ်သည်ဟု သိရသည်။

“ကျွန်မတို့က ကိုယ့်လူမျိုးရဲ့စာကို ကလေးတွေကိုသင်ပေးချင်ပါတယ်။ သင်လည်းသင်ပေးပါတယ်။ ဒါပေမယ့် ကျွန်မတို့က နိုင်ငံတော်မှ ရခိုင်စာသင်ကြားပေးမှုအတွက် ထောက်ပံ့ငွေတွေကိုအပြည့်အဝ မရပါဘူး။ အမြီးဖြတ် ခေါင်းဖြတ် လုပ်တာတော့ မကောင်းပါဘူး။ သင်ကြားပေးတဲ့သူတွေကို ထိုက်သင့်တဲ့ ခံစားခွင့်တော့ ပေးသင့်ပါတယ်”ဟု စစ်တွေမြို့မှ ဆရာမတစ်ဦးက ပြောသည်။

ရခိုင်စာပေ သင်ကြားရေးအတွက် မရှိမဖြစ်လိုအပ်နေသော ဆရာကိုင်စာအုပ်များစီစဉ်ဆောင်ရွက်နေကြကြောင်း ရခိုင်စာပေသင်ရိုး ပြုစုရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းနိုင်က ပြောသည်။

ရခိုင်စာပေသင်ကြားရေးအတွက် ရခိုင်ပြည်နယ်၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဆရာ ဆရာမ ၅၉၀၄ ဦးနှင့်စာသင်ကျောင်း ၂၅၅၆ ကျောင်းကို သတ်မှတ်ကာခွင့်ပြုငွေတောင်းခံထားကြောင်း သိရသည်။

“ယခင်နှစ်ကတော့ တစ်နာရီကို ငါးရာကျပ်နှုန်းနဲ့ ထောက်ပံ့ကြေးသတ်မှတ်ပေးပါတယ်။ ဒီနှစ်တော့ ဘယ်လိုသတ်မှတ်ပေးမယ်ဆိုတာ မသိရသေးပါဘူး။ ထိရောက်အောင်လုပ်သွားမှာပါ။ စာအုပ်တွေလည်း မရောက်သေးပါဘူး။ ရောက်တာနဲ့ ကျောင်းတွေကိုဖြန့်ဝေပေးမှာပါ။ ဩဂုတ်လအတွင်းတော့ စာအုပ်တွေရောက်မယ်ထင်ပါတယ်။ ဆရာ ဆရာမတွေအနေနဲ့လည်း အမျိုးသားရေးအမြင်ရှေးရှုပြီး သင်ပေးရင်တော့ အောင်မြင်မယ်ထင်ပါတယ်။ သင်ပေးကြပါလို့လည်း တိုက်တွန်းပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူး(ပညာ) ဦးဦးမောင်သာက ပြောသည်။

**အားလုံးဝိုင်းဝန်းဆောင်ရွက်ရန်လိုအပ်**

ပီပြင်အောင်မြင်မှု မရှိသေးသော၊ အတိုင်းအတာတစ်ခုထိသာ ထိရောက်မှုရှိနေသော ရခိုင်စာပေသင်ကြားမှုအောင်မြင်နိုင်ရေး၊ ကလေးငယ်များ မိမိစာပေများကို တတ်မြောက်ကာ ယဉ်ကျေးမှုကို ချစ်မြတ်နိုးစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်နေကြောင်း သိရသည်။ ရခိုင်စာပေသင်ကြားရေးကို အဓိကဆောင်ရွက်နေသောသူများ၊ ဆရာ ဆရာမများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ အမျိုးသားရေးအမြင်ရှိရန် လိုအပ်သည်။ စေတနာထားရန်လိုအပ်သည်။ မိဘများကလည်း ပူးပေါင်းပါဝင်ရန်လိုသည်။ ပျော့ကွက်၊ ဟာကွက်များကိုချည်းထောက်ပြကာအပြစ်မမြင်သင့်ပေ။ လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်း ဖြေရှင်းသွားရန်လိုအပ်သည်။ လူမှုရေးအဖွဲ့အစည်း အသီးသီးကလည်း ပူးပေါင်းပါဝင်သင့်သည်။ အားလုံးပူးပေါင်းပါဝင်ပြီး အစိုးရနှင့်လက်တွဲကာ တွန်းအားပေးလျှင် ထိရောက်အောင်မြင်မှု မပီပြင်သေးသော ရခိုင်စာသင်ကြားရေး၏ အောင်မြင်မှုအရွေ့တစ်ခုကို ရရှိနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

လေးဝတီထွန်းစောခိုင်

# ကွန်မြူနတီဒိုင်းပွဲမှာ

# စောင့်ကြည့်ရမယ့် အာဆင်နယ်ရဲ့လားရာ




*လာမယ့် ဩဂုတ် ၂ ရက်မှာ အင်္ဂလန်ဘောလုံးရာသီအဖွင့်ပွဲဖြစ်တဲ့ ကွန်မြူနတီဒိုင်းလုပွဲကို ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်ကစားဖို့ရှိတယ်။ ဒီတော့ အဲဒီပွဲနဲ့ပတ်သက်ပြီး ဘာများပြောစရာရှိမလဲ။ အထူးသဖြင့် ဒီနှစ်မှာ မနှစ်ကပရီမီယာလိဂ်ချန်ပီယံဖြစ်ခဲ့တဲ့ ချယ်လ်ဆီးနဲ့ အက်ဖ်အေဖလားချန်ပီယံဖြစ်ခဲ့တဲ့ အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားကြမှာဆိုတော့။ ဒါဟာ ရာသီသစ်ချန်ပီယံဆုအတွက် အကြိုစိန်ခေါ်မှုတစ်ရပ် ဖြစ်နိုင်မလား။ အဲဒါကို အဲဒီပွဲမှာ အဓိကထား စောင့်ကြည့်လိုလာကြတယ်။*

*ပြောရမယ်ဆိုရင်တော့ လက်ရှိအဲဒီပွဲကိုဝင်ပြိုင်မယ့် ချယ်လ်ဆီးနဲ့ အာဆင်နယ် နှစ်သင်းအနက် အာဆင်နယ်ကို ပိုပြီးအလေးထား စောင့်ကြည့်လိုကြတာ။ အထူးသဖြင့် အာဆင်နယ်ဟာ ပရီမီယာလိဂ် ချန်ပီယံဆုနဲ့ ဝေးခဲ့တာ ၁၁ နှစ်တိတိ ရှိပြီ။ ဘောလုံးရာသီအားဖြင့် ၁၁ ရာသီဆိုတော့ အာဆင်နယ် တစ်ကျော့ပြန်ချန်ပီယံဖြစ်သင့်ပြီလို့ တွက်ဆကြတာနဲ့အမျှ ဒီပွဲမှာ ချယ်လ်ဆီးကို ဖြိုနိုင်၊ မဖြိုနိုင် စောင့်ကြည့်မှုနဲ့အတူ အာဆင်နယ်ရဲ့လားရာကို လေ့လာ ဆန်းစစ်လိုကြတယ်။ တွက်ချက်အဖြေထုတ်လိုကြတယ်။*

အထူးသဖြင့် အာဆင်နယ်ဟာ ဒီနောက်ပိုင်းမှာ ဈေးကွက်အပေါ် ချဉ်းကပ်ပုံ ချဉ်းကပ်နည်း တဖြည်းဖြည်းပြောင်းတယ်။ အရင်က လူငယ်တွေကိုရှာဖွေပျိုးထောင်မှု၊ ရွက်ပုန်းသီးတွေကို ဖော်ထုတ်မြှင့်တင်မှုစနစ်နဲ့ သွားတဲ့ အာဆင်နယ်ကနေ အခု အသင့်သုံးအဆင့်မီ ကစားသမားတွေ ငွေသုံးခေါ်တဲ့အာဆင်နယ်ဖြစ်လာတယ်။ တစ်နှစ်က အိုဇေးလ်ကို ပေါင်သန်း ၄၀ ကျော်နဲ့ခေါ်တယ်။ ပြီးတော့ မနှစ်ကလည်း ဆန်းချက်ဇ်ကို ပေါင်သန်း ၃၀ ပေးခေါ်တဲ့အပြင် စုစုပေါင်း ပေါင်သန်း ၉၀ နီးပါးသုံးတာ။ ဒီဘူချီ၊ ဝဲလ်ဘတ်၊ ချန်ဘာ၊ ပေါ်လစ္စတာ တို့ကိုပါခေါ်တယ်။ ဒီတော့ အဲဒီလို အာဆင်နယ်ရဲ့ ဈေးကွက်အပေါ် ချဉ်းကပ်မှုပြောင်းလဲခြင်းကို အခြေခံကာ အာဆင်နယ်ရဲ့ ပရီမီယာလိဂ် ချန်ပီယံပြန်ဖြစ်ရေး အာသီသကို ခန့်မှန်းဖို့ကတော့။ အခုလိုနှစ်ရာသီအတွင်း ပေါင်းသန်း ၁၅၀ နီးပါးသုံး အရှိန်ယူပြီးတဲ့နောက် တတိယမြောက် ရာသီမှာ အာဆင်နယ်ချန်ပီယံ ပြန်ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာက အားလုံးအတွက် စောင့်ကြည့်ချင်စရာ ဖြစ်လာသလို အဲဒီအတွက် အခုပွဲမှာ အာဆင်နယ်ရဲ့ အရည်အသွေးကိုပါ အကဲခတ်လိုကြတယ်။

ပြောရမယ်ဆိုရင် အာဆင်နယ်ဟာ ဆိုခဲ့ပြီးတဲ့အတိုင်း ဒီနောက်ပိုင်းမှာ အပြောင်းအရွှေ့ဈေးကွက်အပေါ် ချဉ်းကပ်ပုံ ချဉ်းကပ်နည်းပြောင်းလာတာမှန်တယ်။ ပြီးတော့ ပြီးခဲ့တဲ့ နှစ်ရာသီအတွင်း ပေါင်သန်း ၁၅၀ နီးပါး သုံးခဲ့တာလည်းမှန်တယ်။ ဒါပေမယ့် ဒီနွေမှာကျတော့ ထိမိတဲ့ အားဖြည့်မှု တစ်ခုမှမရှိသေးဘူး။ တစ်နှစ်က အိုလ်ဇေးကိုခေါ်သလို၊ မနှစ်က ဆန်းချက်ဇ်ကိုခေါ်သလို ထိပ်တန်းအဆင့် ပွဲကိုအဆုံးအဖြတ်ပေးနိုင်သူမျိုးကို ငွေသုံးခေါ်ယူမှုမျိုး မရှိသေးဘူး။ ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်ကို ပေါင် ၁၀ သန်းဝန်းကျင်နဲ့ ခေါ်ယူမှုလောက်သာ အဓိက ခေါ်ယူမှုအဖြစ်ရှိသေးတဲ့အခါ။ အဲဒီလို ဈေးကွက်အတွင်း လက်နှေးနေမှုအရ အာဆင်နယ်ရဲ့ လက်ရှိအစုအဖွဲ့ဟာ တစ်ကျော့ပြန်ချန်ပီယံဖြစ်ရေး တကယ်ပဲလုံလောက်မှုရှိပြီလားဆိုတာ အားလုံးအတွက် မေးစရာတစ်ခုလို ဖြစ်လာတယ်။

အထူးသဖြင့် အာဆင်နယ်ဟာ မနှစ်ကဘောလုံးရာသီမှာ အက်ဖ်အေဖလားချန်ပီယံဖြစ်တာ မှန်တယ်။ ပြီးတော့ ပရီမီယာလိဂ်မှာ တတိယနေရာနဲ့ ချန်ပီယံလိဂ်တိုက်ရိုက်ဝင်ခွင့် ရခဲ့တာလည်း မှန်တယ်။ ဒါပေမယ့် အဲဒီလိုအောင်မြင်တယ်လို့ ဆိုနိုင်တဲ့ ရာသီမှာတင်အာဆင်နယ်ဟာ လိုအပ်ချက်ကွက်လပ်ကြီးနှစ်ခုရှိခဲ့တယ်လို့ ကျွမ်းကျင်သူတွေက အကောက်အယူလုပ်ကြတယ်။ အဓိကကတော့ ကွင်းလယ်အဖျက်နဲ့ ဗဟိုတိုက်စစ်နေရာတွေပဲ။ ပြောရရင် အာဆင်နယ်မှာ မနှစ်က အာတီတာ ဒဏ်ရာရတယ်။ စုစုပေါင်းမှ ပြိုင်ပွဲအရပ်ရပ် ၁၁ ပွဲပဲ ကစားနိုင်တယ်။ အဲဒီမှာပြန်ခေါ်ထားတဲ့ ဖလာမီနီက ထင်သလိုခြေစွမ်းမပြနိုင်တော့ အာဆင်နယ်ရဲ့ကွင်းလယ် အဖျက်အားက သိသိသာသာကျတယ်။ နောက်ပိုင်း ကိုကွီလင် ခြေစွမ်းပြလာမှုနဲ့ အနည်းငယ်ဝင်ထိန်းပေးနိုင်ခဲ့သော်ငြား ထိထိမိမိမရှိဘူး။ ကိုကွီလင်က နုပြီးအတွေ့အကြုံနည်းတော့ ပွဲကြီးပွဲကျပ်တွေနဲ့ တန်ပြန်တိုက်စစ်ကစားပုံကောင်းတဲ့ အသင်းတွေနဲ့ပွဲတွေမှာ အာဆင်နယ်ခံစစ်အတွက် ကွင်းလယ်ကနေ ကြိုတားပေးမှုအားက ကျသွားတယ်။

ပြောမယ်ဆိုရင် မနှစ်က အာဆင်နယ်မှာ ဂိုးသမား အော့စပီနာ လက်စွမ်းပြတယ်။ မာတီဆက်ကာနဲ့ ကိုစီနီတို့လည်း အတွဲညီညီကစားနိုင်တယ်။ ဒါပေမယ့် အဲဒီလိုကြားကမှ ဂိုးမပေးရတဲ့ပွဲက ၁၃ ပွဲတည်းရှိတယ်ဆိုတော့ အာဆင်နယ်ရဲ့ကွင်းလယ် အဖျက်အားနည်းမှုက အခြေခံကျတယ်လို့ တွက်ကြတယ်။ ဒ့ါအပြင် မနှစ်ကရာသီမှာ အာဆင်နယ်ဟာ ဗဟိုတိုက်စစ်မှာ အဆုံးသတ်သေချာတဲ့ ဗဟိုတိုက်စစ်မှူးကောင်းရှားပါးမှု ဒဏ်ခံရတယ်။ အသင်းရဲ့အဓိက တိုက်စစ်မှူး ဂီရောက်ဆိုရင် ပရီမီယာလိဂ်ဂိုး ၁၄ ဂိုးပဲရတယ်။ ဝဲလ်ဘတ်ကလည်း ပရီမီယာလိဂ်ဂိုး လေးဂိုးသာ သွင်းနိုင်တော့ တောင်ပံကစားသမား ဆန်းချက်ဇ်အပေါ်မှာသာ ဂိုးရဖို့ အဓိက အမှီပြုခဲ့ရတဲ့အခါ ဒီနွေဈေးကွက်မှာ အာဆင်နယ်အတွက် ကွင်းလယ်အဖျက် ကစားသမား ကောင်းတစ်ဦးနဲ့ အဆင့်မီတိုက်စစ်မှူးတစ်ဦးလိုကိုလိုတယ်လို့ တွက်ကြတယ်။

ဒါပေမယ့် အဲဒီအတွက် အခုထိတော့ ဝင်းဂါးအကောင်အထည်မဖော်နိုင်သေးဘူး။ ဗီဒဲလ်ကိုလိုက်ပေမယ့် မရခဲ့သလို ဘင်ဇီမာကိုစောင့်ကြည့်နေပေမယ့် အရာမထင်သေးဘူး။ ဒီတော့ အဲဒီလိုအပ်ချက်နှစ်ရပ်ကိုသာ အချိန်မီမဖြည့်နိုင်ရင် အာဆင်နယ်အနေနဲ့ ချန်ပီယံဆုကို စိန်ခေါ်နိုင်စွမ်းရှိပါ့မလား။ ပြောမယ်ဆိုရင် အခု အာဆင်နယ်မှာ ဝေါလ်ကော့နဲ့ အာတီတာ ဒဏ်ရာသက်သာလာတာမှန်တယ်။ ဒီနှစ်ဦးဟာ ကွင်းလယ်အဖျက်နဲ့ တိုက်စစ်ပိုင်းအတွက် အားပြုလောက်စရာဖြစ်သော်ငြား လုံလောက်မှုတော့မရှိဘူး။ အာတီတာက အသက်ကြောင့် ကျစပြုပြီဖြစ်သလို ဝေါလ်ကော့က ဗဟိုတိုက်စစ်မှူး စစ်စစ်မဟုတ်ဘူးဆိုတော့ လက်ရှိစုဖွဲ့မှုအားအရ အာဆင်နယ်ချန်ပီယံဖြစ်နိုင်ပါ့မလား။ အာရှပရီမီယာလိဂ်ဖလားပွဲမှာ အာဆင်နယ်ခြေစွမ်းပြနိုင်ခဲ့တာမှန်သော်ငြား ပရီမီယာလိဂ်နဲ့ အဆင့်သိပ်ကွာတဲ့ ပွဲတစ်ပွဲသာဖြစ်တော့။ အာဆင်နယ်ရဲ့ ပကတိစုဖွဲ့မှုအားနဲ့ အဲဒီအစုအဖွဲ့အားရဲ့ လားရာကို အခုချယ်လ်ဆီးနဲ့ပွဲမှာ စောင့်ကြည့်ရုံကလွဲလို့ အခြားမရှိနိုင်ဘူး။

**ဝေမိုးဆက်**

# ဘိုင်ယန်သည် ကမ္ဘာ့အကောင်းဆုံး ထိပ်ဆုံးသုံးသင်းအနက်မှ တစ်သင်းဟု ကွင်းလယ်ကစားသမား ဗီဒဲလ် ချီးကျူး




ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်း သုံးသင်းစာရင်းဝင်အသင်းဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်အသင်း ကစားသမားသစ် အော်သူရိုဗီဒဲလ်က ချီးကျူးလိုက်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ချီလီကစားသမား ဗီဒဲလ်(၂၈နှစ်)အား ပြီးခဲ့သည့် ဇူလိုင် ၂၉ ရက်တွင် ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းဝန်းကျင်ဖြင့် လေးနှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဗီဒဲလ်က ဘိုင်ယန်မြူးနစ်အသင်း ကစားသမားအဖြစ် မိတ်ဆက်ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ "ဘိုင်ယန်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့အိပ်မက် အမှန်တကယ်ဖြစ်လာတာပါ။ ချန်ပီယံလိဂ်ဆုဖလား ရရှိချင်ပါတယ်။ လက်ရှိအချိန်မှာ ကျွန်တော်ဟာ ပိုမိုရင့်ကျက်မှုရှိနေပြီဖြစ်တဲ့ ကစားသမားတစ်ဦးဖြစ်လာနေပြီလို့ ခံစားရပြီး ဘိုင်ယန်ပရိသတ်တွေအတွက် အောင်မြင်မှုတွေလည်း ရယူပေးချင်ပါတယ်။ ဘိုင်ယန်လို ထိပ်တန်းအသင်းကြီးတစ်သင်းကို ပြောင်းရွှေ့ခွင့်ရရှိခဲ့တဲ့အတွက် ချီလီနိုင်ငံက ကျွန်တော့်ပရိသတ်တွေ ပျော်ရွှင်ဂုဏ်ယူနေကြပါတယ်။ ဂျူဗင်တပ်စ်မှာ အသင်းအတွက် ကြိုးစားကစားခဲ့သလိုပဲ ဘိုင်ယန်မှာလည်း ကြိုးစားသွားမှာပါ။

ကျွန်တော့်အနေနဲ့ လာမယ့် ဩဂုတ် ၂ ရက်မှာ ဝုဖ်ဘတ်အသင်းနဲ့ ရင်ဆိုင်ရမယ့် ဂျာမန်စူပါဖလားပွဲမှာ ပါဝင်ကစားဖို့ အဆင်သင့်ရှိနေပါတယ်။ ဒါပေမယ့် အဲဒီပွဲမှာ ကစားခွင့်ရမလားဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာပါ။ ကျွန်တော်အနေနဲ့ကတော့ ကွင်းလယ်နေရာမှာပဲ ကစားချင်ပါတယ်။ ဒီကိစ္စကို နည်းပြ ဂွါဒီယိုလာက ဆုံးဖြတ်ပေးပါလိမ့်မယ်။

၂၀၁၁ ခုနှစ်တုန်းက ကျွန်တော်ကိုယ်တိုင်နဲ့ ကျွန်တော့်မိသားစုအတွက် ဂျူဗင်တပ်စ်အသင်းကို ရွေးချယ်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဘိုင်ယန်လို ထိပ်တန်း အသင်းကြီးတစ်သင်းမှာပါဝင်ကစားဖို့ ကျွန်တော်မှာ အတွေ့အကြုံတွေရှိနေပါပြီ။ ဘိုင်ယန်မြူးနစ်အသင်းဟာ ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်း သုံးသင်းအနက်က တစ်သင်းဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် ကျွန်တော်တတ်စွမ်းသမျှ ပေးဆပ်သွားမှာပါ"ဟု ပြောသွားသည်။

ဂျာမနီကလပ် လေဗာကူဆင်တွင် ၂၀၀၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ပါဝင်ကစားခဲ့ဖူးသူ ဗီဒဲလ်က သူ၏အသင်းဟောင်း ဂျူဗင်တပ်စ်အသင်းကို ကျေးဇူးတင်ရှိကြောင်းနှင့် ဂျူဗင်တပ်စ်အသင်းသည် သူ၏ရင်ထဲတွင် အစဉ်အမြဲ ရှိနေမည့်အသင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဗီဒဲလ်သည် ဂျူဗင်တပ်စ်အသင်းနှင့်အတူ စီးရီးအေဆုဖလား လေးကြိမ်၊ စူပါကိုပါအီတာလီယာဖလား နှစ်ကြိမ်၊ ကိုပါအီတာလီယာဖလား တစ်ကြိမ် ရရှိခဲ့သူဖြစ်သည်။

**ထက်အောင်**

မြန်မာ့အလင်း

၃၁-၇-၂၀၁၅ (သောကြာနေ့)




၂၀၀၉ ခုနှစ်ကနေစတင်ပြီး ဂျာမနီအော်ဒီကားကုမ္ပဏီက နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ပွဲအဖြစ် စတင်ကျင်းပခဲ့ဖြစ်သည်။ အော်ဒီပြိုင်ပွဲကို ဂျာမနီနိုင်ငံ ဘိုင်ယန်မြူးနစ်ရှိ **Allianz Arena** ကွင်း၌ အမြဲတမ်းလက်ခံ ကျင်းပလေ့ရှိသည်

အောင်က

# စိတ်လှုပ်ရှားစွာနဲ့ စောင့်ကြည့်ရမယ့် အော်ဒီဖလားပြိုင်ပွဲ

**ရာသီအကြို ပြိုင်ပွဲများတွင် လူသိများပြီး စိတ်ဝင်စားရသော ပြိုင်ပွဲများတွင် အော်ဒီဖလားပြိုင်ပွဲသည် တစ်ခုအပါအဝင်ဖြစ်သည်။ ယခုနှစ် ရာသီအော်ဒီဖလားပြိုင်ပွဲတွင် ဥရောပ ထိပ်တန်းလိဂ်များ၏ အသင်းလေးသင်းဖြစ်သည့် ဘိုင်ယန်မြူးနစ်၊ ရီးရဲမက်ဒရစ်၊ အေစီမီလန်နှင့် စပါးအသင်းတို့ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။**

## အစဉ်အလာ

အော်ဒီဖလားပြိုင်ပွဲကို ၂၀၀၉ ခုနှစ်ကနေစတင်ပြီး ဂျာမနီအော်ဒီကားကုမ္ပဏီက နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲအဖြစ် စတင်ကျင်းပခဲ့ဖြစ်သည်။ အော်ဒီပြိုင်ပွဲကို ဂျာမနီနိုင်ငံ ဘိုင်ယန်မြူးနစ်ရှိ Allianz Arena ကွင်း၌ အမြဲတမ်းလက်ခံ ကျင်းပလေ့ရှိသည်။ ပထမဦးဆုံး စတင်ကျင်းပခဲ့တဲ့ ၂၀၀၉ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်၊ မန်ယူ၊ အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာ အသင်းနဲ့ အေစီမီလန်အသင်းတို့ ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်တွင် မန်ယူအသင်းနှင့် ဘိုကာဂျူနီယာအသင်းတို့ တွေ့ဆုံကစားခဲ့ပြီး မန်ယူအသင်းက ဘိုကာဂျူနီယာအသင်းကို ၂-၁ဖြင့်နိုင်ခဲ့ပြီး ဖိုင်နယ်သို့ တက်သွားခဲ့သည်။ အခြားဆီမီးဖိုင်နယ် ပွဲစဉ်ဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် အေစီမီလန်အသင်းအား ၄-၁ ဖြင့် အနိုင်ရရှိကာ ဖိုင်နယ်သို့တက်ရောက်သွားခဲ့သည်။ ဗိုလ်လုပွဲတွင် မန်ယူနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ တွေ့ဆုံခဲ့ပြီး ၀-၀ ဖြင့် သရေကျခဲ့ပြီး ပယ်နယ်တီ အဆုံးအဖြတ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ၇-၆ ဂိုးဖြင့် အနိုင်ရရှိကာ အော်ဒီဆုဖလားကို ပထမဦးဆုံး ရရှိခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဒုတိယအကြိမ် အော်ဒီဖလားပြိုင်ပွဲကျင်းပခဲ့ပြီး စပိန်ကလပ် ဘာစီလိုနာ၊ ဂျာမနီကလပ်ဘိုင်ယန်မြူးနစ် အသင်း၊ ဘရာဇီးကလပ် အင်တာနေရှင်နယ်နှင့် အေစီမီလန်အသင်းတို့ ပါဝင်ကစားခဲ့သည်။ ဆီမီးဖိုင်နယ်တွင် ဘာစီလိုနာအသင်းနှင့် ဘရာဇီးကလပ်အင်တာနေရှင်နယ်အသင်းတို့ တွေ့ဆုံခဲ့ပြီး ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ဘာစီလိုနာအသင်း အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ အခြားဆီမီးဖိုင်နယ်ပွဲစဉ်ဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းသည် ပယ်နယ်တီဖြင့်ပင် အေစီမီလန်အသင်းအား အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ သို့သော်လည်း ဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ် အသင်းအား ၂-၀ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဖြစ်သွားခဲ့ပြီး တတိယလုပွဲတွင် အင်တာနေရှင်နယ်အသင်းသည် အေစီမီလန်အသင်းအား ပယ်နယ်တီဖြင့် အနိုင်ရရှိကာ တတိယဆုရရှိသွားခဲ့သည်။

အော်ဒီဖလား၏ တတိယ အကြိမ်ပြိုင်ပွဲကို ၂၀၁၃ ခုနှစ်တွင် ကစားခဲ့ပြီး ဘိုင်ယန်မြူးနစ်၊ မန်စီးတီး၊ အေစီမီလန် အသင်းနှင့် ဘရာဇီးကလပ် ဆော်ပေါ်လို အသင်းတို့ ပါဝင်ကစားခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မန်စီးတီးအသင်းသည် အေစီမီလန် အသင်းနှင့်တွေ့ဆုံခဲ့ပြီး မန်စီးတီးအသင်းက ၅-၃ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ အခြား ဆီမီးဖိုင်နယ် ပွဲစဉ်ဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဘရာဇီးကလပ် ဆော်ပေါ်လိုအသင်းတို့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ၂-၀ ဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့သည်။ ဗိုလ်လုပွဲတွင် ဘိုင်ယန်မြူးနစ်အသင်းသည် ပရိသတ် ၆၈၀၀၀ ရှေ့တွင် မန်စီးတီးအသင်းကို ၁-၂ ဖြင့် နိုင်ရရှိကာ အော်ဒီဆုဖလားအား ဒုတိယအကြိမ်မြောက် ရရှိသွားခဲ့သည်။ တတိယလုပွဲတွင် အေစီမီလန် အသင်းသည် ဆော်ပေါ်လိုအသင်းကို ၁-၀ ဖြင့် အနိုင်ရရှိကာ တတိယဆုရရှိသွားခဲ့သည်။

## ဘိုင်ယန်

ဘိုင်ယန်မြူးနစ်အသင်းသည် အော်ဒီဖလားပြိုင်ပွဲကို အဓိက လက်ခံကျင်းပသည့် အသင်းဖြစ်ပြီး ကျင်းပသည့်အကြိမ်တိုင်းတွင် ပါဝင်ကစားခဲ့သည့်အသင်း ဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ပြိုင်ပွဲသမိုင်း တစ်လျှောက်တွင် အအောင်မြင်ဆုံးအသင်း ဖြစ်ပြီး နှစ်ကြိမ်တိုင် ချန်ပီယံဖြစ်ခဲ့သည့် အသင်းလည်း ဖြစ်သည်။ လက်ရှိပါဝင် ယှဉ်ပြိုင်ကြမည့်အသင်းများတွင် ဘိုင်ယန် မြူးနစ်အသင်းနှင့် အဓိကပြိုင်ဘက်မှာ ရီးရဲ မက်ဒရစ်အသင်းဖြစ်သော်လည်း အစဉ် အလာအရ ဘိုင်ယန်မြူးနစ်အသင်းသည် အော်ဒီဆုဖလားအား တတိယအကြိမ်မြောက် ရရှိရန် ရေပန်းစားနေသည့် အသင်းလည်း ဖြစ်သည်။

စာမျက်နှာ ၂

# ၂၀၁၅ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု

## ရရှိနိုင်သည်ဟု ခန့်မှန်းမှုများကို နေမာ ငြင်းဆို

ဘာစီလိုနာအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာက သူ့အနေဖြင့် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆု (FIFA Ballon d'Or)အား ရီးရဲမက်ဒရစ်ကစားသမား ခရစ္စတီယာနိုရော်နယ်ဒို၊ ဘာစီလိုနာအသင်းဖော် လီယွန်နယ် မက်ဆီတို့ကိုကျော်ဖြတ်ကာ ရယူနိုင်ရန် အဆင်သင့် မရှိသေးကြောင်း၊ အဆိုပါဆုအတွက် ရော်နယ်ဒို၊ မက်ဆီ တို့နှင့်အတူ ဆန်ခါတင်စာရင်း၌ ပါဝင်ခဲ့လျှင်ပင် ကျေနပ်မိမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၂၃ နှစ်အရွယ်ရှိ နေမာသည် ၂၀၁၅ ခုနှစ် အတွင်းတွင် ဘာစီလိုနာအသင်းနှင့်အတူ ချန်ပီယံလိဂ်၊ စပိန်လာလီဂါ၊ စပိန်ဘုရင့်ဖလားတို့ကို ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း ကစားခဲ့သော ချန်ပီယံလိဂ်ပွဲများတွင် ကွာတားဖိုင်နယ်မှစတင်၍ ပွဲတိုင်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရရှိနိုင်သူဟု ထင်ကြေးပေးခံနေရသူ ဖြစ်သည်။

ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆု(FIFA Ballon d'Or) အား ၂၀၀၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ မက်ဆီနှင့် ရော်နယ်ဒိုတို့ နှစ်ဦးအနက်မှသာ ရရှိခဲ့သည်။

နေမာက "၂၀၁၅ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုအတွက် နောက်ဆုံး ဆန်ခါတင်သုံးဦးစာရင်းမှာ




ကျွန်တော်ပါဝင်ခဲ့တယ်ဆိုရင်ပဲ ဒါဟာ ကျွန်တော့်အတွက် ကြီးမားတဲ့အောင်မြင်မှုဖြစ်လာမှာပါ။ မက်ဆီ၊ ရော်နယ်ဒိုတို့နဲ့အတူ ဆန်ခါတင်စာရင်းမှာ ပါဝင်နိုင်ရေးက ကျွန်တော့်ရဲ့ အိပ်မက်တစ်ခု ဖြစ်ပါတယ်"ဟု ပြောသွားသည်။

ဆက်လက်၍ နေမာက "ကျွန်တော်နဲ့ မက်ဆီကြားမှာ ယှဉ်ပြိုင်တိုက်ခိုက်မှုတွေရှိနေပြီး မက်ဆီက ကျွန်တော့်ဆီကို ဘောလုံးပေးပို့မှုတွေ မပြုလုပ်ဘူးလို့ ပြောဆိုမှုတွေရှိနေပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းကို ကျွန်တော် ရောက်ရှိလာချိန်ကတည်းက မက်ဆီဟာ ကျွန်တော့်ကိုကြိုဆိုခဲ့ပြီး ကျွန်တော့်ရဲ့ ကစားသမားဘဝသက်တမ်းအတွင်း မက်ဆီဟာ ကျွန်တော့်ကို ဘောလုံးပေးပို့မှု အများဆုံးကစားသမားဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ မက်ဆီဟာ သူငယ်ချင်းကောင်းဖြစ်သလို ကျွန်တော့်ရဲ့ စံပြကစားသမားလည်းဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

တိုက်စစ်မှူး နေမာသည် ပြီးခဲ့သည့် ၂၀၁၄-၁၅ ခုနှစ် ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းအတွက် စုစုပေါင်း ၅၁ ပွဲ ပါဝင်ကစားခဲ့ကာ ၃၉ ဂိုး သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ထက်အောင်